www.burmeseclassic.com

ဂျိဇော

BURMESE CLASSIC .com

# မီးတောက်ထက်က အချစ်



လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေခြင်း – ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ
ပထမအကြိမ်
မျက်နှာဖုံးပန်းချီ – ChitWinShein
အုပ်ရေ – ၅၀၀ အုပ်
ထုတ်ဝေသူ – ဦးအောင်ကိုဦး (ယာယီ – ၁၉၄၈)
အောင်မြင့်မြတ် စာပေ
အမှတ် (၂၄၃)၊ (၃၅) လမ်း၊ မြေညီထပ်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
အတွင်း/မျက်နှာဖုံးပုံနှိပ် – ငါတို့စာပေ ပုံနှိပ်တိုက်
အမှတ် (၇၄)၊ ကောက်သွယ်လမ်း။
သုဝဏ္ဏမြို့နယ်၊ ရန်ကုန်။
တန်ဖိုး – ၁၅၀၀ ကျပ်

၈၉၅ . ၈၃
လူညီချော
မီးတောက်ထဲက အချစ်များ /လူညီချော။– ရန်ကုန်။
အောင်မြင့်မြတ်စာပေ၊ ၂၀၁၄။
[illegible] စင်တီ၊
[illegible]

# အခန်း (၁)

ထမင်းဝိုင်းမှာ ထိုင်လိုက်သည်ဆိုလျှင်ပဲ ညိုပြာ့ နှာခေါင်းက ရှုံ့မဲ့သွားရတော့သည်။

"ဟင် … ဘဲဥဟင်းကြီးလား အမေရဲ့"

"အောင်မာ … ဘဲဥဟင်း စားရတာကိုပဲ ကံကောင်းတယ်လို့ မှတ်၊ ငါ့သဘောအရဆိုရင် ဘဲဥဟင်းတောင် ကျွေးချင်တာမဟုတ်ဘူး၊ ကန်စွန်းရွက်ကြော်နဲ့ပဲ ကျွေးချင်တာ သိလား …"

ပြောပြီး ဒေါ်သရဖီ အကြည့်က ညိုမင်းမောင်နှင့် ဦးမင်းညီထံ ရောက်သွားသည်။

ဦးမင်းညီက ဘာမှမပြော။ သက်ပြင်းတစ်ချက်ကိုသာ [illegible] လိုက်ရင်း ထမင်းကိုစစားသည်။ ညိုမင်းမောင်ကလည်း ဆိုးသည် [illegible]ကောင်းသည် ဘာမှမပြော။

"အမေကလည်း အဖေရော၊ အစ်ကိုကြီးရော [illegible] ရသမျှ ပိုက်ဆံ

www.burmeseclassic.com



အချောတို့ အပ်နေတာပဲဟာ၊ တစ်ခါတလေ အသားဟင်းလေး ဘာလေး ချက်ပါဦးလား”

ဒေါ်သရဖီက ငါးပိရည်ပန်းကန်ဆီ လက်လှမ်းမယ်လုပ်ပြီးမှ လှမ်းနေတဲ့လက်ကို နောက်ပြန်ရုတ်ကာ စားပွဲပေါ်မှာ တင်ထားလိုက်ပြီး ညိုပြာ့ကို ဘုကြည့်ကြည့်လိုက်ရင်း …

“အကုန်အပ်တယ် … ဟုတ်လား၊ ဟားတိုက်ပြီးတော့ ရယ်လိုက်ချင်သေးတယ်၊ နင့်အစ်ကိုရဲ့ မီးဖိုချောင်အကူလစာက ဘယ်လောက်များ ရတာမို့လို့လဲ၊ ပြီးတော့ နင့်အဖေ တက္ကစီ မောင်းလို့ရတဲ့ ပိုက်ဆံကလည်း သူ့အကြွေး သူတောင် မကြေသေးဘူး၊ တလောက အက်ဆီးဒင့်ဖြစ်လို့ အခုနေနေတဲ့ အိမ်နဲ့ ဝိုင်းလေးတောင် ပေါင်ထားတာ ရွေးနိုင်သေးလို့လား … ပြောစမ်းပါဦး၊ ငါ့မှာ တစ်လတစ်လ ရေဖိုး၊ မီးဖိုး၊ စားစရိတ်နဲ့ လည်ပတ်အောင် မနည်းကုလားဖန်ထိုးနေရတာ၊ ပြီးတော့ အိမ်ပြန်ရွေးဖို့ကိုလည်း ဖဲ့ဖဲ့ပြီး စုနေရတာ နင်အသိ၊ စားနိုင်တဲ့သူ စား၊ မစားနိုင်တဲ့သူ အငတ်နေ၊ ဒါပဲ …”

ညိုပြာက ပွစိပွစိ အသံတိတ် ရေရွတ်ကာ ဘဲဥတစ်ခြမ်းကို ဦးမင်းညီ၏ ပန်းကန်ထဲ ခပ်ထည့်ပေးလိုက်သည်။ ဒါကိုကြည့်ရင်း ဦးမင်းညီက …

“အိမ်ရွေးဖို့ စုတာလည်း စုပေါ့ကွာ၊ တစ်ခါတလေလည်း သမီးတို့သားတို့ကို ဟင်းကောင်းကောင်းလေး ချက်ကျွေးလိုက်ပါ၊ ပိုက်ဆံကို ငါရှာပါ့မယ်”





“ငါရှာပါ့မယ် … ဟုတ်လား၊ ပြောပြန်ပြီလား ငါရှာပါ့မယ်၊ အဲဒီ ငါရှာပါ့မယ်ကို ပြောပြောနေတာ ခတ်ပြားတောင် ထစ်နေပြီရှင့်၊ ထမင်းစားတာပဲ၊ ဟင်းစားတာမှ မဟုတ်တာ၊ ဗိုက်ဝရင်တော်ရောပေါ့၊ ပြီးတော့ ကျွန်မက ရှင်တို့ကို နေ့တိုင်း ဘဲဥချည်းကျွေးနေလို့လား၊ တစ်ပတ်မှာ နှစ်ခါလောက်တော့ အသားဟင်းပါပါတယ်တော်၊ နေ့တိုင်း အသားဟင်း စားချင်ရင်တော့ ကျွန်မရှင့်ကိုကွာပြီး သူဌေးတစ်ယောက်ယောက်ကို ရှာယူမှပဲ ရမယ်”

ဒေါ်သရဖီ့ စကားအဆုံး ညိုပြာက အသံထွက်ဒအောင်ပင် သဘောအတကျ ရယ်လိုက်ရင်း …

“ခွီး … ဘယ်သူဌေးက အမေ့ကို ကြိုက်မှာလဲလို့၊ နော့ … အစ်ကိုကြီးရာ”

ဆိုတော့ ညိုမင်းမောင်က အသာကျိတ်ပြုံးလိုက်သည်။ ဒေါ်သရဖီကတော့ ညိုပြာ့ကို မျက်လုံးပြူးကြည့်လိုက်ရင်းက …

“အငယ်မ … မအေကို လှောင်စရာလား၊ ငါ ပန်းကန်နဲ့ ကောက်ထုလိုက်မယ်”

ဒါက သူတို့မိသားစု ထမင်းဝိုင်း၏ ထုံးစံပင် ဖြစ်ပါသည်။ မိသားစု လေးယောက် စုံပြီဆိုတာနှင့် စကားကို အမေက ဦးဆောင်ပြောကာ အဲဒီအမေနှင့် သံပြိုင် ယှဉ်ပြောနိုင်သူက သမီးဖြစ်သူ ညိုပြာ တစ်ယောက်ပါပဲ။

ဖခင်ဖြစ်သည့် ဦးမင်းညီကတော့ တစ်ချက် တစ်ချက်မှသာ ဒေါ်သရဖီ့ကို ဝင်ဝင်ပြောတာဖြစ်သော်လည်း သားဖြစ်သည့် ညိုမင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်ကတော့ နားထောင်သမားသက်သက်ရယ်ပါ။ ရယ်စရာတွေ့လျှင် ရယ်လိုက်မည်၊ ညီမလေးပြောတာ လွန်လာရင် ဝင်ထိန်းမည်။ ဒီလောက်ပါပဲ။

သူတို့မိသားစုက အရင်ကတော့ ချောင်ချောင်လည်လည် ပါပဲ။

ဒါပေမယ့် တက္ကစီအငှားမောင်းသည့် ဦးမင်းညီက အက်ဆီးဒင့် တစ်ခုကြောင့် သိန်းငါးဆယ် လျော်ခဲ့ရရာ အိမ်နှင့် ခြံလေးကို အပေါင် ထားခဲ့ရာက စပြီး မိသားစုက အနည်းငယ် ကျပ်တည်းလာခဲ့တာ ဖြစ်သည်။

ညီမင်းမောင်ကတော့ စားသောက်ဆိုင် တစ်ခုမှာ လက်ထောက်စားဖိုမှူးဖြစ်ပြီး ၁၃ ရသည့် လစာကလည်း ဘာမှမပြောသာလောက်။ ပြီးတော့ ညိုပြာက ဆယ်တန်းအောင်ပြီး ဒီနှစ်မှာ ဘွဲ့ရထားတာဖြစ်သော်လည်း အလုပ်မရသေး။

ဒီတော့ အိမ်တာဝန်ကို ဘာမှမယူနိုင်သေးရာ ညီမင်းမောင်နှင့် ဦးမင်းညီတို့ ရှာတဲ့ ပိုက်ဆံနှင့်ပဲ ဒေါ်သရဖီက မိသားစု ကို စီမံခန့်ခွဲနေရတာ ဖြစ်သည်။

ရန်ကုန်မြို့မှာ နေရသည့်ဒုက္ခကလည်း မသေးပါ။ တစ်လ တစ်လ ရေဖိုး၊ မီးဖိုး၊ စားစရိတ်အပြင် အိမ်ကို ပြန်ရွေးနိုင်ဖို့ကိုပါ အများကြီး မဟုတ်တောင် တစ်လ တစ်လ စုဖြစ်တယ်ဖြစ်အောင် စုနေရသေးလေတော့ ဒေါ်သရဖီမှာလည်း ခေါင်းခဲရသည်သာ။

အဲဒီလို ခေါင်းခဲတော့ နှုတ်ကပါ အလိုလိုကြမ်းလာရတော့





တာ ဖြစ်သည်။ ဒါကိုလည်း တစ်မိသားစုလုံး အသိ။ အားလုံးလည်း နား လည်ကြပါသည်။

ဒါပေမယ့် မိသားစု ဆိုတော့လည်း တစ်ခါတလေတော့ အနည်းအကျဉ်း စကားများတာမျိုးက ထုံးစံပဲ မဟုတ်ပါလား။

♥ ♥ ♥

www.burmeseclassic.com

Breakfast ဝိုင်းကို သူမရောက်တော့ ဖေဖေက ကြိုရောက်နေပြီ။

"မောနင်း သမီး၊ ဝတ်စုံပြည့်ပါလား၊ ဒီနေ့ ရုံးချိန်းရှိတယ် ထင်တယ်"

"ဟုတ်တယ် ဖေဖေ၊ ဒီနေ့ သမီး လိုက်နေတဲ့ အမှု တရားရင်ဆိုင်ရမယ်"

ဖေဖေက သူမရှေ့က ကော်ဖီပန်းကန်ထဲမှာ ခရားထဲက ကော်ဖီကို ငှဲ့ထည့်ပေးရင်းက ...

"ကားတိုက်မှု ဆိုတာလား ..."

ဟု ဆိုသည်။ သူမက ဖေဖေ ထည့်ပေးသည့် ကော်ဖီခွက်ကို သူမရှေ့ ဆွဲယူ၊ ကိတ်မုန့်တစ်ချပ်ကိုလည်း ယိုသုတ်နေရင်းမှ ...

"ဟုတ်တယ် ဖေဖေ၊ တကယ်တမ်းက မတော်တဆ ကားနဲ့တိုက်မိတာမဟုတ်ဘူး၊ အကြံအစည်ရှိရှိကို တိုက်ခဲ့တာ ..."

"ဩော် ... ရက်စက်လိုက်တာ၊ ဘယ်လိုစိတ်မျိုးနဲ့များ လုပ်တယ် မသိဘူး"





"အချစ်ကြောင့်ပေါ့ ဖေဖေရယ်၊ တရားခံ ကောင်လေးက အသက်နှစ်ဆယ့်တစ်နှစ်ပဲ ရှိသေးတာ၊ သူနဲ့ ကြိုက်နေတဲ့ ချစ်သူ ကောင်မလေးက နောက်တစ်ယောက် ထပ်ထားလို့ဆိုပြီး ကားနဲ့ လိုက်တိုက်ပစ်တာ"

"ကျွတ် ... ကျွတ် ... မိုက်ရူးရဲ ဆန်လိုက်တာကွယ်၊ အချစ်အတွက်နဲ့များ တစ်ဖက်လူလည်း သေ၊ ကိုယ်လည်း ထောင်ကျ၊ နှစ်ဦးနှစ်ဖက် ကောင်းကျိုးမရှိဘဲနဲ့ ..."

ငွေနှင်းမှုန်က ယိုသုတ်ထားသည့် ပေါင်မုန့်ကို တစ်ကိုက်ကိုက်ကာ ကော်ဖီနှင့် မျှောချလိုက်သည်။ သူမက နံနက်စာကို ဒီလိုပဲ ပေါင်မုန့်နှင့် ကော်ဖီကိုသာ စွဲစွဲမြဲမြဲ သောက်တာဖြစ်သည်။ အသုပ်တွေဘာတွေ မစားတတ်။ ကြိုက်လည်း မကြိုက်ပါ။

ဖေဖေကတော့ သူမနှင့် ဆန့်ကျင်စွာပင် အသုပ်တို့ ၊ မုန့်ဟင်းခါးတို့ကို တအားကြိုက်တာဖြစ်ပါသည်။ သူမက လက်မှနာရီကို တစ်ချက်ကြည့်လိုက်မိစဉ်မှာပင် မီးဖိုခန်းထဲမှ ထွက်လာသည့် အိမ်အကူ အဒေါ်ကြီး ဒေါ်စီစီတင့်ကို ...

"ဒေါ်လေးစီ ... ငွေနှင်း ဒီည ညစာ အပြင်က စားလာမှာနော်၊ ငွေနှင်းအတွက် ထည့်ချက်မထားနဲ့၊ ဖေဖေ့အတွက်ပဲ ချက်ထားပေး"

"ဩော် ... အေးအေး ... သမီး"

သူမမှာက အမ မရှိတော့ချေ။ သူမ ဆယ်တန်းအောင်သည့်နှစ်မှာပင် ဆုံးသွားခဲ့တာဖြစ်ပြီး အဖေတစ်ခု သမီးတစ်ခုဘဝမှာ ဖေဖေသည်လည်း ဖေဖေ၊ မေမေသည်လည်း ဖေဖေသာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကလည်း သူမအတွက် ဖခင်တစ်ယောက်၏ တာဝန်ကို ကျေပွန်ပေးခဲ့သလို မိခင်တစ်ယောက်၏ တာဝန်ကိုလည်း မလစ်ဟင်းစေခဲ့ရချေ။

ထို့အတွက် ဖေဖေသာလျှင် သူမ၏ ကမ္ဘာကြီး ဖြစ်ပါသည်။

"သမီးက ညစာကို အပြင်မှာ စားမလို့လား"

"ဟုတ်တယ် ဖေဖေ၊ ဒီည အသိရှေ့နေ တစ်ယောက်က ဒင်နာ ဖိတ်ကျွေးလို့ သွားစားပေးရမယ်၊ ဒီညတော့ ဖေဖေ တစ်ယောက်တည်းပဲ ထမင်းစားလိုက်တော့နော်"

ဖေဖေက ပြုံးကာ ခေါင်းညိတ်ပြသည်။ သူမက ရှေ့နေတစ်ယောက်မို့ တစ်နေကုန် ပြေးလွှားနေရတာ ဖြစ်သလို ဖေဖေကလည်း သူ့အလုပ်နှင့်သူ တစ်နေကုန် အပြင်ထွက်နေရသည်ဖြစ်ရာ သူမနှင့် ဖေဖေ၏ တွေ့ဆုံချိန်က မနက်စာ စားချိန်နှင့် ညစာ စားချိန်သာဖြစ်သည်။ ထို့အတွက် သူမရော ဖေဖေရောက ထိုအချိန်လေး နှစ်ခုကိုတော့ တန်ဖိုးထားကာ အတူတူဖြတ်သန်းလေ့ရှိတာ ဖြစ်ပါသည်။

"အင်း ... ငါ့သမီး ကြည့်ရတာလည်း ပင်ပန်းလိုက်တာ၊ ဟိုပြေးလိုက်၊ ဒီပြေးလိုက် လုပ်နေရတဲ့ ဒီရှေ့နေအလုပ်ကို ဘာလို့များ လုပ်ချင်ရတယ် မသိဘူး"

"ဒါတော့ ဝါသနာကိုး ဖေဖေရဲ့၊ ပြီးတော့ သမီးက မတရား ခံရတဲ့ သူတွေဘက်က အမှန်တရားတစ်ခုကို ယူပေးချင်တာပါ"

"သူများအတွက် အမှန်တရားကိုချည်းပဲ ရှာမနေနဲ့ဦး၊ ကိုယ့်ကိုယ်ကိုယ်လည်း အမှန်တရား တွေ့အောင်ရှာဦး"

ဖေဖေ့ စကားကြောင့် သူမက မျက်မှောင်ကုတ်လိုက်မိသည်။





"ရှင် ... သမီးက ဘာကိုရှာရမှာလဲ"

"သမီး အရွယ်ရောက်နေပြီလေ၊ သမီး အသက် အခုဘယ်လောက်လဲ"

"နှစ်ဆယ့်ငါးနှစ်လေ၊ ဘာလို့လဲ"

"ဘာလို့ရမှာလဲ၊ နှစ်ဆယ့်ငါးနှစ်အရွယ် မိန်းကလေးတစ်ယောက်မှာ အခုထိ ချစ်သူရည်းစား မရှိသေးတာကို ပြောတာ၊ ကိုယ့်အတွက် ကိုယ်ရှာဦး"

ဖေဖေ့ စကားကြောင့် သူမက သောက်မယ့် ကော်ဖီခွက်ကို ပင် အောက်ပြန်ချထားလိုက်ရသည်။ သာမန် ဖခင်တစ်ဦးဆိုလျှင်တော့ သမီးဖြစ်သူကို ချစ်သူရည်းစားထားဖို့ အခုလို တိုက်တွန်းမှာ မဟုတ်ချေ။ ရှိလာလျှင်တောင် ဘယ်ကလဲ၊ ဘာလုပ်လဲ၊ လူကောင်းလား၊ လူဆိုးလား၊ စသဖြင့် စုံစမ်းကာ တားမြစ်တာတွေ ဘာတွေ လုပ်မှာဖြစ်သော်လည်း သူမ ဖခင်ကတော့ ဒီလိုမဟုတ်ချေ။

နှစ်ဦးတည်းရှိသည့် ဘဝမှာ တစ်ယောက် နှင့် တစ်ယောက် ဘာကိုမဆို ပွင့်ပွင့်လင်းလင်းပြောကာ သူငယ်ချင်းပေါင်း ပေါင်းကြတာဆိုတော့ ဒီလိုစကားမျိုးထွက်လာတာဖြစ်သည်။ ပြီးတော့ သူမကို ဖေဖေက ယုံကြည်တာလည်း ပါပါသည်။

"အာ ... ဖေဖေကလဲ၊ ဘာပါလိမ့်လို့"

"ဘာပါလိမ့်လို့ မလုပ်နဲ့၊ အခုထိ ချစ်ရမယ့်သူ မတွေ့သေးဘူးလား ရှာတော့လေ"

ဖေဖေ့စကားကြောင့် ဆယ်တန်းတုန်းက ရင်ခုန်ခဲ့ရသည့် တစ်စုံတစ်ယောက်၏ မျက်နှာကို ဖျတ်ခနဲ ပြေးကာ မြင်ယောင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ ဆယ်တန်းတုန်းက ရင်ခုန်ခဲ့ရတာဆိုတော့ အခု ရင်မခုန်တော့ဘူးလားဟု မေးစရာရှိပါသည်။

မဟုတ်ပေ … သူ့အကြောင်းကို အခုတွေး အခုရင်ခုန်ဆဲပင် ဖြစ်ပါသည်။ သို့သော်လည်း တိတ်တဆိတ် ရင်ခုန်သံက အပြင်မှာ ဖူးပွင့်ခွင့် မရခဲ့ပါ။

အခုဆို သူနှင့်မတွေ့ရတာတောင် နှစ်တွေအတော်ကြာခဲ့ပြီ မဟုတ်ပါလား။ သူက အခုဆိုလျှင် အိမ်ထောင်တွေ ဘာတွေတောင် ကျချင်ကျနေရောမည်။ ကိုယ့်မှာတော့ အခုထိ သူ့အကြောင်းတွေးတိုင်း တအုံနွေးနွေး။

အဟင်း … ရယ်စရာတော့ အကောင်းသား။

**“မတွေ့သေးပါဘူး ဖေဖေရယ်၊ ပြီးတော့ အချစ်ဆိုတာက ရှာရတာ မဟုတ်ဘူး၊ သူ့ဘာသာ ရင်ထဲကို ရောက်လာတာ၊ ဖေဖေက** အသက်ကြီးပါပြီ ဖေဖေရယ်၊ ဒါတွေ ဘယ်သိပါတော့မလဲ …”

“အောင်မာ … အဖေ့ကိုများ အထင်သေးလို့၊ ဒီက မလုပ်ချင်လို့ ပါနော်၊ လုပ်ရှားရင် တစ်ပုံကြီးရသေးတယ်၊ သတ္တိရှိရင် ပြိုင်မလား၊ ဘယ်သူ အတွဲ အရင်ရမလဲလို့ …”

“ဖေဖေ့စကားကြောင့် သူမက သဘောတကျ ရယ်လိုက်ရင်းကနေ …

“တော်ပါပြီ ဖေဖေရယ်၊ မပြိုင်တော့ပါဘူး၊ သမီးကပဲ အရှုံးပေးပါတယ်၊ ဟုတ်ပြီလား၊ ကဲ … သမီး သွားတော့မယ်၊ သက်သေ တချို့နဲ့ စကားပြောစရာရှိသေးတယ်၊ နောက်ကျနေမှာစိုးလို့ …”

“အိုခေ … ကားကိုလည်း ဂရုစိုက်မောင်းဦး”





သူမက ဖေဖေ့ကိုပြုံးကာ ခေါင်းညိတ်ပြလိုက်ပြီးနောက် ဘေးနားက ခုံပေါ်မှာတင်ထားသည့် ဖိုင်ကို ကောက်ယူကာ ထွက်လာခဲ့ လိုက်တော့သည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

ညနေအိမ်ရှေ့က ကွပ်ပျစ်ပေါ်မှာ လူစုံချိန်မှာတော့ ညိုပြာက အားလုံး၏ အရိပ်အကဲကိုကြည့်ကာ စကားစလိုက်လေသည်။

"ဖေဖေ … မေမေနဲ့ အစ်ကိုကြီးကို သမီး ပြောစရာရှိတယ်"

ညိုပြာ့ စကားအဆုံး ဒေါ်သရဖီက လက်ဖက်သုပ်တစ်ဇွန်းကို ကော်စားလိုက်ရင်းမှ …

"ထူးထူးဆန်းဆန်း စကားနိဒါန်းတွေ ဘာတွေ ပျိုးလို့ပါလား၊ ပြောစမ်းပါဦး၊ ဘာပြောမလို့လဲ"

အားလုံး၏ အကြည့်တွေက ညိုပြာ့ဆီမှာ၊ ညိုပြာက အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးနောက် အသက်ကို ဝဝလင်လင် တစ်ချက်ရှူလိုက်ကာ …

"ဟို … သမီး ရုပ်ရှင်မင်းသမီး လုပ်ချင်လို့"

"ဘယ်လို … ရုပ်ရှင်မင်းသမီး လုပ်မယ်"

ဦးမင်းညီက တအံ့တသြ ရေရွတ်၏။ ညိုမင်းမောင်ကတော့ ညီမဖြစ်သူကို အကဲခတ်ကာသာ ကြည့်နေသည်။

"ဟုတ် … ဖေဖေ"





ဒေါ်သရဖီက ဘာအရူးထပြန်ပြီလဲဆိုသည့် အကြည့်မျိုးနှင့် ကြည့်လိုက်ကာ …

"ရုပ်ရှင်မင်းသမီးလုပ်ဖို့ဆိုတာ လွယ်တာမှတ်လို့၊ နင့်ကို ဘယ်သူက ခေါ်ရိုက်မှာတုန်း"

"ရှိတယ် မေမေရဲ့၊ ဟိုလေ … ရုပ်ရှင်ကုမ္ပဏီတစ်ခုက မင်းသမီးအသစ် ခေါ်နေတာ၊ အဲဒါ သမီး ဝင်လျှောက်ပြီး ဖေဖေတို့ မေမေတို့၊ အစ်ကိုကြီးတို့ မသိအောင် ဝင်ပြိုင်နေတာ၊ အခု နောက်ဆုံးစကာတင်အဆင့်ကို ရောက်နေပြီ၊ အဲဒီအဆင့်မှာသာ အရွေးခံရရင် သမီး မင်းသမီးဖြစ်ပြီ မေမေရဲ့"

ညိုပြာ့ စကားအဆုံး ဒေါ်သရဖီနှင့် ဦးမင်းညီက တစ်ဦးကို တစ်ဦး ကြည့်လိုက်မိကြသည်။ ဒီအချိန်မှာပဲ တစ်ချိန်လုံး ငြိမ်နေသည့် ညိုမင်းမောင်ဆီက စကားသံ ထွက်လာသည်။

"ညီမလေး နင် တကယ်ပြောနေတာလား"

"ဟုတ် … တကယ် အစ်ကိုကြီး"

"အာ … ရှုပ်ရှုပ်ယှက်ယှက် ညီမလေးရယ်၊ အစ်ကိုကြီးတို့ကို မတိုင်ပင်ဘဲ ဘာတွေ လျှောက်လုပ်နေတာလဲ"

"ဟို … ပြောလိုက်ရင် တားမှာစိုးလို့ပါ၊ အဲဒါကြောင့် အခြေအနေတစ်ခုအထိ ရောက်မှ အသိပေးမယ်ဆိုပြီးတော့ ညီမလေးက ဝင်ပြိုင်လိုက်တာပါ၊ အခု နောက်ဆုံးအဆင့်ကို ရောက်နေပြီ"

"အာ … တော်ပြီ … တော်ပြီ၊ ဆက်မပြိုင်နဲ့တော့၊ အစ်ကိုကြီး ကြားဖူးတယ်၊ ရုပ်ရှင်လောကက တအားရှုပ်တာတဲ့ ပြီးတော့ နောက်ခံ ဘက်ဂရောင်းကလည်း လိုသေးတယ်တဲ့၊ မလုပ်ချင်ပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးရာ၊ တခြားအလုပ်တစ်ခုကို လုပ်စမ်းပါ၊ အစ်ကိုကြီးတော့ ခွင့်မပြုဘူး”

ညိုမင်းမောင် စကားကြောင့် ညိုပြာ့မျက်နှာက အိုစာသွားသည်။ အစ်ကိုဖြစ်သူကတော့ ခွင့်မပြုတော့ ဖခင်ဖြစ်သူဘက်ကို အကူအညီတောင်းသလိုဖြင့် ကြည့်လိုက်ရင်း ...

“အာ ... ဖေဖေ”

“သမီးက ဒီအလုပ်ကို တကယ် ဝါသနာပါလို့လား”

ညိုမင်းမောင်က ထိုင်ရာမှထကာ အိမ်ထဲဝင်သွားသည်။ ညိုပြာက ဖခင်ဖြစ်သူ ဦးမင်းညီကို မျက်နှာငယ်လေးနှင့် ခေါင်းညိတ်ပြလိုက်ရင်းမှ ...

“ဟုတ် ... သမီး လုပ်ချင်တယ်”

“သမီး ဝါသနာပါလို့ လုပ်ကြည့်ချင်တယ်ဆိုရင်လည်း ဖေဖေ မတားပါဘူး၊ ဒါပေမယ့် သမီး မေမေကို ပြောကြည့်ဦး”

ညိုပြာ့ အကြည့်က မိခင်ဖြစ်သူဆီ ရောက်သွားပြန်ကာ မျက်နှာငယ်လေးနှင့် ဆိုမိပြန်သည်။

“မေမေ ...”

ဒေါ်သရဖီက ခေါင်းတစ်ချက် ညိတ်လိုက်ရင်းက ...

“သမီး ဝါသနာပါရင် မေမေလည်း မတားပါဘူး၊ သာမန် လခစား အလုပ်လေး လုပ်နေမယ့်အစား ရုပ်ရှင်မင်းသမီးဖြစ်လို့ အောင်မြင်သွားရင် သမီးဘဝလည်း အဆင့်အတန်းမြင့်သွားတာပေါ့”

“ဟုတ် ... သမီးက ဖေဖေနဲ့ မေမေ့ကိုလည်း ဆင်းဆင်းရဲရဲ နေရ





တဲ့ဘဝကနေ ချမ်းချမ်းသာသာ ထားချင်လို့ပါ၊ သမီးသာ အောင်မြင်သွားရင် ဒီအိမ် ပြန်ရွေးဖို့ဆိုတာက ဘာမှ ပြောလောက်တဲ့ကိစ္စ မဟုတ်တော့ဘူး၊ ပြီးတော့ ဒီထက် ကောင်းတဲ့ နေရာမှာလည်း နေနိုင်မှာ၊ သမီးက ဖေဖေတို့ကို ဒီထက်ကောင်းမွန်ပြည့်စုံတဲ့ ဘဝမှာ ထားချင်လို့ပါ၊ သာမန် လခစားဘဝနဲ့ဆိုရင်တော့ သမီးအိပ်မက်က ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူးလေ၊ ဒီဘဝကနေလည်း ရုန်းထွက်နိုင်မှာ မဟုတ်ဘူး”

“ဒါပေမယ့် သမီးအစ်ကိုကြီးကတော့ ခွင့်မပြုချင်တဲ့ပုံပဲ၊ ဖေဖေနဲ့ မေမေကတော့ ခွင့်ပြုတယ်၊ သမီးအစ်ကိုကြီးကိုသာ သမီး ရအောင်ပြော”

“ဟုတ် ...”

မိဘတွေက ခွင့်ပြုသဖြင့် ညိုပြာက ပျော်သွားပြီး ကွပ်ပျစ်ပေါ်ကနေ ခပ်မြူးမြူး ဆင်းလိုက်ကာ အိမ်ထဲဘက်ကို ဝင်လာခဲ့လိုက်သည်။ သူမခြေလှမ်းတွေက အစ်ကိုဖြစ်သူ၏ အခန်းဆီကို။ အခန်းထဲရောက်တော့ အစ်ကိုဖြစ်သူကို ခုတင်ပေါ်မှာ တင်ပါးလွှဲထိုင်ရင်း ဖုန်းကလိနေတာကို တွေ့ရသည်။

“ကိုကြီး ...

ဆိုတော့ ညိုမင်းမောင်က ညိုပြာ့ကို တစ်ချက်သာ မော့ကြည့်ပြီး အကြည့်က ဖုန်းဆီပြန်ရောက်သွားသည်။ ညိုပြာက ရှေ့ဆက်တိုးလာလိုက်ကာ အစ်ကိုဖြစ်သူ၏ ရှေ့က ကြမ်းပြင်မှာ ထိုင်ချလိုက်ပြီး အစ်ကိုဖြစ်သူ၏ ခြေထောက်နှစ်ချောင်းကို သိမ်းကြုံးဖက်ကာ ဒူးခေါင်းနှစ်လုံးပေါ် မေးတင်ထားလိုက်ရင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ..."

ဟု စူနဲ့နဲ့ ထပ်ခေါ်လိုက်တော့မှ ညိုမင်းမောင်က ထူးသည်။

"ဘာလဲ ... ပြော"

"ခွင့်ပြုပေးပါ အစ်ကိုကြီးရယ်၊ ညီမလေး ရုပ်ရှင်မင်းသမီး လုပ်ချင်တယ်"

ညိုမင်းမောင်က ညိုပြာ့ကို မကြည့်။ သူ့အကြည့်က ဖုန်းဆီမှာ။

"ညီမလေးက ဘွဲ့ရတဲ့ အရွယ်အထိ အိမ်မှာ မီးခိုတစ်ယောက်လိုပဲ နေခဲ့ရတာ၊ ညီမလေးလည်း ဖေဖေတို့ မေမေတို့ကို တစ်လှည့် လုပ်ကျွေးချင်တာပေါ့၊ အစ်ကိုကြီး ပြောသလို သာမန် လခစား အလုပ်လေးနဲ့ဆိုရင် ဘယ်လိုလုပ် အဆင်ပြေမှာလဲ၊ ဒုံရင်းက ဒုံရင်းပဲ နေမှာပေါ့၊ ပြီးတော့ ဒီအိမ်ကြီးကိုလည်း ညီမလေး ရွေးပေးချင်တယ်၊ ဒီထက်ကောင်းမွန်တဲ့ နေရာမှာလည်း ဖေဖေတို့ကို ထားချင်တယ်၊ သာမန် လခစားဘဝနဲ့ အဲဒီလို ဘယ်လိုလုပ် ဖြစ်လာနိုင်မှာလဲ၊ ညီမလေးသာ မင်းသမီးဖြစ်သွားရင် ဒါတွေအားလုံးက အေးအေးဆေးဆေးပဲ၊ အဲဒါကြောင့် ညီမလေးကို ခွင့်ပြုပေးပါ ကိုကြီးရယ် ... နော် ... နော်လို့ ..."

ဒီတော့မှ ညိုမင်းမောင်က လက်ထဲက ဖုန်းကို ချလိုက်ကာ သူ့ဒူးပေါ်မှာ မေးတင်ထားသည့် ညီမဖြစ်သူ ညိုပြာ့ကို ငုံ့မိုးကြည့်လိုက်သည်။

"ညီမလေးက ဒီအလုပ်ကို တကယ်လုပ်ချင်လို့လား၊ ဝါသနာရောပါလို့လား ..."





ညိုပြာက ညိုမင်းမောင် ဒူးပေါ် မေးတင်ထားလျက်မှပင် ခေါင်းကို ဆက်ကာဆက်ကာ ညိတ်ပြလိုက်သည်။

"အဲဒီအလုပ်က အရမ်း ရှုပ်ထွေးတဲ့အလုပ်နော်၊ ပြီးတော့ နောက်ခံ ဘက်ဂရောင်းလည်း လိုသေးတယ် ကြားဖူးတယ်"

ညိုပြာက မျက်နှာငယ်လေး လုပ်ထားရင်းမှ ...

"မရှုပ်ပါဘူး အစ်ကိုကြီးရယ်၊ ရှုပ်အောင်နေတဲ့သူတွေပဲ ရှုပ်တာပါ၊ ပြီးတော့ အခုဟာက သူတို့က ပြိုင်ပွဲလုပ်ပြီးတော့ မင်းသမီးအသစ်ခေါ်တာလေ၊ ဘာနောက်ခံမှ မလိုဘူး၊ အစစအရာရာ သူတို့က ပံ့ပိုးပေးမှာ၊ ညီမလေးမှာ သရုပ်ဆောင်နိုင်တဲ့ အစွမ်းအစရှိဖို့ပဲ လိုတာပါ၊ ခွင့်ပြုပေးပါ အစ်ကိုကြီးရယ် ... နော် ... နော်လို့ ... နော်"

ညိုမင်းမောင်က သက်ပြင်းချသည်။ ညိုပြာက သနားကြည့်လေးနှင့် အစ်ကိုဖြစ်သူဆီက စကားကို စောင့်စားနေ၏။

"ညီမလေးကို အဲဒီလောကထဲမှာ ရှုပ်ရှုပ်ယှက်ယှက်တွေ ဖြစ်သွားမှာကို ကိုကြီး စိတ်မချဘူးကွာ"

"ဘာမှမဖြစ်စေရပါဘူး အစ်ကိုကြီးရဲ့၊ ညီမလေး ထိန်းထိန်းသိမ်းသိမ်း နေမှာပါ၊ ပြီးတော့ ညီမလေး အောင်မြင်အောင်လည်း ကြိုးစားမှာပါ၊ နော် ... ကိုကြီး ... နော်"

"ဒါဆို အစ်ကိုကြီးကို ကတိတစ်ခုတော့ ပေးရမယ်"

"အင်း ... ပေးမယ်၊ ပြော ..."

"ညီမလေး ဘာပဲဆုံးဖြတ်စရာရှိရှိ ကိုကြီးတို့ကို ပြောရမယ်၊ ဒီလောကထဲမှာ ဘယ်လိုအခက်အခဲ၊ ဘယ်လို အနှောင့်အယှက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး တစ်ယောက်တည်း ကြိတ်မခံစားရဘူး၊ ကြိတ်မလုပ်ရဘူး၊ တိုင်ပင်ရမယ်၊ ဘယ်လိုလဲ ... ပေးလား"

"ပေးတယ် ... ပေးတယ်၊ ဒါဆို ကိုကြီး ခွင့်ပြုတယ်ပေါ့နော်၊ ဝါး ... ပျော်လိုက်တာ"

ညိုပြာက ညိုမင်းမောင့်ဒူးပေါ်မှာ မေးတင်ထားရင်းမှ ခေါင်းကို ဘယ်ညာယိမ်းကာအော်သည်။

ညိုမင်းမောင်က ညီမဖြစ်သူ၏ ခေါင်း လေးကို ချစ်စနိုးဖြင့် ခပ်ဖွဖွ ပုတ်လိုက်ရင်းမှ ...

"အစ်ကိုကြီးက ညီမလေးကို အဲဒီလောကရဲ့ ဒဏ်တွေကို မခံနိုင်မှာ စိုးလို့ပါကွယ်၊ ညီမလေးသာ တစ်ခုခုဖြစ်သွားရင် အစ်ကိုကြီး ရင်ကျိုးရမှာ သိလား၊ ပြောစမ်းပါဦး ... ညီမလေးက အစ်ကိုကြီး ရဲ့ ဘာလဲ ..."

ဆိုတော့ ညိုပြာက ပြုံးလိုက်ရင်းမှ ...

"ညီမလေးက အစ်ကိုကြီးရဲ့ အသည်းနှလုံး"

"ပြီးတော့ရော ..."

"ညီမလေးက ဖေဖေရဲ့ အသည်းနှလုံး ..."

"နောက်ပြီးတော့ရော ..."

"ညီမလေးက မေမေရဲ့ အသည်းနှလုံး ..."

"ညီမလေးသာ တစ်ခုခုဖြစ်သွားရင် အစ်ကိုကြီးတို့တွေ ဘာဖြစ်သွားမယ် ထင်လဲ"

"အသည်းတွေ ကွဲကြေပြီး သေသွားမှာပေါ့"

"အဲဒါကိုသိရင် ဘယ်လိုနေရမလဲ"





"ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ရမယ်၊ အဟင်း ... စိတ်ချပါ အစ်ကိုကြီးရဲ့၊ ညီမလေးလည်း မငယ်တော့ပါဘူး"

"မငယ်တော့လို့ စိတ်မချတာပေါ့ ညီမလေးရယ် ..."

ပြောပြီး ညိုမင်းမောင်က ညီမဖြစ်သူ၏ ပါးနှစ်ဖက်ကို လက်ညှိုးလက်မ နှစ်ဖက်ဖြင့် ဖျစ်ညှစ်လိုက်ရင်းပြုံးလိုက်မိသည်။ ညိုပြာကလည်း သူမဖြစ်ချင်တာ လုပ်ခွင့်ရသွားပြီမို့ ပြုံးပျော်လို့။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

သူမက နေ့လယ်စာ ထမင်းကို 'မြတ်သဒ္ဒါ' ဆိုသည့် ဆိုင်လေးမှာ စားနေခဲ့တာဖြစ်ပြီး စားသောက်ပြီးလို့ ပိုက်ဆံရှင်းဖို့ စားပွဲထိုးကို ခေါ်စဉ်မှာတော့ ...

"ရှင်းပြီးသွားပြီ ခင်ဗျာ ..."

"ဟင် ... ကျွန်မ မရှင်းရသေးပါဘူး၊ ဘယ်သူ ရှင်းတာလဲ"

"ကျွန်တော်တို့ စားသောက်ဆိုင်က လက်ထောက်စားဖိုမှူး အစ်ကိုပါ"

"အာ ... ဘယ်ကမှန်းမသိ၊ ဘယ်သူမှန်းလည်း မသိဘဲနဲ့ ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ သွားခေါ်ပေးစမ်း ... အဲဒီစားဖိုမှူးဆိုတဲ့ လူကို"

"ဟုတ်ကဲ့ ..."

စားပွဲထိုးလေးက ဟုတ်ကဲ့ဟုဆိုကာ ထွက်သွားသည်။ သူမက ကိုင်ထားမိသည့် ပိုက်ဆံအိတ်ကို စားပွဲပေါ် ပြန်တင်ကာ ကျွတ်ခနဲ တစ်ချက် စုတ်သပ်လိုက်မိသည်။





ဘာလဲကွာ ... ရှုပ်ရှုပ်ယှက်ယှက် ...။

ပါးစပ်ကလည်း အသံတိတ် ရေရွတ်လိုက်ရင်းက ဖုန်းထဲမှာ ဖုန်းနံပါတ်တစ်ခုကို ငုံ့ကြည့်ရှာနေတုန်းမှာပဲ သူမရှေ့က ခုံမှာ လူတစ်ယောက်က လာဝင်ထိုင်သည်။

"ကျွန်တော့်ကို ခေါ်တယ်ဆိုလားလို့ ခင်ဗျာ"

မျက်လုံး လှန်ကြည့်လိုက်ရင်းက ...

"ဟုတ်တယ် ... ရှင်က ဘာကိစ္စ ... ဟင် ... ညိုမင်း၊ ညိုမင်းမောင်နင် ... ညိုမင်းမောင် မဟုတ်လား"

သူမ ရင်ထဲမှာ ဒိန်းခနဲ တစ်ချက် ဆောင့်ခုန်သွားရသည်။ သူနဲ့ပတ်သက်လာလျှင် နှလုံးသားက လှုပ်ရှားလွယ်နေဆဲပါပင်။

သူကတော့ အားရပါးရ ပြုံးလိုက်ရင်းက ...

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော် ညိုမင်းမောင် အစစ်ပါ"

"မတွေ့တာတောင် ကြာပြီဟာ၊ နင် ဘယ်လိုလုပ် ရန်ကုန်ရောက်နေတာလဲ၊ ဒီဆိုင်မှာ လုပ်နေတာလား၊ ဘယ်လောက် ကြာပြီလဲ"

သူမ စကားအဆုံး သူက သဘောတကျ ပြုံးပြန်သည်။ သူ့အပြုံးတို့က အရင်အတိုင်းပါပဲ။

"မေးခွန်းတွေက များလိုက်တာဟာ၊ တစ်ခုချင်း ဖြေပေးမယ်၊ ငါတို့ မိသားစု ဒီရန်ကုန်ကို ပြောင်းလာတာ လေးနှစ်လောက်ရှိပြီ၊ ဒီဆိုင်မှာ လုပ်နေတာ ဟုတ်တယ်၊ ဒီမှာ လုပ်တာ တစ်နှစ်လောက် ရှိပြီ၊ ကဲ ... ဘာသိချင်သေးလဲ"

သူမနှင့် ညိုမင်းမောင်က မန္တလေးမှာ ဆယ်တန်းအောင်ရင်းခင်ခဲ့ကြတာဖြစ်သည်။ သူမက ရန်ကုန်သူ ဆိုပေမယ့် ညိုမင်းမောင်က



www.burmeseclassic.com

www.burmeseclassic.com



တော့ မန္တလေးသားပါ။ ဆယ်တန်း တစ်နှစ်မှာပဲ ခင်ခဲ့ကြပြီးတော့ ဆယ်တန်းလည်းပြီး သူမလည်း ရန်ကုန်ကိုပြန်လာ။ အဲဒီကနောက်ပိုင်း သူမနှင့် သူက အဆက်အသွယ်ပြတ်သွားခဲ့ကြတာ ဖြစ်ပါသည်။

သူမ မန္တလေးကို ရောက်ဖြစ်သည့်အခါဆိုရင်တော့ သူတို့ အိမ်ကို သွားကြည့်ခဲ့ပါသေးသည်။ ဒါပေမယ့် အဲဒီနေရာမှာ သူတို့က မရှိတော့၊ အိမ်ရောင်းကာ ပြောင်းသွားသည်တဲ့။ ဘယ်ကိုပြောင်းသွားမှန်း လည်း မသိရ။

အခုတော့ သူက ရန်ကုန်မှာ ရောက်နေတာ လေးနှစ်ပင် ရှိပြီတဲ့။ တစ်မြို့တည်းနေပြီး မတွေ့ဖြစ်ကြသည့် အဖြစ်။ ကမ္ဘာကြီးက ကျဉ်းတယ်ဆိုတာ အလကားပါလားနော်။ ရန်ကုန်တစ်မြို့တည်းမှာ လေးနှစ်လောက် အတူနေလာတာတောင် လူနှစ်ယောက်က လုံးဝမဆုံ ဖြစ်ကြဘူးတဲ့။

"အခုမှ သိတယ်ဟာ၊ ငါက ရှေ့နေ ဖြစ်နေပြီလေ၊ ဒီဆိုင်မှာ တစ်ခါမှ မထိုင်ဖူးဘူး၊ အခုက ဒီနားမှာ အမှုသည် တစ်ယောက်နဲ့ လာတွေ့ရင်းက စားဖြစ်သွားတာ"

"ငါက နင် ဆိုင်ထဲကို ဝင်လာကတည်းက တန်းမှတ်မိလိုက်တာ၊ နင်က ပိုလှလာတယ်နော်"

သူမက မျက်စောင်းတစ်ချက် ပိတ်ထိုးလိုက်မိသည်။ ပြီးမှ ကိုယ့်အဖြစ်က အနည်းငယ်များ ကလေးဆန် ကလက်သွားသလားလို့ ပြန်တွေးလိုက်မိပါသည်။ ဒါပေမယ့်လည်း သူနှင့်ပတ်သက်လာရင် သူမ ပုံစံက ဒီလိုပဲ ဖြစ်နေတတ်ခဲ့တာ မဟုတ်ပါလား။

"အံ့မယ် ... စားထားတာတွေ ငါပြန်ရှင်းမှာပါနော်"





"အာ ... မရှင်းပါနဲ့ဟာ၊ ပြန်တွေ့တဲ့ အထိမ်းအမှတ်အနေနဲ့ ငါ ကျွေးတယ်ပဲ ထားလိုက်ပါ၊ နောက် မကြာမကြာ တွေ့ဖြစ်မှာပဲဟာ၊ အဲဒီကျမှ ရှင်းတော့ ..."

နောက် မကြာမကြာတွေ့ဖြစ်ကြမှာပဲဟာ ဆိုသည့် စကား ကို သူကတော့ ဒီအတိုင်း ဘာရယ်မဟုတ် ပြောလိုက်ပုံပေမယ့် သူမက တော့ စိတ်ထဲမှာ သိမ့်ခနဲနေအောင် ဖြစ်သွားရ၏။ အို ... ဘယ်လိုဖြစ် နေတာပါလိမ့်။

"ဒါနဲ့ နင့်ဖုန်းနံပါတ် ပေးထားဦး၊ တော်ကြာ အဆက်အသွယ် ပြန်ပြတ်သွားဦးမယ်၊ ငါက နင့်ကို အရမ်းတွေ့ချင်နေတာ၊ ရောက်လေရာမှာ နင့်ကိုများ တွေ့မလားလို့ ရှာနေတာ သိရက်လား"

"အံ့မယ် ... အပြောကတော့ ကောင်းပါ့၊ နင့်ဖုန်းနံပါတ် ပြော၊ ငါခေါ်လိုက်မယ်"

သူက ဖုန်းနံပါတ်ကို ရွတ်ပြတော့ သူမက အဲဒီဖုန်းနံပါတ် ကို ခေါ်လိုက်သည်။ သူ့ဖုန်းဆီက စိုင်းစိုင်းရဲ့ သူငယ်ချင်းလေး ပါတဲ့ သီချင်းသံက ပျံ့လွင့်လာသည်။ သီချင်းကလဲ ... ။

"ရှေ့နေမကြီး ဒေါ်နှင်းငွေမှုန်လို့ မှတ်ထားလိုက်မယ်နော်"

"အေး ... ငါလည်း နင့်ကို စားဖိုမှူးကြီး ဦးညိုမင်းမောင်လို့ မှတ် ထားလိုက်မယ်"

နှစ်ယောက်သား ရယ်လိုက်မိကြသည်။ သူမနှင့် သူ့ကြားမှာ ဟန်ဆောင်မှုတွေ မရှိ။ ပကာသနတွေ မရှိ။ မာယာတွေမရှိ။ မတွေ့တာ နှစ်ပေါင်းအတော်ကြာနေပြီဖြစ်ပေမယ့် စိမ်းသက်နေခြင်းမျိုးလည်း ရှိမနေ ခဲ့၊ ရှိမနေဆို သူနှလုံးသားရဲ့ တစ်ထောင့်တစ်နေရာမှာ သူက အမြဲတမ်း



www.burmeseclassic.com

www.burmeseclassic.com



ရှိနေခဲ့တာ မဟုတ်ပါလား။ သူ့နှလုံးသားမှာရော နေရာယူထားတဲ့သူ ရှိနေလေပြီလား။

ဒါကို တွေးလိုက်မိတော့ နှလုံးသားက နွမ်းနယ်သွားချင် သလိုလိုပါပင်။

♥ ♥ ♥



ဦးထက်ပိုင်နှင့် ဦးမြင့်ဆောင်တို့က ညစာ အတူစားကာ အနည်းငယ် သောက်နေကြသည်။ သူတို့နှစ်ယောက်က ကျောင်းနေဖက် သူငယ်ချင်းတွေ ဖြစ်၏။

"မင်း ရုပ်ရှင်လုပ်ငန်းရော အဆင်ပြေရဲ့လား၊ ဗီဒီယိုဈေးကွက်တွေ ကျနေတယ်ဆို"

ဦးမြင့်ဆောင်၏ စကားကို ဦးထက်ပိုင်က ဝိုင်ကို တစ်ကျိုက် သောက်လိုက်ပြီးမှ ...

"အင်း ... ဈေးကွက်ကတော့ တက်လိုက် ကျလိုက်ပဲ၊ ဒါပေမယ့် အဆင်ပြေပါတယ်၊ ပြီးတော့ ငါ မင်းသမီးအသစ် တင်မလို့တောင် လုပ်နေတယ်လေ၊ ခဏလေး ... ငါ့မှာ အဲဒီတစ်ယောက်ရဲ့ ပုံပါ တယ်၊ ပိုက်ဆံတော့ မရှိဘူးကွ၊ သာမန် မိသားစုကပဲ၊ ဒါပေမယ့် ရုပ်ကလေးက အလန်းကွ၊ ပြောရရင်တော့ သူ့ငွေးကြိုက် ရုပ်ပေါ့ ဟား ... ဟား ..."

ဦးထက်ပိုင်က ပြောလည်းပြော လက်တွေကလည်း သူ့ ပိုက်ဆံအိတ် အကြီးကြီးထဲက ဓာတ်ပုံတစ်ပုံကို ဆွဲထုတ်ကာ ဦးမြင့်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲကို ထိုးထည့်ပေးလိုက်သည်။ ဦးမြင့်ဆောင်က ပုံတဲက ကောင်မလေးကို အတွေ့မှာတော့ ငေးခနဲ ဖြစ်သွားရသည်။

"ဘယ်လိုလဲ ... မိုက်တယ်မဟုတ်လား"

"အင်း ... မင်သမီးရုပ်ပဲ၊ မင်းက မြင်တတ်သားပဲ"

ဦးထက်ပိုင်က ပြုံးသည်။ နှစ်ယောက်စလုံးက အနည်းငယ်ထွေနေကြပြီလည်း ဖြစ်သည်။

"မြင်တယ်ဆို ဒါ လုပ်စားနေတာလေကွာ၊ အခုခေတ်က မင်းသမီးရှားနေတာလေ၊ ဒီတော့ ကိုယ့်တိုက်မှာ အပိုင်ကိုင်ထားနိုင်မယ့် ဈေးကွက်ဝင် မင်းသမီးတစ်လက်လောက် ရှိနေဖို့ လိုတယ်ကွ၊ ဒါကလည်း ကိုယ် တင်ပေးတဲ့ မင်းသမီးမှ ကိုယ်ချုပ်ထားလို့ရမှာ၊ သူ့နာမည်က ညိုပြာတဲ့"

"ညိုပြာ ... နာမည်အရင်းပဲလား"

ပြောပြီး ဦးမြင့်ဆောင်က စားပွဲပေါ်မှာ ပြန်ချထားပြီးဖြစ်သည့် ဓာတ်ပုံကို နောက်တစ်ကြိမ် ပြန်ကောက်ကြည့်လိုက်မိသည်။

"အင်း ... မင်းကြည့်ရတာ သူ့ကို စိတ်ဝင်စားနေသလိုပဲ၊ ဟဲဟဲ ... ဘယ်လိုလဲ၊ ငါဖန်ပေးရမလား ..."

"အာ ... မင်းကလဲ"

"အဟားဟား ... ဘာ ... မင်းကလဲ၊ ရုပ်ကိုက ... ဟင်း၊ မင်းမိန်းမဆုံးသွားပြီးကတည်းက မင်းဘဝကြီးက ခြောက်ကပ်နေတာ၊ စိုစိုပြည်ပြည်လေး ဖြစ်သွားအောင် ငါလုပ်ပေးမယ်လေ၊ ဘယ်လိုလဲ"

ဦးထက်ပိုင် စကားကြောင့် ဦးမြင့်ဆောင်က ဓာတ်ပုံကို စားပွဲပေါ် ဖျတ်ခနဲ ပြန်တင်ပေးလိုက်ရင်းက ...





"ကိုယ့်သမီး အရွယ်လေးကွာ၊ မင်းကလည်း ..."

ဟု ဆိုဖြစ်သည်။ နဖူးမှာလည်း ချွေးတွေက ချက်ချင်းဆိုသလိုပဲ စို့လာသည်။ ဝိုင်ကြောင့်လား၊ စိတ်လှုပ်ရှားမှုကြောင့်လားတော့ သေချာ မသိ။

"အဟား ... အရွယ်သာ ငယ်တာပါကွာ၊ ပညာက မငယ်ပါဘူး၊ ဒီမှာ အခုခေတ်က စပွန်ဆာခေတ်ကွ၊ ငါတို့လောကထဲမှာ ရေမရှိတဲ့ မော်ဒယ်လ်ပေါက်စလေးတွေ အတော်များများက အချိန်တန်ရင် ရေရှာတာပဲ၊ ရေရှိတဲ့လူတွေလောက်ပဲ တောင့်ခံနိုင်တာ၊ မင်းမတွေ့ဘူးလား၊ မော်ဒယ်လ်မလေး ငယ်ငယ်လေးတွေက ကိုယ့်အသက်ထက် သုံးဆလောက်ကြီးတဲ့ ဘဲကြီးတွေနဲ့ လက်ထပ်နေကြတာ မင်းအမြင်ပဲလေ၊ တစ်ဘဝစာ ပုံအပ်ချင်တဲ့လူက အတိအလင်း ကြေညာပြီး ယူတယ်၊ တချို့ကျတော့ တစ်ခဏတာ အသုံးချရုံလောက်ပဲ တွဲချင်တော့ စပွန်ဆာခေါင်းစဉ်အောက်ကို ဝင်တယ်၊ အတိအလင်း မယူရဲတဲ့ ဘဲကြီးတွေကလည်း ဒါမျိုးလေးတွေကိုပဲ လိုက်ရှာနေကြတာ၊ သူလည်း အဆင်ပြေ၊ ကိုယ်လည်း အဆင်ပြေပေါ့ ...၊

"ဒီတစ်ယောက်ကလည်း စီးပွားရေးအခြေအနေက သိပ်မကောင်းဘူးကွ၊ တစ်ချိန်ချိန်တော့ တစ်ယောက်ယောက် လက်ထဲကို ရောက်မှာပဲ၊ အဲ့ဒါကြောင့် ငါဖန်ပေးရမလားလို့ မေးတာ၊ ဘာမှတွေးပူမနေနဲ့၊ ဘယ်သူမှသိတာမှ မဟုတ်တာ၊ မင်း မလှုပ်ရှားရင် အခြားတစ်ယောက်က လှုပ်ရှားမှာပဲ၊ ဘဝက တိုတိုလေးပါကွာ၊ ဒီအတိုင်းသေသွားမှာထက်စာရင် နည်းနည်းလေး စိတ်လှုပ်ရှားရင်ခုန်စရာလေးတွေ မခံစားကြည့်ချင်ဘူးလား ... ဟဲဟဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်ဆောင်၏ အကြည့်က ဓာတ်ပုံဆီကို ရောက်သွားရပြန်သည်။ ပြီးနောက် ဦးထက်ပိုင်နှင့် အကြည့်ချင်းဆုံ၏။ ဦးထက်ပိုင်က မျက်စတစ်ချက် ပစ်ကာ ဘယ်လိုလဲဆိုသည့် အထာဖြင့် မေး၏။ ဦးမြင့်ဆောင် စိတ်တွေ တအားလှုပ်ရှားယိမ်းထိုးလာရသည်။

"ငါ့ ... ငါ့မှာက သမီး ..."

"ကျွတ် ... မင်း သမီး ရှိတော့ရော ဘာဖြစ်လဲ၊ သူသိတာမှတ်လို့၊ ဘယ်သူမှ မသိဘူး၊ ငါရယ် ... မင်းရယ်၊ (ဦးထက်ပိုင်က ဓာတ်ပုံဆီ မေးငေါ့ပြလိုက်ရင်း) သူရယ်ပဲ သိမှာ"

"သူ ... သူက အဲဒီလိုထဲက ဟုတ်ပါ့မလား"

"ကျွတ် ... ချုပ်တတ်ရင် ရပါတယ်ကွာ၊ ငါ့တာဝန်ထားပါ၊ မင်းက သာ ခေါင်းညိတ်လိုက်၊ ငါစီစဉ်ပေးမယ်"

ဦးမြင့်ဆောင်နှင့် ဦးထက်ပိုင်တို့ အကြည့်ချင်း ဆုံသွားကြသည်။ ဦးမြင့်ဆောင်၏ မျက်လုံးတွေမှာ ရမ္မက်ခိုးတွေ ဆူပွက်လာ၏။ ဇနီးသည် ဆုံးပြီးကတည်းက အထီးကျန်နေခဲ့ရသော သူ့ဘဝကိုလည်း အနည်းငယ်တော့ ငြီးငွေ့လာရသည် မဟုတ်လား။ ပြီးတော့ ဘယ်လောက် သိက္ခာတရားတွေ ရှိနေသည့် လူဖြစ်ပါစေ၊ စိတ်က တောင့်တလာသော အခါမှာတော့ အသိဉာဏ်တို့က အောက်ရောက်သွားတတ်ကြစမြဲပင် မဟုတ်လား။

နောက်ပြီးတော့ ဘယ်လောက် အသက်ကြီးနေပါစေ၊ နောက်ဆုံး ဖွဲတစ်ဆုပ်ပဲ နိုင်တော့သည့်အချိန်ထိ ယောကျ်ားတွေမှာ ယောကျ်ားစိတ်ဆိုတာ ရှိတယ်ဆိုသည့် စကားပုံကလည်း ရှိသေးလေရာ ...။

♥ ♥ ♥



:

ညိုမင်းမောင်က အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ ထိုင်ရင်းက နေ့လယ်က ငွေနှင်းမှုန်နှင့် တွေ့ခဲ့ရသည့် အဖြစ်ကို ပြန်တွေးကာ ကြည်နူးနေမိသည်။ သူမနှင့် သူ ဆယ်တန်းပြီးကတည်းက ကွဲကွာသွားခဲ့ရတာ မဟုတ်လား။ အဲဒီအချိန်ကတည်းက သူ့ရင်ထဲမှာ သူမကနေရာယူထားခဲ့တာ။ မတွေ့ရတော့သည့် နှစ်တွေမှာလည်း သူမကို လွမ်းနေခဲ့တာ။ ဒီရန်ကုန်မှာ သူမ ရှိနေတယ်ဆိုသည့် အသိတစ်ခုနှင့်ပင် ရောက်လေရာမှာ သူမကို မျက်စိဖွင့် ရှာဖွေနေခဲ့မိတာ။ နာမည်တူကြားရင်တောင် သူမလေလားလို့ ထင်မှတ်မှားခဲ့မိတာ မိမိသာ အသိဆုံးပါပဲလေ။

အခုတော့ ရတ်တရက်ကြီး ပြန်တွေ့လိုက်ရသည်။ သူ့ရင်ထဲမှာ ရင်ခုန်သံတွေက ပြန်လည်ရှင်သန် နိုးထလာရ၏။ ဖွင့်မပြောခဲ့ရသော ချစ်ခြင်းတစ်ခုကို ပြန်လည်အသက်သွင်းခွင့် ရတော့မည်လား။

သူမကရော ...။

အင်း ... ဒါကိုတော့ သူ မတွေးတတ်ပါဘူးလေ။

"အစ်ကိုကြီး ..."

အတွေးထဲမှာ မျောနေတုန်းမှာပဲ အနောက်ဘက်ဆီကနေ



www.burmeseclassic.com

www.burmeseclassic.com



အသံအကျယ်ကြီးနှင့် ရုတ်တရက် အော်ချလိုက်သည့် ညိုပြာ့အသံကြောင့် သူ့မှာ လိပ်ပြာလွင့်မတတ်ပင် လန့်သွားရသည်။

"အောင်မလေးဗျာ ..."

သူဖြစ်သွားပုံကိုကြည့်ကာ ညိုပြာက တဟားဟား အော်ရယ်၏။

"ဟား ... လန့်လိုက်တာ ညီမလေးရာ၊ တကယ်ပဲ"

"ဟင်းဟင်း ... ဘာတွေ တွေးနေလို့ ဒီလောက်တောင် လန့်ရတာလဲ၊ မှန်မှန်ပြောစမ်း ... ကောင်မလေးအကြောင်း တွေးနေတာ မဟုတ်လား ...၊ အံမယ် ... အံမယ် ... ဟုတ်ပါတယ်၊ ရုပ်ကိုက အကြည်ဓာတ်တစ်မျိုး ထွက်နေတာ၊ ပြောပြော ... အစ်ကိုကြီး ချစ်သူရနေပြီလား၊ ဘယ်ကလဲ၊ နာမည်က ဘယ်လို ခေါ်လဲ၊ ချောလား။ သူက ဘာလုပ်တာလဲ"

ညိုပြာ့စကားကြောင့် ညီမင်းမောင်က ရယ်ချင်နေသော ရုပ်ကို မနည်းတည်ထားလိုက်ရကာ ...

"အာ ... ဘာတွေ လာမေးနေတာလဲ၊ ပေါက်ကရ ငါ ထိပ်ထုလိုက်မယ်"

သူက ပြောလည်းပြော၊ ညီမဖြစ်သူရဲ့ ရှေ့မှာလည်း ကြာကြာနေပါက အကုန်ပေါ်ကုန်မည်စိုးတာကြောင့် ထိုင်ရာမှထကာ အိမ်ထဲဝင်တော့မယ်လုပ်ပြီးမှ တစ်ခုကို သတိရသွားရရင်း ...

"သြော် ... ဒါနဲ့ ညီမလေး ပြိုင်ပွဲကိစ္စကရော ဘယ်လိုလဲ"

"နောက်ဆုံးအဆင့် ပြိုင်ထားတယ်လေ၊ အဖြေတော့ မသိရသေးဘူး၊ သူတို့ဆီက အဖြေကို စောင့်နေတာ ..."





"သြော် ... အင်းအင်း ... အပြင်မှာ ညဥ့်နက်အောင်မနေနဲ့၊ အထဲဝင်တော့၊ အစ်ကိုကြီး အိပ်တော့မယ်"

"ဟုတ် ..."

ပြောပြီး အိမ်ထဲဝင်လာခဲ့လိုက်သည်။ ကိုယ့်အခန်းထဲ ကိုယ်ရောက်မှ သက်ပြင်းတစ်ချက်ကို ခပ်ရှဲရှဲချကာ ခုတင်ပေါ်မှာ ပက်လက်လှန်ကာ လှဲချလိုက်မိသည်။ ပြီးနောက် ဘယ်ဘက် ရင်အုံဆီကို အစမ်းမှာတော့ နှလုံးသားလေးက တဆတ်ဆတ်ခုန်လို့ ...။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ညိုပြာက အပြင်မှာရောက်နေတုန်းမှာပဲ မိုးနှင့်မြေ ရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင် ဦးထက်ပိုင်ဆီမှ ဖုန်းဝင်လာကာ စကားပြောစရာရှိလို့ ခဏလာခဲ့ပါဆိုပြီး လိပ်စာတစ်ခုကို မက်ဆေ့ချ် ပို့ပေးလာလေ၏။ သူမ စိတ်တွေ လှုပ်ရှားသွားရသည်။ စကားပြောစရာရှိလို့ဆိုတော့ သူမကိုများ ရွေးလိုက်လို့များလား ဆိုသည့် အသိကြောင့် ပျော်သွားရကာ ချက်ချင်းပဲ ဦးထက်ပိုင် ပြောသည့် လိပ်စာအတိုင်း ထွက်လာခဲ့လိုက်သည်။

သူမ ရောက်သွားတော့ အဆင့်မြင့် ကွန်ဒိုက တိုက်ခန်းတစ်ခန်းကို ဖြစ်သည်။ ဘဲလ်နှိပ်ပြီးစဉ်မှာတော့ အထဲမှ ဦးထက်ပိုင်နှင့် အသက်တူလောက်ရှိမည့် လူကြီးတစ်ယောက်က တံခါးလာဖွင့်ပေးသည်။

"သြော ... ရောက်လာပြီလား၊ လာ ... လာ ... အထဲဝင်"

"ဟုတ် ..."

သူမက ပြောလည်းပြော၊ ခေါင်းတစ်ချက်လည်း ညိတ်ကာ





အထဲကို ဝင်လိုက်သည်။ သူမ မျှော်လင့်ထားတာက အထဲမှာ ဦးထက်ပိုင်နှင့် တခြားသော လူအချို့ ရှိနေလိမ့်မည် ထင်လိုက်တာပါ။ ဒါပေမယ့် အထဲမှာ ဘယ်သူမှ ရှိမနေခဲ့။

သူမက နီးစပ်ရာ ခုံတစ်လုံးမှာ ဝင်ထိုင်ပြီးနောက် ...

"ဟို ... ဦးထက်ပိုင်ရောဟင်"

ဆိုတော့ ဦးလေးကြီးက တစ်ချက်ကြည့်သည်။

"လာပါလိမ့်မယ်၊ တစ်ခုခု သောက်ပါလား၊ ဘာသောက်မလဲ"

"ဟို ... တော်ပြီရှင့်၊ မသောက်တော့ပါဘူး"

"မဟုတ်တာ၊ တစ်ခုခုတော့ သောက်ပါ"

ဦးလေးကြီးက ရေခဲသေတ္တာဆီသို့ လျှောက်သွားကာ ရေခဲသေတ္တာထဲမှ ကိုကာကိုလာတစ်ဘူး ထုတ်ယူလာပြီးနောက် သူမရှေ့မှာ ချလာပေးသည်။ သူမက အားနာသလို တစ်ချက် ပြုံးပြလိုက်ပြီးနောက်

"ကျေးဇူးတင်ပါတယ်"

ဟု ဆိုလိုက်စဉ်မှာပင် ဦးလေးကြီးက သူမနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်သည်။ ပြီးနောက် သူမကို တစ်ချက်ကြည့်လာ၏။ ဘာမှတော့မ ပြောသေး။

တိတ်ဆိတ်မှုကြောင့် ညိုပြာ့စိတ်ထဲမှာ နည်းနည်းတော့ အနေရ ခက်လာသည်။

"ဦးနာမည်က ဦးမြတ်ဆောင်၊ ထက်ပိုင်ရဲ့ သူငယ်ချင်းဆိုပါတော့"

"ဟုတ်ကဲ့ ..."

"အင်း ... အခုလိုခေါ်လိုက်တာက ညိုပြာ ပြိုင်ထားတဲ့ သရုပ်ဆောင်ပြိုင်ပွဲအကြောင်း ပြောမလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ဟုတ်ကဲ့ရှင့်"

သူမ စကားအဆုံး ဦးမြတ်ဆောင်ဆီမှ စကားသံက တန်းထွက်မလာ။ သက်ပြင်းချသံသဲ့သဲ့သာ ထွက်လာသည်။ ဒါပေမယ့် သူမကတော့ ဆယ်တန်း စာမေးပွဲ ရလဒ်ကို ကြည့်ရတော့မည့် လူတစ်ယောက်လို စိတ်တွေ လှုပ်ရှားလာရသည်။

"ပြောရရင်တော့ ညိုပြာ အရွေးမခံရဘူး၊ တခြား တစ်ယောက်ကို ထက်ပိုင်က ရွေးထားတယ်"

"ရှင် ..."

ညိုပြာ့ရင်ထဲမှာ ဟာဆင်းသွားရသည်။

သွားပြီ ...။

သူမ၏ အိပ်မက်တွေ သွားပြီပေါ့။ သူမက ဒီအလုပ်ကို အများကြီး မျှော်လင့်ထားခဲ့တာ။ ဒီအလုပ်နှင့် စပ်လျဉ်းပြီးတော့ မိဘတွေအတွက်ကိုလည်း အိပ်မက်တွေ အများကြီး မက်ထားခဲ့ရတာ။

သူမမျက်နှာက စိတ်မာတ်ကျမှုကြောင့် ချက်ချင်းပဲ ညိုမှိုင်းသွားရသည်။

"စိတ်ပျက်သွားတယ် ထင်တယ်၊ စိတ်မပျက်ပါနဲ့၊ ဒါက ရွေးထားတယ်ဆိုတာကို ပြောတာပါ၊ မကြေညာရသေးတဲ့အတွက် အဖြေကို ပြောင်းလဲလို့ ရပါသေးတယ်"

"ရှင် ..."

ဦးမြတ်ဆောင်ဆီက ဆက်ထွက်လာသည့် နောက်ဆက်တွဲစကားကြောင့် သူမ ခေါင်းထဲ ရှုပ်ထွေးသွားရသည်။ ဦးမြတ်ဆောင်ကတော့ သူမကို ပြုံးကြည့်နေ၏။





ညိုပြာက ဦးမြတ်ဆောင်ကို ဇဝေဇဝါဟန်ဖြင့် ကြည့်လိုက်ရင်းက ...

"ဘာကိုပြောတာလဲ မသိဘူး၊ ညိုပြာ ဦးပြောတာကို နားမလည်ဘူး"

ဦးမြတ်ဆောင်က ပြုံးပြန်သည်။ အဲဒီအပြုံးမှာ တစ်ခုခုတော့ ပျော်ဝင်နေ၏။ ဒါပေမယ့် ဘာကိုဆိုလိုတာတော့ သူမက ရုတ်တရက် နားမလည်သေးချေ။

"အဟင်း ... ဦးက အဖြေကို ပြောင်းလဲပေးနိုင်တယ်လို့ ပြောတာ"

"ဘယ်လို ... ဘယ်လိုပြောင်းလဲပေးမှာလဲ မသိဘူး၊ ညိုပြာ နားမလည်ဘူးရှင့် ..."

"အဟင်း ... ဝေးလိုက်တာ၊ ထက်ပိုင် လက်ထဲက အဖြေကို ဦး ပြောင်းလဲပေးနိုင်တယ်လို့ ပြောတာ၊ ဒါပေမယ့် ညိုပြာက သိတတ်ဖို့တော့ လိုတာပေါ့ ..."

ပြောပြီး ဦးမြတ်ဆောင်က သူမကို တစ်မျိုးသော အကြည့်ဖြင့် ကြည့်လာလေသည်။ အရိပ်ပြလို့ အကောင်မထင်တတ်သော သူမတာလည်း ထိပ်ချမှပင် ဓားပြမှန်း သိတော့တာဖြစ်သည်။ သူမ တစ်ကိုယ်လုံးဟာ တဆတ်ဆတ် တုန်ယင်လာရ၏။

သူမက ထိတ်လန့်တကြားဖြစ်ကာ ထိုင်ရာမှ ထရပ်လိုက်ရင်းက ...

"ကျွန်မ ပြန်တော့မယ်၊ ကျွန်မ အဲဒီလို မိန်းမစား မဟုတ်ဘူး။ ကျွန်မက မိကောင်းဖခင် သားသမီးတစ်ယောက်ပါ ရှင်တို့ တော်တော် ယုတ်မာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး သူမက လှည့်ထွက်လာခဲ့လိုက်ကာ အခန်းအပြင်ကိုရောက်လို့ အောက်ထပ်ကိုဆင်းသည့် လှေကားတွေနားကို ရောက်တော့မှ လှေကားလက်ရန်းကို တစ်ချက် ဖမ်းထိန်းထားလိုက်ရသည်။ ရှက်စိတ်၊ ဒေါသ၊ မယုံနိုင်ခြင်း၊ အံ့ဩခြင်း၊ ရွံရှာခြင်း စသော ခံစားချက်ပေါင်းများစွာကြောင့် သူမ တစ်ကိုယ်လုံးက တုန်ယင်ကာ မူးမေ့သွားမတတ်ပင် ယိုင်နဲ့နေရလေသည်။ ဒီအချိန်မှာပင် သူမလက်ကိုင်ဖုန်းက မြည်လာခဲ့တာဖြစ်သည်။ ပေါ်နေတာက ဦးထက်ပိုင်၏ နာမည်။

"ဟယ်လို ..."

"ဘယ်လိုလဲ ... အခြေအနေ၊ အပေးအယူ အဆင်ပြေလား"

"ရှင်တို့ ယုတ်မာလှချည်လား၊ ဟင် ... ရှင်တို့ တော်တော် ပက်စက်တဲ့ လူတွေပဲ၊ ကျွန်မက မိကောင်းဖခင် သားသမီးရှင့်၊ ရှင်တို့ ထင်ထားတဲ့၊ အတန်းအစားထဲက မဟုတ်ဘူး"

သူမရဲ့ ဒေါသတကြီး တရစပ် ပြောစကားတွေအဆုံး တစ်ဖက်က မခိုးမခန့် ပုံစံမျိုးဖြင့် ရယ်လေသည်။

"ကျွတ် ... သေချာ စဉ်းစားဦးနော်၊ အခုကိစ္စက ဘယ်သူမှသိတာမဟုတ်ဘူး၊ ပြီးတော့ မင်းဘဝ၊ မင်း မိဘတွေရဲ့ ဘဝ၊ မင်းတို့ တစ်မိသားစုလုံးရဲ့ ဘဝတွေကို ပြောင်းလဲပေးလိုက်မှာ၊ ပြီးတော့ ကိုယ့်သူငယ်ချင်း မြတ်ဆောင်က လူလွတ်တစ်ယောက်၊ ဘာရှောခ်မှ မရှိဘူး၊ မင်း ပညာတတ်ရင် တတ်သလို ဆွဲခွာလို့ရတယ်၊ မင်း စဉ်းစားနော်၊ မင်းသမီး ဘဝကိုလည်း ရမယ်၊ နေ့ချင်းညချင်းပဲ လိုတရာဘဝကို ရမယ်၊ မင်း မိဘတွေကိုလည်း ကောင်းကောင်း ထောက်ပံ့နိုင်မယ်၊ ဒါမျိုး အခွင့်အရေးက နောက်ထပ်မလာဘူး၊





ဟင်း ဟင်း ... မင်း စဉ်းစားပါ ... စဉ်းစားပါ၊ ကိုယ်ကတော့ မင်းကို မြင့်စေချင်လို့ မြင့်ပေးတာပဲ၊ ခုန်ချတာ မချတာကတော့ မင်း သမိုင်းပဲလေ၊ အိုခေနော် ... ဆီးယူ ..."

တစ်ဖက်က ဖုန်းချသွားစဉ်မှာတော့ သူမက လက်ကိုင်ကို အားပြုလိုက်ရင်းက လှေကားထစ်တွေကို တစ်ထစ်ချင်း ဆင်းလာခဲ့လိုက်သည်။ ဒါပေမယ့် သုံးလေးထစ် ဆင်းအပြီးမှာပင် သူမက ကတုန်ကယင်ဖြင့် လှေကားပေါ်မှာ ငုတ်တုတ်ထိုင်ချလိုက်မိသည်။ နားထဲမှာကလည်း ဦးမြတ်ဆောင်၏ စကားတွေနှင့် ဦးထက်ပိုင်၏ စကားတွေက ထပ်ဖန်တလဲလဲ ကြားယောင်လာရသည်။ ပြီးတော့ မေမေ့ မျက်နှာ၊ မေမေ့ အသံ။

*"အကုန် အပ်တယ် ... ဟုတ်လား၊ ဟားတိုက်ပြီးတောင် ရယ်လိုက်ချင်သေးတယ်၊ နင့်အစ်ကိုရဲ့ မီးဖိုချောင် အကျွလစာက ဘယ်လောက်များ ရတာမို့လို့လဲ၊ ပြီးတော့ နင့်အဖေ တက္ကဆီမောင်းလို့ရတဲ့ ပိုက်ဆံကလည်း သူ့အကြွေး သူတောင် မကြေသေးဘူး၊ တလောက အက်ဆီးဒင့် ဖြစ်လို့ အခုနေနေတဲ့ အိမ်နဲ့ ဝိုင်းလေးတောင် ပေါင်ထားတာ ရွေးနိုင်သေးလို့လား ..."*

ဖေဖေ့ မျက်နှာနှင့် ဖေဖေ၏ သိမ်ငယ်မှုတွေ၊ မိသားစုရဲ့ ပြေလည်မှု ညည်းချင်းတွေ။

*"ငါရှာပါ့မယ် ... ဟုတ်လား၊ ပြောပြန်ပြီလား၊ ငါရှာပါ့မယ်၊ အဲ ငါရှာပါ့မယ်ကို ပြောပြောနေတာ ခေတ်ပြားတောင် ထစ်နေပြီရှင့်"*

သူမ ပြောခဲ့သော စကားတွေရော အပြောသင့်သက် ဖြစ်ဆုန်ရတော့မှာလား။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် … သမီးက ဖေဖေနဲ့ မေမေ့ကိုလည်း ဆင်းဆင်းရဲရဲနေရတဲ့ ဘဝကနေ ချမ်းချမ်းသာသာ ထားချင်လို့ပါ၊ သမီးသာ အောင်မြင်သွားရင် ဒီအိမ်ပြန်ရွေးဖို့ဆိုတာက ဘာမှ ပြောလောက်တဲ့ကိစ္စ မဟုတ်တော့ဘူး၊ ပြီးတော့ ဒီထက်ကောင်းတဲ့ နေရာမှာလည်း နေနိုင်မှာ၊ သမီးက ဖေဖေတို့ကို ဒီထက်ကောင်းမွန်တဲ့ ဘဝမှာ ထားချင်လို့ ပါ၊ သာမန် လခစားဘဝနဲ့ဆိုရင်တော့ သမီးအိပ်မက်က ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူးလေ၊ ဒီဘဝကနေလည်း ရုန်းထွက်နိုင်မှာ မဟုတ်ဘူး"

ပြီးတော့ အစ်ကိုကြီးဆီမှာ လေတစ်လုံး မိုးတစ်လုံးဖြင့် သူမ ပြောခဲ့တဲ့ စကားတွေကရော …။

"ညီမလေးက ဘွဲ့ရတဲ့ အခုအရွယ်အထိ အိမ်မှာ မှီခိုတစ်ယောက်လိုပဲ နေခဲ့ရတာ၊ ညီမလေးလည်း ဖေဖေတို့ မေမေတို့ကို တစ်လှည့် လုပ်ကျွေးချင်တာပေါ့၊ အစ်ကိုကြီး ပြောသလို သာမန် လခစား အလုပ်လေးနဲ့ဆိုရင် ဘယ်လိုလုပ် အဆင်ပြေမှာလဲ၊ ဒုံရင်းက ဒုံရင်းပဲ နေမှာပေါ့၊ ပြီးတော့ ဒီအိမ်ကြီးကိုလည်း ညီမလေး ရွေးပေးချင်တယ်၊ ဒီထက်ကောင်းမွန်တဲ့ နေရာမှာလည်း ဖေဖေတို့ကို ထားချင်တယ်၊ သာမန် လခစားဘဝနဲ့ အဲဒီလို ဖြစ်လာနိုင်မှာလဲ၊ ညီမလေးသာ မင်းသမီးဖြစ်သွားရင် ဒါတွေအားလုံးက အေးအေးဆေးဆေးပဲ"

ဦးထက်ပိုင်၏ စကားတွေကလည်း နားထဲမှာ တရစ်ဝဲဝဲ ထွက်ပေါ်လာပြန်သည်။

"ကျွတ် … သေချာ စဉ်းစားဦးနော်၊ အခုကိစ္စက ဘယ်သူမှသိတာ





မဟုတ်ဘူး၊ ပြီးတော့ မင်းဘဝ၊ မင်း မိဘတွေရဲ့ ဘဝ၊ မင်းတို့ တစ်မိသားစုလုံးရဲ့ ဘဝတွေကို ပြောင်းလဲပေးလိုက်မှာ၊ ပြီးတော့ ကိုယ့်သူငယ်ချင်း မြတ်ဆောင်က လူလွတ်တစ်ယောက်၊ ဘာရှော့ခ်မှ မရှိဘူး၊ မင်း ပညာတတ်ရင် တတ်သလို ဆွဲခွာလို့ရတယ်၊ မင်း စဉ်းစားနော်၊ မင်းသမီး ဘဝကိုလည်း ရမယ်၊ နေ့ချင်းညချင်း လည်း လိုတရဘဝကိုရမယ်၊ မင်း မိဘတွေကိုလည်း ကောင်းကောင်း ထောက်ပံ့နိုင်မယ်၊ ဒါမျိုး အခွင့်အရေးက နောက်ထပ်မလာဘူး"

နားထဲမှာ စကားသံတွေ အမျိုးမျိုးက remix လုပ်ထားသလို ဆူညံပွက်လောရိုက်လာသည်။ ထို့ကြောင့် သူမက နားတွေကို လက်နှစ်ဖက်ဖြင့် ဖိပိတ်ထားလိုက်ကာ မျက်လုံးတွေကို မှိတ်ထားလိုက်မိသည်။

မျက်ရည်တွေက ပါးပေါ်ကို အတားအဆီးမရှိ စီးကျလာတော့၏။

မိမိ … မိမိသာ မင်းသမီးတစ်ယောက်ဘဝကို မရခဲ့ရင်၊ သာမန် လခစားဘဝနဲ့ မိဘတွေကို ဘယ်လို ထောက်ပံ့နိုင်မှာလဲ၊ ဘယ်လောက်များ ထောက်ပံ့နိုင်မှာလဲ၊ ဒုံရင်းက ဒုံရင်းဘဝမှာပဲ ကျင်လည်နေရတော့မှာ။ မိမိသာ မင်းသမီးဘဝကို ရခဲ့ရင်တော့ မိဘတွေကို ဟိုးအမြင့်ကြီးမှာ ထားနိုင်မှာ။

ဟုတ်တယ် … မင်းသမီးဘဝကို ရမှကိုဖြစ်မယ်။ ဒီဘဝကို ငါ လက်လွှတ်လိုက်လို့ မဖြစ်ဘူး။ ငါ့ဘဝ ဆုံးချင်ဆုံးသွားပါစေ၊ ငါ့ မိဘကိုတော့ ကောင်းမွန်တဲ့ ဘဝမှာထားပြီး ကျေးဇူးဆပ်နိုင်ရမယ်။ ဆပ်ဖို့လိုတယ်။



www.burmeseclassic.com

www.burmeseclassic.com



အတွေးနှင့်အတူ သူက ပါးပေါ်က မျက်ရည်တွေကို သုတ်ပစ်လိုက်ကာ ထိုင်ရာမှ ထရပ်လိုက်၏။ ဒါပေမယ့် ဝမ်းနည်းမှုကြောင့် မျက်ရည်က ပါးပေါ်ကို ချက်ချင်း ပြန်စီးကျလာပြန်သဖြင့် သူမက ထပ်သုပ်လိုက်ပြန်ကာ ဆင်းလာခဲ့မိသည့် လှေကားတွေပေါ် ပြန်တက်လာခဲ့လိုက်သည်။ သူမ နင်းတက်နေသည်က ရိုးရိုးလှေကားတွေ မဟုတ်။ ဘဝလှေကားတွေ ဖြစ်သည်။ ဆူးတွေအပြည့်နှင့် လှေကားတွေ ဖြစ်သည်။ ဒါပေမယ့် မိသားစုအတွက်၊ မိမိ အိပ်မက်အတွက်၊ ဒါတွေကို သူမ ရင်းနှီးရပါတော့မည်။

ခွင့်လွှတ်ပါ ဖေဖေနဲ့ မေမေရယ်။ အစ်ကိုကြီးလည်း ညီမလေးကို ခွင့်လွှတ်ပါနော်။ ညီမလေး … ညီမလေးလေ … ။

♥ ♥ ♥



"အား …"

ဂေါ်ရခါးသီး လှီးနေရာကနေ ညိုမင်းမောင် လက်ကို ဓားထိသွားသည်။

စားဖိုမှူးကြီး ဦးလေးနိုင်က သူ့အနားရောက်လာကာ စူးစမ်းသလိုကြည့်ရင်းမှ …

"ဘာဖြစ်တာလဲ၊ ဓားထိတာလား၊ သတိထားလေကွာ၊ စိတ်တွေက ဘယ်ရောက်နေတာလဲ၊ သွား … သွား … လက်သွားဆေးပြီး ပလာစတာဖြစ်ဖြစ် ကပ်ချည်ဦး"

"ဟုတ် …"

ပြောပြီး သန့်စင်ခန်းရှိရာကို ထွက်လာခဲ့လိုက်သည်။ လက်က အနာကို ရေဆေးပြီး ကြည့်လိုက်စဉ်မှာတော့ ဒဏ်ရာက ပြောလောက်အောင်တော့ မနက်ချေ။ အပေါ်ယံ ရှပ်လှီးမိတာဖြစ်ပြီး အသားစ နည်းနည်းတော့ ပဲ့ပါသွားသည်။

သူက သက်ပြင်းမောတစ်ခုကို မှုတ်ထုတ်လိုက်၏။

ဘယ်လို ဖြစ်ရတာလဲ။ ဒီလောက် ဂရုစိုက်နေတဲ့ကြားက

www.burmeseclassic.com



ဖြစ်ရတယ်လို့။ စိတ်က တော့ ဘယ်ကိုမှ လွင့်မနေတာ အာမခံရဲပါသည်။ လိုးနေရင်းကနေ ချော်သွားတာဖြစ်၏။

♥ ♥ ♥



ဘုရားပန်းလဲပြီး ဘုရားပန်းအိုးကို ဘုရားစင်ပေါ် တင်ကာ လှည့်အထွက်မှာပင် ဘုရားအိုးစင်ပေါ်က ဘုရားပန်းအိုးတစ်လုံးက အောက်သို့ ပြုတ်ကျလာသည်။ ကြွေဘုရားအိုးမို့ ကွဲတော့ မကွဲ။

ဒေါ်သရဖီက ရင်ဘတ်ကို လက်တစ်ဖက်ဖြင့် ဖိလိုက်ရင်းမှ အတွေးများသွားရသည်။ ဘယ်လိုဖြစ်ရတာလဲ။ သေချာတင်လိုက်တာပါ။

တစ်ခုခုများ ...

အို ... မဖြစ်နိုင်ပါဘူး။ ဘုရားပန်းအိုးထဲကို ငါ ပန်းစိုက်ထားတာ အပေါ်ဝိတ်များပြီး ဟန်ချက်မညီဘဲ ပြန်ပြုတ်ကျတာနေမှာပါ။ ငါ့နှယ် နမော်နမဲ့ နိုင်ချက်များ ပြောပါတယ်။

ဒေါ်သရဖီက ဘုရားပန်းအိုးနှင့် ပျံ့ကျဲသွားသည့် ပန်းများကို အသစ်ပြန်တင်ရန် ကောက်ယူလိုက်သည်။ ကြမ်းခင်းပေါ်မှာ ရေကွက်ကြီးလည်း ထင်သွားပြီ။ ဒါကိုလည်း ပြန်သုတ်ရပေဦးမည်။

ဟင်း ... ငါလည်း အသက်က စကားပြောလာပြီ ထင်ပါရဲ့ ...။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းညီက ကားကို လမ်းကြားတစ်ခုထဲ မောင်းဝင်လာရင်းကနေ လမ်းချိုးတစ်ခုမှ ကလေးတစ်ယောက်က ရုတ်တရက် ပြေးထွက်လာတာကြောင့် ကားဘရိတ်ကို အလန့်တကြားပင် အမြန်နင်းလိုက်ရသည်။

"ကျွိ ..."

ဘရိတ်နင်းသံနှင့် လမ်းနှင့် ကားဘီးပွတ်တိုက်သံတို့က လမ်းကြားထဲမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

တော်ပါသေးရဲ့ ... ခါးပတ် ပတ်ထားမိလို့။ မပတ်ထားမိပါက ကိုယ့်အဖြစ်က မတွေးရဲစရာ။ ရှေ့ဘက်ကို လွင့်စင်ထွက်သွားမှာ။

ဖြတ်ပြေးသည့် ကလေးကတော့ တစ်ဖက်လမ်းကြားထဲ ဝင်ရောက်ပျောက်ကွယ်သွားတာ အစအနပင် မတွေ့ရတော့။ ကိုယ့်မှာသာ ကမ္ဘာပျက်ကာ ကျန်ခဲ့ရတာ ဖြစ်သည်။

ဟူး ... မတိုက်မိလို့သာပဲ။ တိုက်မိလို့ကတော့ ရှင်းပြေတော့ ...။





ကိုယ် မှားမှား မှန်မှန် လူတိုက်မိလို့ကတော့ လျော်ဖို့သာ ပြင်ထားပေတော့။

ဘုရား ကယ်လို့ ... ဘုရားကယ်လို့ ... ဟူး ...။



www.burmeseclassic.com

www.burmeseclassic.com

ညိုပြာက ခုတင်ပေါ်မှာ လဲလျောင်းနေရင်းက မျက်ရည်တွေ အသံတိတ် စီးကျနေ၏။

ဦးမြင့်ဆောင်က ရေချိုးပြီးပြီမို့ အင်္ကျီတွေ ပြန်ဝတ်နေရင်းက ညိုပြာ့ကို တစ်ချက်ကြည့်လိုက်ရင်း ပြုံးလိုက်မိသည်။

♥ ♥ ♥



ညိုပြာက ညနေမှောင်မှ အိမ်ပြန်လာခဲ့သည်။

သူမခြေလှမ်း တွေက လေးလံထိုင်းမှိုင်းလို့။

သူမ၏ အပျိုစင်ဘဝကတော့ လှေကားတစ်ခုသဖွယ် ချနင်းခဲ့ပြီ ဖြစ်သည်။

"ညီမလေး ဘယ်တွေလျှောက်သွားနေရတာလဲ၊ ဖုန်းခေါ်နေတာလည်း ခေါ်မရဘူး၊ စက်ပိတ်ထားတယ်တဲ့"

သူမက မိသားစုရှေ့မှာ ပျက်ယွင်းနေသည့် သူမ မျက်နှာကို အတောက်ပဆုံး ပြုပြင်ယူလိုက်သည်။

"ပိတ်ထားမှာပေါ့ အစ်ကိုကြီးရဲ့၊ အလုပ်ကိစ္စ ပြောနေရတာကိုး"

ပြောပြီး သူမက စကားကို ခဏဖြတ်ထားလိုက်ကာ အားလုံးကို တစ်ချက် ဝေ့ဝဲကြည့်လိုက်ရင်း ...

"ဖေဖေ ... မေမေ ... ပြီးတော့ အစ်ကိုကြီး ညီမလေးလေ ညီမလေး အရွေးခံလိုက်ရပြီ"

"တကယ် ..."



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးနှင့် ဖေဖေ့ မျက်လုံးတွေက ဝမ်းသာရိပ်တွေ သန်းသွားရုံလောက်သာ ဖြစ်ပေမယ့် မေမေကတော့ အတော့်ကိုပဲ ပျော်သွားဟန် ရှိလေသည်။

"တကယ်ပေါ့ … မေမေရဲ့၊ မကြာခင်မှာ သူတို့က သမီးနဲ့ စာချုပ်ချုပ်မယ်တဲ့"

"ဟား … ဒါမှ အမေ့ သမီးကွ၊ အဟင်းဟင်း … ဒေါ်သရဖီတို့တော့ ရုပ်ရှင်မင်းသမီးရဲ့ အမေ ဖြစ်ရချည်သေးရဲ့ အဟင်းဟင်း"

"ဒါနဲ့ ညီမ လေး ငိုထားတာလား၊ မျက်နှာက မို့အစ်နေတာပဲ"

ဟန်ဆောင်နေသည့် ကြားမှပင် အစ်ကိုဖြစ်သူက သူမမျက်နှာရိပ် မျက်နှာကဲကို အကဲခတ်မိသွားသေးသည်။ သူမက ပါးနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ရောယောင်စမ်းကြည့်လိုက်မိပြီးမှ …

"ဩော် … ဟိုဟာ … ဟုတ်တယ် အစ်ကိုကြီးရဲ့၊ ဒီနေ့ သူတို့က နောက်ဆုံးစမ်းသပ်မှုအနေနဲ့ ငိုတဲ့အခန်းတစ်ခုကို အစမ်းသရုပ်ဆောင်ခိုင်းတယ်လေ၊ အဲဒါ အပီအပြင် ငိုပြလိုက်တာ ဒီလိုဖြစ်သွားတာပဲ … အဟင်းဟင်း …"

"ဩော် … ဒီလိုလား၊ မသိပါဘူး … တစ်ခုခုများ ဖြစ်လာတာလားလို့"

"ဖြစ်စရာလား … အစ်ကိုကြီးကလည်း …"

"သမီး ကြည့်ရတာ မင်းသမီးတောင် မလုပ်ရသေးဘူး၊ ပင်ပန်းနေသလိုပဲ၊ ပင်ပန်းနေရင်လည်း မလုပ်ပါနဲ့လား သမီးရယ်"

ဖေဖေကလည်း သူမ မျက်နှာ မရွှင်တာကို သတိထားမိပုံရ၏။





အပြုံးတစ်ခုနှင့် ဘယ်လောက်ဖုံးဖုံး ဒဏ်ရာရနေသည့် လူတစ်ယောက်၏ နာကျင်မှုကတော့ ပေါ်နေမှာပဲဖြစ်ပါသည်။ ဒါပေမယ့် သူမ နောက်လှည့်လို့ မရတော့ဘူး။ ဒီလိုအခြေအနေ၊ ဒီလိုပေးဆပ်မှုတွေ၊ ဆောမှုတွေ လုပ်ခဲ့ပြီးမှတော့ သူမ နောက်လှည့်ဖို့ စိတ်ကူးမရှိတော့ပါချေ။

တန်ဖိုးကြီးကြီး ပေးဆပ်ခဲ့ရမှုအတွက် တန်ဖိုးကြီးတဲ့အရာတွေကို သူမ ပြန်ရယူနိုင်မှ ဖြစ်ပါမည်။

"အာ … ဖေဖေကလည်း သမီး ဒီရလဒ်ကို ရအောင် ဘယ်လောက်တောင် ကြိုးစားခဲ့ရလဲ၊ ဒီအခြေအနေရောက်မှတော့ နောက်ပြန်မလှည့်ချင်ပါဘူး၊ ပြီးတော့ သမီး မပင်ပန်းပါဘူး ဖေဖေရဲ့၊ သမီး ဝါသနာပါတဲ့ အလုပ်ကို လုပ်ရတော့မှာမို့ သမီးက ပျော်နေတာ၊ အဟင်း … ဟင်း …"

သူမစကားအဆုံး ဖေဖေက ပြုံး၏။

ဟုတ်တယ် … မိဘတွေ ပြုံးပျော်နေနိုင်မယ်ဆိုရင် သူမ ပေးဆပ်ခဲ့ရတာ တန်ပါတယ်လေ။

"မေမေ … သမီး ရေချိုး အဝတ်အစား သွားလဲလိုက်ဦးမယ်"

"အေးအေး … သွား … သွား …"

အခန်းထဲ ရောက်စဉ်မှာတော့ တံခါးကို လော့ခ်ချကာ ခုတင်ပေါ်မှာ မှောက်ချလိုက်မိသည်။ ဒီတော့မှ မိသားစုရှေ့မှာ ထိန်းထားသည့် မျက်ရည်များက အတားအဆီးမရှိ စီးကျလာ၏။

မကုန်သေးဘူးလား။

မကုန်သေးဘူးလား … ဒီမျက်ရည်တွေက။



www.burmeseclassic.com

www.burmeseclassic.com



ကုန်ပါတော့။ မြန်မြန်ကုန်ပါတော့။
မိသားစုရှေ့မှာ ...
အားလုံးရဲ့ အရှေ့မှာ ငါ ပြုံးနေနိုင်မှဖြစ်မယ်။
ဟုတ်တယ် ... ငါ အလှပဆုံး ပြုံးနေနိုင်မှဖြစ်မယ်။

♥ ♥ ♥



## အခန်း(၄)

ဒီနေ့မှာတော့ ညိုပြာ၊ ဦးမင်းညီနှင့် ဒေါ်သရဖီတို့က မီးနှင့်မြေ ရုပ်ရှင်ထုတ်လုပ်ရေးတိုက်ကို သွားပြီး ဦးထက်ပိုင်ဆီမှာ စာသွားချုပ်ခဲ့ကြလေသည်။

စာချုပ်ချုပ်အပြီးမှာတော့ ဦးထက်ပိုင်က ညိုပြာကို လက်တစ်ဖက် ကမ်းပေးလာကာ လက်ဆွဲနှုတ်ဆက်ရင်း ...

"ကိုယ်တို့ အတူကြိုးစားကြတာပေါ့၊ ဟုတ်လား ..."

အခုတော့လည်း ဦးထက်ပိုင်၏ ပုံစံက ဘာမှလုပ်မထားသလိုပင်။ တကယ့်ကို သူတော်ကောင်းကြီး တစ်ယောက်အလား။

ဒါပေမယ့် သူမကလည်း အပြုံးတစ်ခုနှင့်သာ ပြန်လည်တုံ့ပြန်လိုက်ရင်းမှ ...

"ဟုတ်ကဲ့ ..."

ဟုသာ ဆိုဖြစ်လိုက်သည်။

ဒေါ်သရဖီကတော့ ဦးထက်ပိုင်ကို တကယ့်ကိုပဲ ကယ်တင်



www.burmeseclassic.com

www.burmeseclassic.com



ရှင်၊ ကျေးဇူးရှင်ကြီးတစ်ယောက်အလားပင် ရွှန်းရွှန်းစားစား အားကိုးတကြီး ကို ဖြစ်လို့ပင်။

"သမီးလေးကို အပ်ပါတယ်နော်၊ အစစအရာရာ အမြင်မတော်တာ ရှိရင်လည်း ဆုံးမပေးပါ၊ လမ်းလွဲလိုက်မှာကို တွေ့ရင်လည်း တားဆီးပေးပါနော်၊ ကျွန်မတို့ အပ်ပါတယ်ရှင်"

ဦးထက်ပိုင်က ဒေါ်သရဖီကို တစ်လှည့်၊ ညိုပြာကို တစ်လှည့် ပြုံးစိုက်ကြည့်လိုက်ရင်းမှ ...

"စိတ်ချပါ၊ ကျွန်တော်တို့ သူ့ကို အပေါက်တင်မှာပါ"

"ကျွန်တော်တို့က ဒီလောကအကြောင်း ဘာမှနားမလည်ဘူးဗျ၊ သမီးလေးက လုပ်ချင်နေလို့သာ ခွင့်ပြုပေးလိုက်တာ၊ အပ်ပါတယ်ဗျာ၊ ကိုယ့်သမီး၊ ကိုယ့်ညီမ တစ်ယောက်လို ပြောဆိုဆုံးမနိုင်ပါတယ်"

ဖခင်ဖြစ်သူ ဦးမင်းညီကလည်း ဒီလောက်သာ ပြောတတ်သည်။ ရုပ်ရှင်လောကဆိုတာကို ကြားသာကြားဖူးတာ၊ သူတို့နှင့်က အလှမ်းဝေးလွန်းခဲ့သည် မဟုတ်ပါလား။

"စိတ်ချပါဗျာ၊ ကျွန်တော်တို့ တိုက်က တင်တဲ့ မင်းသမီးပဲဟာ ကျွန်တော်တို့ မိသားစုဝင်ပဲပေါ့၊ အဟင်း ..."

ဦးထက်ပိုင်နှင့် ညိုပြာတို့က မျက်လုံးချင်း ဆုံသွားကြသည်။ သူတို့နှစ်ယောက်၏ မျက်ဝန်းတွေကို ဖတ်နိုင်လောက်အောင်တော့ ဦးမင်းညီနှင့် ဒေါ်သရဖီတို့က မစွမ်းသာခဲ့ကြပါချေ။

♥ ♥ ♥



ညိုမင်းမောင် အိမ်ပြန်ရောက်တော့ ဖေဖေနှင့် မေမေက ထမင်းစားနေကြပြီဖြစ်သည်။ သူက ဒီနေ့ စားသောက်ဆိုင်မှာပဲ ညစာကို စားခဲ့မှာဖြစ်ကြောင်းကို လှမ်းဖုန်းဆက်ထားတာကြောင့် မေမေတို့က စောင့်ခြင်း ဖြစ်သည်။ ဒါပေမယ့် ညီမဖြစ်သူ ညိုပြာကို မတွေ့ရလေရာ

"ညီမလေးရော မေမေ ..."

ထမင်းမစားပေမယ့်လို့ ထမင်းဝိုင်းမှာ ဝင်ထိုင်ကာ မေးလိုက်သည်။ သူ့အမေးကို မေမေက ...

"မင်းညီမ ဒီနေ့ ရှူတင်ရှိတယ်လေ၊ ပြန်လာနေပြီလို့တော့ ပြောတယ်"

ဟု ဆိုလာသည်။

"ဩော် ... ဟုတ်၊ ဒါနဲ့ ညီမလေးနောက်ကို ကျွန်တော်တို့အိမ်က တစ်ယောက်မှ လိုက်မပေးလို့ ဖြစ်ပါ့မလား၊ သူ တစ်ယောက်တည်း သွားနေတာ စိတ်ချရပါ့မလား ..."

"သုတ်လုပ်ရေးက ကောင်မလေး တစ်ယောက် ငှားပေးထားတယ်လေ၊ ပြီးတော့ အိမ်က ဘယ်သူလိုက်မှာလဲ၊ မင်းကလည်း မင်း



www.burmeseclassic.com

www.burmeseclassic.com



အလုပ်နဲ့မင်း၊ မင်းအဖေကလည်း တစ်နေ့ကုန် တက္ကဆီမောင်းနေရတာ၊ မေမေကလည်း အိမ်မှာ ချက်ရပြုတ်ရ လျှော်ရဖွပ်ရနဲ့ မလိုက်နိုင်ဘူးလေ၊ မင်းနဲ့ မင်းအဖေထဲက တစ်ယောက်ယောက် အလုပ်နားဖို့ဆိုတာကလည်း အိမ်ရဲ့ ဝင်ငွေက ရှိသေးတယ်မဟုတ်လား၊ ညိုပြာက အခုမှ သရုပ်ဆောင်စလုပ်နေတာ၊ ပြီးတော့ သရုပ်ဆောင်ခဆိုတာကလည်း သူ ခေါင်းဆောင်စရိုက်ပြီဆိုတော့မှ ပေးမှာလို့ စာချုပ်ထားတာလေ၊ အခုက သူ့ဟာနဲ့သူ လုံးလည်ချာလည် လိုက်နေတာကြီးကို သားရယ်၊ အဆင်မပြေတာရှိရင် ပြောလို့တော့ ပြောထားတာပဲ၊ မင်းညီမကြည့်ရတာလည်း အဆင်ပြေပုံပါ၊ တစ်နေ့တစ်နေ့ သရုပ်ဆောင်နေရတာကိုပဲ ပျော်နေတဲ့ရုပ်နဲ့ ...”

မေမေ စကားအဆုံး ဖေဖေက တွေးတွေးဆဆဖြင့် ...

“ဒီအတိုင်း လုံးဝကြီးတော့လည်း လွှတ်မထားနဲ့လေကွာ၊ နေ့တိုင်းမဟုတ်တောင် တစ်ရက်တလေ မင်းအားတဲ့နေ့မျိုးဆိုရင်တော့ လိုက်သွားပေးလိုက်ပါဦး၊ ဘာပဲပြောပြော ကိုယ့်အိမ်က လူပါတော့ သူလည်း အားတက်တာပေါ့”

ဟုဆိုတော့ မေမေက ခေါင်းညိတ်လိုက်ရင်းက ပြန်ပြောသည်။

“အင်းပါ ... ကျွန်မကလည်း ဒီအတိုင်းကြီးတော့ လွှတ်မထားပါဘူး၊ လိုက်ပါတယ်၊ နေ့လယ်ကတောင် ကန်တော်ကြီးမှာ ရှုတင်တည်တယ်ပြောလို့ လိုက်သွားသေးတယ်၊ သမီးက လေ့လာတုန်းအဆင့်ပါ၊ ဒုတိယနေရာက ကင်မရာစမ်းပြီး ဝင်ရိုက်နေတာဆို





လားပဲ၊ ခေါင်းဆောင်မင်းသမီး မလုပ်ရသေးတော့ ထိုင်နေရတာက များပါတယ်၊ ကျွန်မ ရှိနေတဲ့တစ်ချိန်လုံး သူ့မှာ ထိုင်နေရတာချည်းပဲ”

ဒီအချိန်မှာပဲ အိမ်ရှေ့ဘက်ဆီမှ အသံကြားတာကြောင့် ညီမင်းမောင်က ...

“ဟော ... ညီမလေး ပြန်လာပြီထင်တယ်”

ဆိုပြီး ထလာခဲ့လိုက်သည်။ ဧည့်ခန်းဘက်ကို အရောက်မှာတော့ အိတ်တစ်လုံးကို တစ်ဖက်၊ ခြင်းတောင်းကြီးတစ်ခုကို တစ်ဖက်ဆွဲကာ ဝင်လာသည့် ညီမလေးကို တွေ့လိုက်ရသည်။

“ဟော ... အစ်ကိုကြီးတောင် ရောက်နေပြီ၊ ဒီနေ့ အစောကြီး ပြန်လာတာလား”

သူက ညီမလေးလက်ထဲမှ အဝတ်အိတ်ကြီးနှင့် ခြင်းတောင်းကြီးကို လက်ပြောင်းယူလိုက်ရင်း ...

“အစ်ကိုကြီးက မစောပါဘူး၊ ညီမလေးက နောက်ကျနေတာ”

“သြော် ... ဟုတ်တယ် အစ်ကိုကြီးရဲ့၊ ညီမလေး ပါတဲ့အခန်းက ညနေဘက် ရိုက်ရတာဆိုတော့ နောက်ကျသွားတာ”

“ညစာရော စားပြီးပြီလား”

“ပြီးပြီ ... ရှုတင်ကအဖွဲ့နဲ့ စားခဲ့လိုက်တယ်”

ပြောရင်း ညိုပြာက ရှေ့ကနေ သူမအခန်းရှိရာကို ဦးတည်ထွက်သွားတော့ ညီမင်းမောင်က အထုပ်နှင့် ဆွဲခြင်းကိုဆွဲကာ နောက်မှ လိုက်သွားရသည်။

“အဆင်ပြေရဲ့လား၊ ညီမလေး ကြည့်ရတာ ပင်ပန်းလိုက်တာ”



www.burmeseclassic.com

www.burmeseclassic.com



ညိုပြာက ပြုံးလိုက်ရင်းမှ ...

"ပြေပါတယ် အစ်ကိုကြီးရဲ့၊ မပင်ပန်းပါဘူး၊ ပင်ပန်းရလောက်အောင်လည်း သရုပ်မဆောင်ရသေးပါဘူး၊ အခုမှ စမ်းရိုက်နေတာဆိုတော့ ဒုတိယနေရာ မထင်မရှားလောက်ကနေ သရုပ်ဆောင်နေရတာပါ၊ သင်နေတဲ့ သဘောပေါ့၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပြီ၊ ဒါရိုက်တာတွေကလည်း ခေါင်းဆောင်နေရာက ရိုက်လို့ရပြီလို့ ထင်တဲ့အချိန်ကျမှ ခေါင်းဆောင်နေရာက ရိုက်ရမှာ၊ အခုလောလောဆယ်ကတော့ ဘေးကနေ ထိုင်ကြည့်နေရတာက များများပါ"

"အင်း ... အဆင်ပြေရင်လည်း ပြီးတာပါပဲ၊ တစ်ခုခုဆို အစ်ကိုကြီးတို့ကို ပြောနော်၊ တစ်ယောက်တည်း ကျိတ်မဖြေရှင်းနဲ့၊ ကြားလား ...၊ အစ်ကိုကြီးတို့ကလည်း လိုက်မပေးနိုင်တော့ တစ်ခုခုဆို ညီမလေး ပြောပြမှပဲ သိရမှာ ..."

"ဟုတ် ..."

"အင်း ... အင်း ... ဒါဆိုလည်း နားလိုက်ဦး၊ အစ်ကိုကြီး သွားတော့မယ်"

ညိုမင်းမောင်က ညီမဖြစ်သူ၏ခေါင်းကို တစ်ချက် နှစ်ချက်သာသာလေး ပုတ်ကာ အားပေးခဲ့လိုက်ပြီးနောက် ညီမလေးအခန်းထဲမှ ထွက်လာခဲ့လိုက်သည်။ သူလည်း ရေချိုးကာ အနားယူပါတော့မည်။ တစ်နေကုန် တကုပ်ကုပ်ဖြင့် အလုပ်လုပ်ခဲ့ရတာ ပင်ပန်းနေပြီ မဟုတ်ပါလား။

❤ ❤ ❤



"ဘာဖြစ်လို့ စားဖိုမှူးအလုပ်ကို ရွေးရတာလဲ ... ပြောပြပါလား၊ တခြားအလုပ်တွေလည်း ရှိရက်သားနဲ့ကို"

ကော်ဖီခွက်ထဲကို သကြားတစ်ထုပ် ဖောက်ထည့်ရင်း မေးသာသည့် ငွေနှင်းမှုန်၏ အမေးကို ညိုမင်းမောင်က တစ်ချက်ပြုံးလိုက်ရင်းမှ ...

"ဪ ... ဆယ်တန်းအောင်တုန်းက ရိုးရိုးပဲ အောင်တာလေ၊ အမှတ်လည်း မကောင်းဘူး၊ ရိုးရိုးဘွဲ့လေးပဲ ရတယ်၊ ဒီတော့ ဘာအလုပ်များ လုပ်နိုင်မှာတဲ့လဲ၊ ပြီးတော့ ငါတို့အိမ်ရဲ့ စီးပွားရေးကလည်း သိပ်အဆင်မပြေဘူးလေဟာ၊ အဲဒီတော့ ရတဲ့ အလုပ်ကို ဝင်လုပ်နေရင်းကနေ အခုလို လက်ထောက်စားဖိုမှူးတစ်ယောက်ဖြစ်လာတာပဲ၊ ကိုယ့်အသိ ဦးလေးကြီးတစ်ယောက်က အလုပ်ခေါ်ပေးတာလည်း ပါတာပေါ့၊ အစတုန်းကတော့ ခဏတစ်ဖြုတ်ပဲ လုပ်မယ်လို့ပဲ တွေးထားတာပါ၊ အခုတော့ လုပ်ရင်း လုပ်ရင်းက ဒီအလုပ်ကို ဝါသနာပါလာတာ၊ အဲဒါကြောင့် သူတို့ဆီမှာ ဆော

www.burmeseclassic.com



ချာသင်နေတာ၊ နောင်တစ်ချိန် ဟိုတယ်တစ်ခုခုမှာ ဝင်လုပ်မလို့၊ အဲဒီမှာဆို ဒေါ်လာနဲ့ ရမှာလေ”

သူမက ခေါင်းညိတ်သည်။ ဒီတော့ သူကလည်း သူမကို စူးစမ်းသလို တစ်ချက်ကြည့်လိုက်ရင်းမှ …

“နင့်ကိုလည်း မေးပါဦးမယ်၊ နင်ကရော ဆယ်တန်းမှာ ဂုဏ်ထူး ငါးလုံး ပါတယ်ပြောပြီး ဘာလို့ ဒီရှေ့နေအလုပ်ကို လုပ်ရတာလဲ၊ ငါသာဆို ဆေးကျောင်းတို့ ဘာလို့ တက်မှာ”

ဟု မေးတော့ သူမက ပြုံးပြန်သည်။ သူမ အဲဒီလို ပြုံးတိုင်း သူ့ရင်ထဲမှာ အချစ်တွေက တဖွားဖွား တိုးပွားလာနေရတာ သူမကတော့ သိပါလေစ။

“ဝါသနာပဲ ပြောပါတော့ဟာ၊ ငါက ငယ်ငယ်လေးကတည်းက စပ်စုရတာ ဝါသနာပါတယ်လေ၊ ကြီးလာတော့လည်း ရှုပ်ထွေး ပွေလီနေတဲ့ အမှုတွေကို အာပေါက်မတတ် လှည့်ပတ်မေး၊ စုံစမ်း ပြီးတော့ အမှုမှန်ပေါ်သွားပြီဆိုရင် တအားပျော်တာ၊ အဲဒီလို ခံစားချင်လို့ကို ဒီရှေ့နေအလုပ်ကို တမင် ရွေးခဲ့တာ၊ ပြီးတော့ မှုခင်းတွေမှာ ခံလိုက်ရတဲ့လူတွေကို စာနာတယ်ဟာ၊ အဲဒီအတွက် မသမာသူတွေကို ဖော်ထုတ်ပြီးတော့ ခံလိုက်ရတဲ့ သူတွေအတွက် အမှန်တရားကို ယူပေးချင်တယ်၊ ခံလိုက်ရတဲ့သူတွေကို တန်ရာ တန်ကြေး ပြန်ယူပေးခြင်းအားဖြင့် နှစ်သိမ့်ပေးချင်တယ်၊ အဲ့ဒါ ကြောင့် ဒီလမ်းကို ရွေးခဲ့တာ”

“အမှန်တရားကိုချည်းပဲ ရှာမနေနဲ့လေဟာ၊ အချစ်ကိုရော မရှာ သေးဘူးလား”





သူ့စကားအဆုံး သူမက မျက်စောင်းလှလှလေး တစ်ချက်ကို သူ့ဆီ ဝင့်ခနဲ ပို့လွှတ်၏။ ချစ်တဲ့စိတ်နှင့် ကြည့်နေမိတော့လည်း သူ့ အတွက်က သူမ ဘယ်လိုပဲနေနေ ရင်ခုန်သံ မြန်စရာတွေချည်းပဲ ဖြစ်နေ ရတော့တာ ဖြစ်ပါသည်။

“ဟွန်း … လာပြန်ပြီ၊ နင်လည်း ငါ့အဖေနဲ့ လေသံက တစ်သံ တည်းပဲ၊ အဖေကလည်း အဲဒီစကားကို ခဏခဏ ပြောတယ်၊ နေစမ်းပါဦး … ငါ့ကိုသာ ပြောနေတယ်၊ နင်ကရော အချစ်ကို တွေ့နေပြီလား”

သူမ စကားကြောင့် သူက သူမကို တစ်မျိုးသော အကြည့် ဆေးကို ခပ်ပါးပါးလေးသာ ဖျတ်ခနဲ ကြည့်ပေးလိုက်မိပြီးနောက် အဲဒီ အကြည့်ကို ချက်ချင်းပဲ သူ့ရှေ့က ကော်ဖီခွက်ဆီ ပို့လွှတ်ပစ်လိုက်ရင်း က …

“ဟား … ဒီအရွယ်မှ အမြီးမပေါက်သေးရင် ဘာမျောက်လဲ မေး မှာပေါ့ဟ၊ ငါက အချစ်ကို တွေ့နေပါပြီ …”

“တကယ် …”

သူမ မျက်လုံးတွေမှာ အရိပ်တချို့ ဖြတ်ပြေးသွားကြ၏။ ဒါပေမယ့် ခဏလေးဆိုတော့ သူ ဖမ်းမမိခဲ့။

“အင်း … ဒါပေမယ့် ငါချစ်နေတာကို သူက မသိရှာသေးပါဘူး ဟာ”

သူ့စကားကြောင့် သူမက နှာခေါင်းတစ်ချက် ရှုံ့သွားရင်း က …

“ဟင် … ဒါဆို နင်က တစ်ဖက်သတ်ကြီးပေါ့ …”



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလာတော့ သူက သူမကို လှို့ဝှက်စွာ ပြုံးပြလိုက်ရင်းက ဆိုမိသည်။

"အဟင်း … အဲဒီလိုမဖြစ်ဖို့တော့ မျှော်လင့်ရတာပဲ"

ထိုအခိုက် သူမနှင့် သူ မျက်လုံးချင်း ခလုတ်တိုက်မိသွားကြသည်။ သူက အကြည့်ကို မလွှဲမိ။ သူမကသာ သူ့မျက်လုံးတွေဆီက တစ်ခုခုကို တွေ့ရှိသွားသလိုဖြင့် အကြည့်ကို ချက်ချင်း လွှဲသွား၏။

♥ ♥ ♥



## အခန်း(၅)

စားပွဲပေါ်မှာ တင်ပေးလာသည့် ပိုက်ဆံတွေကို ကြည့်ကာ ဒေါ်သရဖီက တအံ့တဩ ဖြစ်သွားရသလို ဦးမင်းညီနှင့် ညိုမင်းမောင်တို့မှာလည်း ထိုနည်းလည်းကောင်း ပါးစပ်အဟောင်းသားပင် ဖြစ်သွားကြသည်။

"ပိုက် … ပိုက်ဆံတွေက များလှချည်လား သမီးရဲ့၊ ဘယ်ကနေဒါတွေ ရလာတာလဲ"

ဒေါ်သရဖီ့ စကားကြောင့် ညိုပြာက ပြုံးလိုက်ရင်းက …

"ထုတ်လုပ်ရေးကလေ အမေရဲ့၊ သမီး ခေါင်းဆောင်မင်းသမီးလုပ်ရတော့မှာမို့လို့ ဆယ်ကားစာဆိုပြီး ထုတ်ပေးကိုက်တာ၊ သိန်းတစ်ရာ …"

"သိန်းတစ်ရာ …"

ဒေါ်သရဖီ့အသံက တအံ့တဩ ထွက်လာပြန်သည်။ ညိုပြာက ခေါင်းညိတ်ပြလိုက်ပြီးမှ …



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ ... ဒါက အစမို့လို့ တစ်ကားကို ဆယ်သိန်းပဲ ပေးသေးတာ၊ နောက်ပိုင်း နာမည်ရလာတဲ့ အခါကျရင် ပိုရဦးမှာ"

ဦးမင်းညီနှင့် ညိုမင်းမောင်တို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။

နောက်တော့ ဦးမင်းညီက ပိုက်ဆံတွေကို တစ်လှည့် သမီး ဖြစ်သူကို တစ်လှည့် ကြည့်လိုက်ရင်း ...

"ဒီပိုက်ဆံတွေကို သမီးက တောင်းတာလား၊ ဒါမှမဟုတ် သူတို့က ပေးလိုက်တာလား၊ သမီးကို ပိုက်ဆံတွေနဲ့ ချုပ်မိနေတာမျိုး တော့ မလုပ်နဲ့နော် သမီး"

"မတောင်းပါဘူး ဖေဖေရယ်၊ သူတို့ဘာသာ ပေးလိုက်တာပါ။ သူတို့က သမီးတို့အိမ်ရဲ့ အခက်အခဲကို သိတယ်လေ၊ ဒီအိမ်လေးကို သိန်းငါးဆယ်နဲ့ ပေါင်ထားတယ်ဆိုတာကို သူတို့က သိတော့ အတိုးတွေ တအားတက်နေလိမ့်မယ်၊ ရွေးထားဆိုပြီးတော့ ထုတ် ပေးလိုက်တာ၊ နောက်ပြီးတော့ သမီးက သူတို့နဲ့ စာချုပ်ထားတာ လေ ဖေဖေရဲ့၊ ပိုက်ဆံနဲ့ သူတို့တွေက ထပ်ချုပ်နေဖို့မှ မလိုတော့ တာ ..."

"ဒါပေမယ့် ညီမလေးက အခုထိ ခေါင်းဆောင်နေရာကနေ တစ် ကားမှ မရိုက်ရသေးဘူးလေ၊ ပိုက်ဆံတွေ ကြိုယူထားသလို ဖြစ် မှာစိုးလို့ ပြောတာပါ"

"ဒီလကုန်ရင် စရိုက်ပြီ အစ်ကိုကြီးရဲ့၊ ဘာရှော့ခ်မှ မရှိတော့ပါဘူး။ စိုးရိမ်မနေပါနဲ့ မေမေတို့ရယ်၊ သမီးကလည်း သမီးကိုယ် သမီး တော့ အခက်အခဲတွေ့အောင် မလုပ်ပါဘူး၊ ဒီပိုက်ဆံတွေကို ရရှိ





သာ သုံးပါ၊ အဓိကက အိမ်ရွေးရမယ် မဟုတ်လား၊ အိမ်ရွေးလိုက် နော် မေမေ၊ ဒါမှ မေမေလည်း စိတ်အေးအေးနေနိုင်မှာ မဟုတ် လား"

ညိုပြာ့ စကားကြောင့် ဒေါ်သရဖီက သမီးဖြစ်သူကို မျက် စောင်းတစ်ချက် ထိုးလိုက်ကာ ပြုံး၏။

"ဒါပေမယ့် သမီး မေမေတို့ ဖေဖေတို့၊ အစ်ကိုကြီးတို့ကို ခွင့် တောင်းစရာ တစ်ခုတော့ ရှိတယ်"

ရုတ်တရက် အားလုံးက တိတ်သွားကြသည်။ ညိုပြာက အားလုံးကို ဝေ့ဝဲကြည့်လိုက်ကာ ...

"ဟို ... သမီးက အခုဆိုရင် ခေါင်းဆောင်နေရာက ရိုက်ရတော့ မှာဆိုတော့လေ၊ နောက်ပိုင်းဆိုရင် မီဒီယာတွေ ဘာတွေက မင်း သမီးအိမ်အထိ ရောက်လာတော့မှာလေ၊ အဲဒီတော့ မင်းသမီး ညိုပြာက ဒီလိုအိမ်မှာ နေတာပါဆိုတာမျိုး မဖြစ်စေချင်ဘူးတဲ့၊ အဲဒါကို ထုတ်လုပ်ရေးက တွေးပြီးတော့ သမီးအတွက် တိုက်ခန်း တစ်ခန်း စီစဉ်ပေးမယ်တဲ့၊ သမီးကို အဲဒီမှာ နေပေးရမယ် ပြော နေတယ်"

"တိုက်ခန်းမှာ ပြောင်းနေပေးရမယ်"

ဒေါ်သရဖီနှင့် ဦးမင်းညီထံမှ စကားသံနှစ်ခုက တစ်ပြိုင် နက်တည်း ထွက်လာသည်။

"မဟုတ်ဘူး မေမေရဲ့၊ တိုက်ခန်းက သူတို့အပိုင်ပဲ၊ အဲဒီမှာ သမီး က ခဏနေပေးရမှာ၊ သူတို့နဲ့ စာချုပ်ထားတဲ့ ကာလစေ့လျှောက် ပေါ့၊ အချိန်အတိုင်းအတာတစ်ခုအထိ နေပေးရမှာ၊ မင်းသမီးသစ်

www.burmeseclassic.com



တင်နေတဲ့အချိန်မှာ အပြင်လူက မြင်လိုက်တာနဲ့ အင်ပရက်ရှင် အောက်မသွားအောင်လို့တဲ့”

ဒီတော့ တစ်ချိန်လုံးငြိမ်နေသည့် ညိုမင်းမောင်ဆီက စကားသံ ထွက်လာသည်။

“အစ်ကိုကြီးတို့လည်း လိုက်နေရမှာလား”

“မဟုတ်ဘူး၊ ညီမလေး တစ်ယောက်တည်းပဲ သွားနေပေးရမှာ”

ညိုမင်းမောင်က အလိုမကျသလို မျက်ခုံးတွေကို တွန့်ချိုးပစ်လိုက်ရင်း ခေါင်းကိုပါ ခါပြလိုက်ကာ …

“အာ … မဖြစ်နိုင်တာ၊ တစ်ယောက်တည်း သွားနေစရာလား စိတ်မချပါဘူး”

“အေးလေ … သမီးရယ်၊ ဖေဖေကို့ မျက်စိအောက်မှာ မဟုတ်ဘဲနဲ့တော့ ဖေဖေတို့က ဘယ်လိုလုပ် စိတ်ချနိုင်မှာလဲ၊ ကိုယ့်သမီးပျိုလေး တစ်ယောက်တည်းကို တိုက်ခန်းမှာ တစ်ယောက်တည်း သွားနေခိုင်းရမှာကြီးကတော့ မဟုတ်သေးပါဘူး”

“တစ်ယောက်တည်း မဟုတ်ပါဘူး ဖေဖေရဲ့၊ သူတို့က သမီးနိုင်စရာရှိတာ ခိုင်းလို့ရအောင် ကောင်မလေးတစ်ယောက်ကို ထည့်ထားပေးမှာပါ၊ ပြီးတော့ ဟိုလို လုံလုံခြုံခြုံ မရှိတဲ့ တိုက်ခန်းမဟုတ်ပါဘူး ဖေဖေရဲ့၊ အဆင့်မြင့်ကွန်ဒိုတစ်ခုမှာ နေရမှာပါ”

ညိုမင်းမောင်က ကျွတ်ခနဲ စုတ်သပ်လိုက်မိသလို ဦးမင်းညီကလည်း သက်ပြင်းချ၏။ နောက်တော့ ဦးမင်းညီ၏ အကြည့်က ဒေါ်သရဖီဆီ ရောက်သွားရကာ …

“မေကြီး … မင့်သဘောကရော …”





“ကျွန်မလည်း ဒါကြီးကိုတော့ သဘောမကျဘူးတော်၊ ကျွန်မမွေးထားတာက သမီး မိန်းကလေးလေ၊ ယောကျ်ားလေးမှမဟုတ်တာ၊ ယောကျ်ားလေးဆိုရင်တော့ ဒေါင်ကျကျ ပြားကျကျ ဘာမှကိစ္စမရှိဘူး၊ အခုဟာကကျတော့ …”

ဒေါ်သရဖီက စကားကို ရှေ့မဆက်တတ်တော့သလို ဟန်ဖြင့် ရပ်သွားသည်။

“သမီး ကတိပေးပါတယ် မေမေတို့ရယ် နော် … ခွင့်ပြုပေးပါ၊ ပြီးတော့ တိုက်ခန်းမှာနေရပေမယ့် အချိန်ကလည်း ညအိပ်ချိန်လောက်ရယ်ပါ၊ တစ်နေကုန် တစ်နေ့ခန်းက အပြင်မှာပဲ အချိန်ကုန်နေရမှာ၊ သမီး အားတဲ့နေ့တွေ့ဆိုရင်လည်း မေမေတို့ လာနေပေးလို့ ရတာပဲဟာ၊ ပြီးတော့ နယ်ခြားသွားမှာလည်း မဟုတ်ဘူးလေ၊ ရန်ကုန်တစ်မြို့တည်းပဲဟာကို၊ သူတို့ကလည်း အာမခံနိုင်လို့ ပြောတာပါ၊ ခွင့်ပြုပေးပါနော် … နော် … မေမေ”

ဦးမင်းညီနှင့် ဒေါ်သရဖီက ဆုံးဖြတ်ရခက်ပုံဖြင့် တစ်ဦးကို တစ်ဦး ကြည့်လိုက်မိကြသည်။

“မဟုတ်သေးဘူးကွာ၊ အစ်ကိုကြီးတို့ လိုက်နေပေးလို့ရော မရဘူးလား”

“ဒါတော့ ဘယ်လက်ခံမလဲ အစ်ကိုကြီးရဲ့၊ တိုက်ခန်းက ညီမလေးအပိုင်မှ မဟုတ်တာ၊ သူတို့အပိုင်လေ၊ သူတို့က အခုလို ပေးနေတယ်ဆိုတာကလည်း သူတို့တင်တဲ့ မင်းသမီးကို ရိုးလ်တစ်ခုရှိစေချင်လို့ မြှင့်ပေးတဲ့သဘောလေ၊ ဒီတော့ တစ်မိသားစုလုံးကြီးတော့ ဘယ်ထားမလဲ၊ ညီမလေး တစ်ယောက်တည်းကိုပဲ အချိန်အတိုင်းအတာတစ်ခုအအထိ ထားတော့မှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခု ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ"

"မဖြစ်စေရပါဘူး အစ်ကိုကြီးရယ်၊ ညီမလေး ကတိပေးပါတယ်၊ ညီမလေး နေတတ်ပါတယ်၊ ခွင့်ပြုပေးပါနော်၊ တချို့ ကောင်မလေးတွေဆို ညီမလေးအရွယ်လောက်လေးတွေပါပဲ၊ တစ်နယ်တစ်ကျေးကတောင် ရန်ကုန်ကို တစ်ယောက်တည်း တက်လာပြီး ကြိုးစားရှန်းကန်နေကြရတာ၊ ညီမလေး နေတတ်ပါတယ်၊ ခွင့်ပြုပေးပါနော်"

အားလုံး ငြိမ်သွားကြသည်။

မိန်းကလေးတစ်ယောက်တည်းကို ကွယ်ရာမှာ သွားနေခိုင်းရမှာဆိုတာမျိုးက စိတ်ပူစရာပဲ မဟုတ်ပါလား။ ဒါပေမယ့်လည်း နောက်ဆုံးမှာတော့ ဦးမင်းညီက သက်ပြင်းမော တစ်ချက်ကို မှုတ်ထုတ်လိုက်ရင်းက ...

"ဟင်း ... ကောင်းပြီလေ၊ သမီးက ဒီလောက် စိတ်ဆန္ဒပြင်းပြနေမှတော့ ဖေဖေတို့ ခွင့်ပြုပေးလိုက်ပါ့မယ်၊ ဒါပေမယ့် တစ်ခုခုဆိုရင် ဖေဖေတို့ကို လှမ်းပြောနော်"

"ဟုတ် ... ကျေးဇူး"

"လာလည်တာတော့ ရတယ်မဟုတ်လား"

"အာ ... ရပါတယ် အစ်ကိုကြီးရဲ့"

"ငါက ခဏခဏ လာကြည့်မှာနော် ... ဖြစ်လို့လား၊ ခဏခဏ မလာရဘူးပြောရင် ဘယ်လိုလုပ်မလဲ၊ အဲဒီလို စည်းကမ်းတွေရော သူတို့က ပြောထားသေးလား"

"အဲဒီလို မရှိပါဘူး အစ်ကိုကြီးရယ် ... အဟင်း"

"ပြီးရော ... အဲလိုနေခိုင်းပြီး ငါ့ညီမ တစ်ခုခုဖြစ်လို့ကတော့ အဲဒီထုတ်လုပ်ရေးတစ်ခုလုံး သေပြီသာမှတ် ..."





ညိုမင်းမောင် စကားကြောင့် ညိုပြာက သဘောတကျရယ်၏။ ဒါပေမယ့် ညိုပြာ့မျက်လုံးထဲက အရိပ်တချို့ကိုတော့ ညိုမင်းမောင် အပါအဝင် ဦးမင်းညီရော၊ ဒေါ်သရဖီပါ မြင်အောင် မကြည့်နိုင်ခဲ့ကြပါပေ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

စာကြည့်ခန်းထဲမှာ လက်ရှိလိုက်နေသည့် အမှုတစ်ခုအတွက် လိုအပ်သည့် စာရွက်စာတမ်းတွေ လုပ်နေတုန်းမှာပဲ ငွေနှင်းမှုန်၊ အနားကို ဖခင်ဖြစ်သူ ဦးမြင့်ဆောင် ရောက်လာသည်။

"ဟာ ... ဖေဖေ မအိပ်သေးဘူးလား"

"အိပ်တော့မလို့လေ၊ သမီးရော မအိပ်သေးဘူလား၊ ညဥ့်နက်လှပြီ"

"ဟုတ်တယ် ဖေဖေ၊ မနက်ရုံးချိန်းအတွက် ပြင်ဆင်စရာရှိတာ လေးတွေ ပြင်နေလို့၊ ဒါပြီးမှပဲ အိပ်တော့မယ်"

"အင်း ... သိပ်ညဥ့်နက်အောင်လည်း လုပ်မနေနဲ့ဦးနော်၊ ကျန်းမာရေးလည်း ဂရုစိုက်ဦး"

ပြောရင်း ဖေဖေက သူမအနားသို့ တိုးကပ်လာကာ သူမ မျက်နှာရှေ့မှာ ဝဲဖြာနေသည့် ဆံပင်အချို့ကို နားရွက်နောက်ဘက်ထဲ သိမ်းပေးလာသည်။

သူမက ဖေဖေ့ကို မော့ကြည့်ပြုံးပြလိုက်ရင်းက ...

"ဟုတ် ... ဖေဖေ၊ ခဏနေ အိပ်မှာပါ"

ဆိုတော့ ဖေဖေက သူမခေါင်းကို အသာအယာ နှစ်ချက်ခန့် ပုတ်လာပြီးနောက် ...





"အိုခေ ... အိုခေ ... ဖေဖေက စိတ်ပူလို့လာပြောတာ၊ ဒါဆို ဖေဖေ သွားအိပ်တော့မယ်နော်"

"ဟုတ်ကဲ့ ... ဂွတ်နိုက်နော် ဖေဖေ"

"အင်း ... ဂွတ်နိုက် သမီး"

သူမက ဖေဖေ ထွက်သွားသည်အထိ စောင့်ကြည့်နေလိုက်ပြီးမှ ရေးလက်စ ချထားသည့် ဘောပဲန်ကို ပြန်ကောက်ကိုင်လိုက်သည်။ အခိုက် ဆိုင်မဆိုင်တော့ မသိ။ စိတ်က တစ်စုံတစ်ယောက်ဆီကို ဖျတ်ခနဲ ရောက်သွားရ၏။ သူရော အခုလောက်ဆို အိပ်နေလေပြီလား မသိ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

ရှုတင်သွားဖို့ ပြင်နေတုန်းမှာပဲ လူခေါ်ဘဲလ်က မြည်လာတာ မို့ သူမက သူမနှင့်အတူနေသည့် ကောင်မလေး ထွေးထွေးကို ကြည့်လိုက် ရင်း ...

"ဟဲ့ ... ရှေ့မှာ ဘဲလ်တီးနေတယ်၊ ဘယ်သူလဲ သွားကြည့်လိုက် ဦး၊ ရှုတင်ကားရောက်လို့ လာပြောတာလား မသိဘူး၊ သွားသွား"

ထွေးထွေးက အခန်းထဲမှထွက်သွား၏။ သိပ်တော့ မကြာ ပြန်ရောက်လာသည်။

"မမ ... အစ်ကို ရောက်နေတာ"

"ဟင် ... ဟုတ်လား၊ အေးအေး ... လာလာ၊ နင် ဒါတွေ ထည့် ထားလိုက် ..."

ညိုပြာက ထည့်လက်စ အဝတ်တွေကို ထွေးထွေးအား ထည့်ထားခိုင်းခဲ့ကာ ဧည့်ခန်းဘက်ဆီကို ထွက်လာခဲ့လိုက်သည်။ ထွေးထွေး ညိုပြာခေတ်ပုံပြထားသဖြင့် အစ်ကိုညိုမင်းမောင်ကို သိထားပြီးသားဖြစ်ပါ သည်။ ဧည့်ခန်းထဲရောက်တော့ အစ်ကိုဖြစ်သူကို နံရံမှာ ချိတ်ဆွဲထားသည့် ပန်းချီကာတစ်ချပ်အား စိတ်ဝင်တစား မော့ကြည့်နေပုံဖြင့် တွေ့ရသည်။





"အစောကြီးပါလား အစ်ကိုကြီးရဲ့၊ ဘာစိတ်ကူးပေါက်လာတာလဲ၊ အဟင်း ..."

"ဘာစိတ်ကူးမှ မပေါက်ဘူး၊ အလုပ်ကိုသွားမလို့၊ အဲဒါ အိမ်က စောထွက်လာပြီးတော့ ကိုယ့်ညီမ ဘယ်လိုနေလဲ လာကြည့်တာ လေ၊ ဒီအချိန်လာမှ ညည်းနဲ့တွေ့ရမှာ မဟုတ်လားလို့ ..."

ပြောရင်း ညိုမင်းမောင်က နီးစပ်ရာ ဆိုဖာတစ်လုံးမှာ ဝင် ထိုင်လိုက်တော့ ညိုပြာကပါ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်သည်။

"အဟင်း ... ဒါတော့ ဟုတ်တယ်၊ အခုတောင် ညီမလေးက ရှုတင်သွားမလို့ ပြင်နေတာလေ၊ မေမေနဲ့ ဖေဖေရော နေကောင်း လား"

"အင်း ... ကောင်းတယ်၊ နေ့လယ်တောင် မေမေက ရှုတင်ကို ထမင်းစားချိန် ညီမလေးအတွက် ထမင်းချိုင့် လာပို့ပေးမလို့တဲ့၊ နေ့လယ် ထမင်းစားချိန်ရောက်ရင် ဘယ်မှာဆိုတာ မေမေ့ကို လှမ်းပြောလိုက်ဦး"

"သြော် ... ဟုတ်၊ အစ်ကိုကြီး ဘာစားပြီးပြီလဲ၊ ကော်ဖီ သောက် မလား"

"တော်ပါပြီဟာ၊ ငါ ထမင်းကြော် စားလာပါပြီ"

"ဟင် ... ညီမလေးတောင် မေမေ့ ထမင်းကြော် မစားရတာကြာ ပြီ၊ တစ်ရက်လောက် စောစောထလာပြီး လာစားဦးမယ်"

အစ်ကိုဖြစ်သူက ပြုံး၏။ တကယ့်ကိုပဲ မေမေ့လက်ရာ ကော်ခင်းစာ ထမင်းကြော်ကို သူမ လွမ်းပါသည်။

"အခန်းကြီးက ကောင်းလိုက်တာနော်၊ ဒီလိုအခန်းမျိုးကို ဘယ် လောက် ပေးရလဲ သိလား ..."



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက ဝယ်မလို့လား၊ သိန်း ငါးထောင်အထက်မှာ ရှိတယ် အစ်ကိုကြီးရဲ့"

"ဟုတ်လား ..."

အစ်ကိုကြီးက မျက်ခုံးတွေကို ပင့်တင်ပစ်လိုက်ကာ ပခုံး နှစ်ဖက်ကို ဟန်ပါပါ တွန့်ပြ၏။ သူမကတော့ အစ်ကိုဖြစ်သွားပုံကိုကြည့်ရင်း တစ်ဖက်လှည့်ကာ ရယ်ဖြစ်လေသည်။ ဒီလိုအခန်းမျိုးမှာ နေနိုင်ဖို့ဆိုတာက သူမတို့အတွက် သိပ်ကို ကြီးမားသော အိပ်မက်ကြီးတစ်ခုကို မနိုင့်တနိုင် မက်မိခြင်းပင် မဟုတ်ပါလား။ ဒါပေမယ့် အခု သူမ နေနေရပြီလေ။ နောက်ဆို ...။

♥ ♥ ♥



## အခန်း(၆)

"ဘယ်လို ... ကိုယ်ဝန်ရှိနေပြီ၊ ဟုတ်လား"

ညိုပြာ့ စကားကြောင့် ဦးမြင့်ဆောင်၏ မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားကာ ကမ္ဘာကြီးက သွက်သွက်ခါအောင် လည်နေသလို ခံစားလိုက်ရသည်။ ချွေးတွေကလည်း ချက်ချင်းဆိုသလို စေ့သီသာနေတော့၏။

"ဟုတ်တယ် ... ညိုပြာ့မှာ ဦးနဲ့ရတဲ့ ကိုယ်ဝန် ရှိနေပြီ"

"ဟား ... ဘာလို့ ... ဘာလို့ ဒီကိုယ်ဝန်ကို ယူရတာလဲ၊ ဘာလို့ ကာကွယ်မထားရတာလဲ၊ မင်းနဲ့ ငါနဲ့ ကြားထဲမှာ ဒီလိုကိစ္စမျိုး ဖြစ်လာလို့ မရဘူးလေ၊ ဒါမျိုးဖြစ်လို့ မရဘူး"

ဦးမြင့်ဆောင်၏ သွေးရူးသွေးတန်း စကားအဆုံး ညိုပြာက ဦးမြင့်ဆောင် လက်တစ်ဖက်ကို အားကိုးတကြီး ဆုပ်ကိုင်ထားရင်းက [illegible]

"ညိုပြာလည်း တားတာပဲ၊ ဒါပေမယ့် မရဘူး၊ သူဘာသာ ရလာ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ အဲဒါ … အဲဒါ ညိုပြာ ဘာလုပ်ရမလဲဟင်၊ ညိုပြာ ဘာဆက်လုပ်ရမလဲ”

“ဘာလုပ်ရမှာလဲ၊ လုပ်သင့်တာကိုတော့ လုပ်ရမှာပေါ့၊ အချိန်မီပါသေးတယ်၊ ဟုတ်တယ် … အချိန်မီပါသေးတယ်”

ဦးမြင့်ဆောင်၏ စကားအဆုံး ညိုပြာက အလန့်တကြားဟန်ဖြင့် နောက်ဘက်သို့ ခြေနှစ်လှမ်းခန့် ဆုတ်သွားသည်။

“ဘယ်လို … ဦး၊ ဦး ဘာပြောချင်တာလဲ၊ ဦးက … ဦးက ညိုပြာ့ကို ဒီကိုယ်ဝန်ကို ဖျက်ချခိုင်းနေတာလား … ဟုတ်လား၊ ညိုပြာ့ကို ကိုယ်ဝန် ဖျက်ချခိုင်းနေတာလား”

“ဟုတ်တယ်လေကွာ … ဒီကိုယ်ဝန်ကို မွေးလို့မှမရတာ၊ ဒီတော့ အချိန်တွေကြာမလာခင် မြန်မြန်ရှင်းပစ်လိုက်တာပဲ ကောင်းတယ်၊ အစစ ကိုယ်တာဝန်ယူတယ်၊ ညိုပြာသာ ပြင်ဆင်ထားပါ”

“ဟင့်အင်း … ဟင့်အင်း … ညိုပြာ … ညိုပြာ ဒီကိုယ်ဝန်ကို ဖျက်မချနိုင်ဘူး”

ဦးမြင့်ဆောင်က ညိုပြာနှင့် နီးကပ်သွားအောင် တိုးကပ်သွားလိုက်ရင်းကနေ ညိုပြာ့ပခုံးနှစ်ဖက်မှာ ဆုပ်ကိုင်ကာ မျက်နှာကို စေ့စေ့ကြည့်လိုက်ရင်းက …

“ညိုပြာ … ဦးပြောတာကို သေချာနားထောင်၊ ဒီကလေးကို မွေးဖို့ဆိုတာက လုံးဝ မဖြစ်နိုင်ဘူးလေ၊ ဦးနဲ့ ညိုပြာက အတိအလင်းယူကြမှာမှ မဟုတ်တာ၊ အချိန်အတိုင်းအတာတစ်ခုအထိပဲ အတူရှိနေကြမှာ၊ ပြီးရင် ကိုယ့်လမ်းကိုယ် ဆက်လျှောက်မယ့်လူတွေ၊ ဒီတော့ ဒီကိုယ်ဝန်ကို ဖျက်ချမှကို ဖြစ်မယ်”





ညိုပြာက ဦးမြင့်ဆောင်၏ လက်တွေကို တွန်းဖယ်ပုတ်ထုတ်ပစ်လိုက်ရင်းက ခေါင်းကို သွက်သွက်ခါအောင်ရမ်းကာ ငြင်းဆန်သည်။

“ဟင့်အင်း … ညိုပြာ မလုပ်နိုင်ဘူး၊ ညိုပြာ ဒီကလေးကို ဖျက်မချနိုင်ဘူး”

“ညိုပြာ … ဦး ပြောတာကို သေချာနားထောင်စမ်းပါ၊ ဒီကလေးကို ညိုပြာ မွေးလို့မဖြစ်ဘူးလေ၊ ဖျက်ချမှရမှာပေါ့၊ ဟုတ်တယ် ဖျက်ချမှကိုဖြစ်မှာ၊ ညိုပြာက ဒီကလေးကို ဘယ်လိုစိတ်ကူးနဲ့များ မွေးမယ်လို့ ဆုံးဖြတ်ထားတာလဲ၊ ပြောစမ်းပါဦး”

“ဦး … ဦး … ညိုပြာ့ကို တာဝန်ယူပေးပါ၊ ဦး … ညိုပြာ့ကို လက်ထပ်ပေးပါ”

“ဘယ်လို … ဟား … မဖြစ်နိုင်တာတွေကို မပြောစမ်းပါနဲ့ ညိုပြာရယ်၊ မင်းနဲ့ ဦးနဲ့ကြားမှာ ဒီလိုပြောထားတာမရှိဘူးလေ၊ ပြီးတော့ ဦးအသက်အရွယ် ဦးသိက္ခာနဲ့ ညိုပြာ့ကို လက်ထပ်ဖို့ဆိုတာကလည်း ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး”

“ဘာလို့မဖြစ်နိုင်ရမှာလဲ၊ ဦး စိတ်ရှိရင် ဖြစ်ပါတယ်၊ နော် … ဦး နော် … ညိုပြာ့ကို လက်ထပ်ပါနော်၊ ညိုပြာ့ကို လက်ထပ်ပါနော်”

“မဖြစ်နိုင်ဘူးကွာ၊ လုံးဝ မဖြစ်နိုင်ဘူး”

ဦးမြင့်ဆောင်က လက်မခံနိုင်သလို အော်ဟစ်လိုက်မိတော့သည်။

လုံးဝ မဖြစ်နိုင် … လုံးဝ မဖြစ်နိုင်။ ညိုပြာ့ကို ယူဖို့ဆိုတာက မီးအတွက် လုံးဝကို မဖြစ်နိုင်ချေ။ ကိုယ့်မှာက သမီး ရှိသေးတယ်။ သမီးရှေ့မှာ တစ်သက်လုံး စံပြ ဖခင်တစ်ယောက်အနေနဲ့ သိက္ခာရှိရှိ နေ



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တာ။ ဒီလိုအချိန်မှ ဒီကိစ္စကြီးပေါ်လာရင် ကိုယ်က သမီးလေးကို ဘယ်လိုမျက်နှာမျိုးနဲ့ ရင်ဆိုင်ရမှာလဲ။ သမီးလေးကလည်း ကိုယ့်ကို ရွံရှာမုန်းတီးသွားတော့မှာ။ ပြီးတော့ ပတ်ဝန်းကျင်။ ပတ်ဝန်းကျင်အလယ်မှာ ကိုယ်ရော၊ သမီးဖြစ်သူပါ အရှက်တကွဲ အကျိုးနည်း ဖြစ်တော့မှာ။

ပြီးတော့ ကိုယ်နဲ့ ညိုပြာ့ကြားမှာ ဒီလိုယူဖို့ကိစ္စတွေမှ ပြော မထားတာ။ တစ်ယောက် လိုအပ်ချက်ကို တစ်ယောက်က ဖြည့်ဆည်း ပေးဖို့ပဲ မဟုတ်ဘူးလား။ တစ်ယောက်နဲ့ တစ်ယောက် ချည်နှောင်ဖို့တွေ မပါဘူးလေ။

"ငါ့မှာက သမီးတစ်ယောက် ရှိတယ်ဟ၊ မင်းက သူ့ထက်တောင် ငယ်သေးတယ်၊ ဒီလိုအချိန်မှာ မင်းကိုယူလိုက်ရင် ပတ်ဝန်းကျင်က ငါ့ကို ဘာပြောမလဲ၊ ငါ ဘာကောင်ဖြစ်သွားမလဲ၊ ပြီးတော့ ငါ့သမီး၊ ငါ့သမီးရဲ့ အမြင်မှာ ငါက ဘယ်လိုကောင် ဖြစ်သွားမလဲ၊ ငါ့သမီးကို ဘယ်လိုမျက်နှာမျိုးနဲ့ ငါရင်ဆိုင်ရမှာလဲ၊ ဟမ် ... ပြော၊ ငါဘယ်လိုရင်ဆိုင်ရမှာလဲ၊ ခေါင်းမမာစမ်းပါနဲ့ ညိုပြာရယ်၊ ဦး ပြောသလိုသာ လုပ်စမ်းပါ၊ ဒီကိုယ်ဝန်ကို ဖျက်ချလိုက်ပါ၊ ပြီးတော့ ..."

"မလုပ်နိုင်ဘူး"

ညိုပြာက ဦးမြင့်ဆောင်၏ စကားမဆုံးသေးခင်မှာပင် ဖြတ် အော်သည်။ သူမပုံစံကလည်း ဘာကိုမှ မမြင်တော့သည့် ပုံစံမျိုး။ ဘာကို မဆို လုပ်ပစ်၊ ရင်ဆိုင်ပစ်တော့မယ့် ပုံစံမျိုး။

"အဲလောက် ကြောက်နေလား၊ ဦးရဲ့ သမီး သိမှာကို အဲဒီလောက် ကြောက်နေလား ... ဟုတ်လား၊ အဲဒါဆိုရင် ... အဲဒါဆိုရင် ဘာလို့





အစကတည်းက စခဲ့သလဲ၊ အစကတည်းက ဒီဇာတ်ကို ဘာလို့ ကခဲ့လဲ၊ ဒီဇာတ်ကို ဘယ်သူတွေက ကခဲ့တာလဲ ပြောစမ်းပါဦး၊ ဟင်း ... ဦး ကြောက်နေပေမယ့် ညိုပြာကတော့ မကြောက်ဘူးနော်၊ ညိုပြာက ဘဝပျက်ခဲ့ပြီးသား၊ တန်ဖိုးကြီးလွန်းတဲ့ ဘဝတစ်ခုလုံး ပျက်ခဲ့ပြီးမှတော့ ဘာကိုမှ ထပ်ကြောက်နေစရာ မလိုဘူး၊ ဦး သမီးကို ညိုပြာကိုယ်တိုင် သွားပြောမယ်၊ သူကတော့ မိန်းမသား ချင်း ကိုယ်ချင်းစာမှာပဲ ..."

ပြောပြီး ညိုပြာက လှည့်ထွက်သွားဖို့ ပြင်တော့ ဦးမြင့်ဆောင် က ညိုပြာ့ လက်တစ်ဖက်ကို နောက်ဘက်ကနေ ဖမ်းဆွဲထားသည်။

"ညိုပြာ ... မင်း ရူးနေလား၊ မလုပ်ရဘူးနော်၊ မင်း အဲဒီလို လုပ်လို့ မရဘူး၊ မင်းမှာ ဒီလိုလုပ်ခွင့်မရှိဘူး၊ ငါနဲ့ မင်းရဲ့ကြားက အပေးအယူမှာ ဒါမျိုးတွေ မပါဘူး၊ ဒါမျိုးတွေ မပါဘူး"

နှစ်ယောက်စလုံးက သွေးဆာနေသည့် ကျားတွေလို တစ် ကောင်ကို တစ်ကောင် အနိုင်ရဖို့ တိုက်ခိုက်နေကြသည်။ ဘာကိုမှလည်း မမြင်တော့။ စိတ်နဲ့ ကိုယ်နဲ့လည်း နှစ်ယောက်စလုံးက မကပ်ကြတော့ ချေ။

"မသိဘူး ... အဲဒါတွေ ကျွန်မ မသိဘူး၊ ကျွန်မသိတာ ဒီကိုယ်ဝန် ကိစ္စပဲ၊ ကျွန်မ ဒီကိုယ်ဝန်ကို ဖျက်မချနိုင်ဘူး၊ ဒီတော့ ဒီကိုယ်ဝန် ကို ရှင် တာဝန်ယူပေးရမယ်၊ အဲဒီလို ဖြစ်လာဖို့လည်း ဘာကိုပဲ လုပ်ရလုပ်ရ လုပ်မှာပဲ၊ ရှင်ကြီးရဲ့ သမီးအပါအဝင် မီဒီယာတွေကို ပါ ဖွင့်ထုတ်ပြသင့်ရင် ပြရမှာပဲ ..."

ညိုပြာက ဒေါသတကြီး ပြန်အော်ကာ ချုပ်ကိုင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ကို ဆောင့်ရုန်းလိုက်ပြီးနောက် ဆိုဖာပေါ်မှာ ချထားသည့် ဖုန်းကို ကောက်ယူလိုက်သည်။ ဒီအချိန်မှာပဲ သိက္ခာတရားကြောင့် အသိစိတ် ပျောက်နေပြီဖြစ်သည့် ဦးမြတ်ဆောင်က ညိုပြာ့ခေါင်းကို စားပွဲပေါ်မှာ တင်ထားသည့် ပန်းအိုးဖြင့် ကောက်ရိုက်ထည့်လိုက်တော့သည်။

"အာ ... ဒီလောက်တောင် ဖြစ်လှတာ ကဲကွာ ..."

"အ ..."

ညိုပြာက ကြမ်းပြင်ပေါ်ကို ခွေခနဲ ပြုတ်ကျသွားသည်။ ခေါင်းမှ သွေးတွေကလည်း ဖြာခနဲ စီးကျလာ၏။ ဒါပေမယ့် သူမက လဲကျနေရာကနေ လူးလဲကာ ပြန်ထဖို့လုပ်သည်။ ဒီမှာတင်ပဲ လုံးဝကို စိတ်လွှတ်နေပြီဖြစ်သည့် ဦးမြင့်ဆောင်က သူမကိုပြန်တွန်းလှဲကာ အပေါ်ကနေ ခွထားပြီးနောက် လည်ပင်းကို ညစ်ထားရင်းက ...

"သေစမ်း ... သေစမ်းကွာ၊ ဒီလောက်တောင် ပြောလို့မရတဲ့ ဟာမ လေး၊ နင်သေမှ အေးမှာ၊ သေစမ်း ... သေစမ်းကွာ၊ သေစမ်း ..."

"အ ... အစ် ... အစ်"

ညိုပြာက အသက်ရှူကျပ်လာကာ ဦးမြင့်ဆောင်၏ လက် တွေကို တွန်းဖယ်ခွာပစ်ဖို့ လုပ်သည်။ ဒါပေမယ့် ယောကျ်ားအားနှင့် မိန်းမအား ကွာသလို အပေါ်ကနေ ဒေါသတကြီးနှင့် ဖိညှစ်ထားတာမို့ ဘယ်လိုမှ မတတ်နိုင်။

"သေ ... သေစမ်း ... သေစမ်း ..."

"အ ... အစ် ... အိ ..."

တအောင့်နေတော့ ညိုပြာ မျက်ဖြူဆိုက်လာကာ ရုန်းကန် တွန်းထိုးနေရာကနေ ပျော့ကျသွားသည်။ လုံးဝ မလှုပ်တော့ ...။





"သေ ... သေကွာ ... နင်သေမှ အေးမှာ ..."

ညိုပြာ လုံးဝ မလှုပ်တော့ချေ။ ဒီတော့မှ ဦးမြင့်ဆောင် ကိုယ်မှာ အသိစိတ်က ပြန်ကပ်လာကာ အလန့်တကြားဟန်ဖြင့် လက် တွေကို လွှတ်လိုက်ကာ ညိုပြာ့အပေါ် ခွထားရာမှ ဘေးသို့ ဖင်ထိုင်ရက် ပြုတ်ကျသွားသည်။

"ညိုပြာ ... ညိုပြာ ..."

ဦးမြင့်ဆောင်က ညိုပြာ့ကို လှုပ်ကိုင်နှိုးကြည့်သည်။ ညိုပြာက လုံးဝ လှုပ်ရှားမလာတော့။ ဒီတော့မှ သူက ညိုပြာ့ နှာခေါင်းနားမှာ လက်ကို အသာစမ်းတင်ကာ ဝင်သက်ထွက်သက်ကို စမ်းသပ်ကြည့်သည်။

"ဟင် ..."

ညိုပြာက အသက်မရှူတော့။ ဦးမြင့်ဆောင် ခြေမကိုင်မိ၊ လက်မကိုင်မိဖြင့် တုန်လှုပ်သွားသည်။ နောက်သို့လည်း ဖင်ထိုင်ရက်အနေ အထားမှ တရွတ်တိုက်ကာ ရွေ့လျားသွားမိသည်။ ဝေးသထက် ဝေးရာ။

ညိုပြာနှင့် ဝေးသထက် ဝေးရာကို တရွတ်တိုက် ရွေ့လာခဲ့ ပြီး နံရံတစ်ခုနှင့် နောက်ကျောကပ်မိသွားမှ ရွေ့လျားခြင်းက ရပ်သွားသည်။

ဘာလုပ်ရမလဲ၊ ငါဘာလုပ်ရမလဲ။ ငါ လက်လွန်သွားပြီ လား။ ညိုပြာ ... ညိုပြာ အသက်မရှိတော့ဘူး ထင်တယ်။ အား ... ငါဘာ လုပ်ရမလဲ။

ရုတ်တရက် ထက်ပိုင်ကို ပြေးသတိရသည်။

ဟုတ်တယ် ... ငါ့ကို ကယ်နိုင်မှာ သူတစ်ယောက်ပဲ ရှိတယ်။ ငါ့ကို ကယ်တင်ပေးနိုင်မှာ သူပဲရှိတယ်။

အတွေးနဲ့အတူ ဘောင်းဘီအိတ်ထဲမှ ဖုန်းကို စမ်းမိသည်။

www.burmeseclassic.com



နောက်တော့ ထက်ပိုင်ဆီကို ဖုန်းခေါ်လိုက်တော့သည်။ အရေးကြီးပါတယ်ဆိုမှ တစ်ဖက်က ဖုန်းမကိုင်။

ဒါနဲ့ နောက်တစ်ခါ ထပ်ခေါ်ရပြန်သည်။ ကိုင်စမ်းပါ ထက်ပိုင်ရာ ... ဖုန်းကိုင်စမ်းပါကွာ၊ ဖုန်းကို ကိုင်ထားသည့် လက်တွေက တဆတ်ဆတ်တုန်ယင်နေ၏။ ဖုန်းဝင်သွားသည့် အသံ 'တူ'ဆိုသည့် တစ်ချက်ချင်း မြည်နေသည့် အသံကိုကြားနေရတာကိုက ကမ္ဘာပျက်လောက်စရာပင် ဖြစ်သည်။

"ဟယ်လို ... မြင့်ဆောင် ... ပြော"

ကံကောင်းထောက်မစွာပင် ဖုန်းက နှစ်ခါမြောက် အခေါ်ပြီးမှာတော့ တစ်ဖက်က ထူးသံထွက်လာသည်။

"ထက်ပိုင် ... ထက်ပိုင် ... ငါ့ဆီကို အခုလာခဲ့ကွာ၊ အခု လာခဲ့နော်၊ အခုလာခဲ့မှရမယ်၊ ငါ ညိုပြာ့အတွက် စီစဉ်ပေးထားတဲ့ ကွန်ဒို သိတယ်မဟုတ်လား၊ အဲဒီကို ... အဲဒီကို အခု လာခဲ့ပေးပါ"

♥ ♥ ♥



"ညိုပြာ အသက်မရှိတော့ဘူး မြင့်ဆောင်"

"ဟင် ..."

ဦးထက်ပိုင်၏ စကားသံက တိုးတိုးလေးပေမယ့် ဦးမြင့်ဆောင်၏ နားထဲမှာ မိုးကြိုးပစ်ချခံလိုက်ရသလို ပြင်းထန်စွာ မြည်ဟည်းပေါက်ကွဲသွားသည်။ ပြီးနောက် ချွေးစီးတွေ ပြန်လာကာ ...

"ငါ ဘာလုပ်ရမလဲ၊ ငါ့ကို ကယ်ပါဦး၊ ငါ ဘာလုပ်ရမလဲ၊ ငါ ငါ ထောင်ကျတော့မှာလား၊ ငါ ... ငါ ထောင်မကျချင်ဘူးကွာ၊ ငါထောင်ကျလို့ မဖြစ်ဘူး၊ ငါ့သမီး ... ငါ့သမီး ရှိသေးတယ်၊ ငါ"

"ခဏလေး ... ခဏလေး ... စိတ်အေးအေးထားကွာ၊ စိတ်အေးအေးထား၊ ငါတို့ စဉ်းစားကြတာပေါ့၊ ခဏလေး ... ဟို ... ထွေးထွေးဆိုတဲ့ ကောင်မလေးရော ..."

"သူလား ... မရှိဘူး၊ ငါလာမယ်ဆိုရင် ညိုပြာက သူ့ကို တင်နေရာရာကို အကြောင်းတစ်ခုခုပြပြီး တော်တော်နဲ့ ပြန်မလာနိုင်အောင် လုပ်ထားတာ၊ သူမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ညိုပြာနဲ့ မင်းအကြောင်းကို ထွေးထွေး မသိဘူးပေါ့၊ ဟုတ်လား ..."

"အင်း ... မသိလောက်ဘူး၊ ညိုပြာက အသိခံမှာမဟုတ်ဘူး"

"အိုခေ ... အိုခေ ... ဒါဆို တစ်နည်းတော့ စိတ်အေးရပြီ၊ မင်းနဲ့ ညိုပြာအကြောင်းကို သိတာ အခုဆိုရင် မင်းနဲ့ငါနဲ့ နှစ်ယောက်ပဲရှိတော့တယ်၊ ဒီတော့ မင်းက ဒီအခန်းထဲမှာ မင်းနဲ့ပတ်သက်တယ်လို့ ယူဆလို့ ရနိုင်တဲ့ ခြေရာ လက်ရာတွေ အကုန်လုံး ရှင်း၊ လုပ် ... မြန်မြန်လုပ်၊ ငါတို့ ဒီအတိုင်း ထွက်သွားရင် ဘယ်သူမှ သိနိုင်မှာမဟုတ်ဘူး၊ မြန်မြန်လုပ် ... သွား"

ဦးမြင့်ဆောင်က နဖူးမှ ချွေးတို့ကို လက်ဖမိုးဖြင့် သုတ်ပစ်လိုက်ရင်းက ခေါင်းကို ခပ်သွက်သွက်ညိတ်ကာ ထိုင်ရာကထရပ်လိုက်မိချိန်မှာပဲ ကြမ်းပြင်ပေါ်မှာ ပြုတ်ကျနေသည့် ညိုပြာ့ဖုန်းက မြည်လာသည်။

ဦးမြင့်ဆောင် ခန္ဓာကိုယ်ထဲက ဆတ်ခနဲပင် တန့်သွားရသည်။

"ဟာ ... ဖုန်း ... သူ့ဖုန်း လာနေတယ်"

ဦးထက်ပိုင်က ကြမ်းပြင်ပေါ်က ဖုန်းကို တစ်ချက်ကြည့်လိုက်မိသည်။ ဖုန်းမှာ ပေါ်နေသည်က ဖေဖေ တဲ့။

"သူ့အဖေဆီကကွ"

ပြောလည်းပြော၊ ဦးထက်ပိုင်က ဖုန်းကိုလည်း ကောက်ယူလိုက်မိသည်။

"မကိုင်နဲ့ ... မကိုင်လိုက်နဲ့နော်"

ဦးမြင့်ဆောင်က ပျာပျာသလဲ အော်၏။





"အေးပါ ... ငါသိပါတယ်၊ မကိုင်ပါဘူး"

ပြောရင်း ဦးထက်ပိုင်၏ ခေါင်းထဲမှာ တစ်ခုခုကို တွေးမိသွားကာ လင်းခနဲဖြစ်သွားသည်။

"ဟား ... ငါ အကြံရပြီ"

"ဘာ ... ဘာကို အကြံရတာလဲ"

"ငါတို့ သမီး သေဆုံးမှုအတွက် အဖေကို ပြန်အသုံးချရမယ်"

"ဟင် ..."

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းညီက သမီးဖြစ်သူဆီကို ကုန်တိုက်တစ်ခုထဲ ဝင်သွားသည့် ခရီးသည် ပြန်ထွက်အလာကို စောင့်ရင်းက ဖုန်းခေါ်လိုက်မိတာဖြစ်သည်။ ဒါပေမယ့် သမီးက ဖုန်းမကိုင်။ ဒါနဲ့ မအားလို့ ဖြစ်မှာပါလေဆိုပြီး ဖုန်းကို ဒက်ရှ်ဘုတ်ပေါ် လှမ်းအတင်မှာပင် ဖုန်းထဲကို မက်ဆေ့တစ်ခုက ဝင်လာခဲ့တာဖြစ်သည်။

"ဖေဖေ ... သမီးတိုက်ခန်းကို အခုလာခဲ့ပေးပါနော်၊ အရေးကြီးကိစ္စ ပြောစရာရှိလို့၊ တစ်ယောက်တည်း လာခဲ့ပေးပါနော်"

ဖုန်းမကိုင်ဘဲ မက်ဆေ့ပြန်ပို့သဖြင့် အံ့သြသွားရသော်လည်း လူချင်းတွေ့ပြီး ပြောချင်လို့နဲ့တူပါတယ်ဆိုပြီးတော့ ဖုန်းကို ပြန်ချထားခဲ့လိုက်ကာ ကားကို မောင်းထွက်လာခဲ့လိုက်သည်။ ကုန်တိုက်ထဲက ခရီးသည်ကိုလည်း စောင့်မနေတော့။ အဲဒီခရီးသည်အတွက် တက္ကဆီမရှားပေမယ့် မိမိအတွက် သမီးဆိုတာကတော့ တစ်ယောက်တည်းသာရှိတာဖြစ်ပါသည်။

♥ ♥ ♥



သမီးဖြစ်သူ၏ တိုက်ခန်းရှေ့အရောက်မှာတော့ ဦးမင်းညီက ဘဲလ်ကိုနှိပ်လိုက်မိသည်။ ဒါပေမယ့် တံခါးကို ဘယ်သူကမှ လာဖွင့်မပေး။ ဒါနဲ့ ဘဲလ်ကို ထပ်နှိပ်ကာ ခဏစောင့်ကြည့်နေလိုက်ပြန်သည်။ မထူးခြား။

ဒါနဲ့ ဦးမင်းညီက မျက်မှောင်တစ်ချက်ကြုတ်ကာ တံခါးကိုတစ်ချက် ဆွဲဖွင့်ကြည့်လိုက်စဉ်မှာတော့ တံခါးက အထဲမှ သော့ခ်ျမထားဘဲ ပွင့်လာလေသည်။ ဒါနဲ့ အထဲကို ခေါင်းလေး တစ်ချက် ပြူကြည့်ကာ အခြေအနေကို အကဲခတ်ရင်း အထဲကို ဝင်လာလိုက်လေသည်။

အထဲကို လေးငါးလှမ်းမျှ ဝင်လာအပြီးမှာတော့ ကြမ်းပြင်ပေါ်မှာ လဲကျနေသည့် သမီးဖြစ်သူကို မြင်လိုက်ရလေသည်။

ရင်ထဲမှာ ဒိန်းခနဲဆောင့်ခုန်သွားကာ သမီးဖြစ်သူကို ပြေးယူပွေ့လိုက်ပြီးနောက် ...

"သမီး ... သမီး ... ညိုပြာ ... ညိုပြာ"

ဟု ခေါ်ကြည့်လိုက်စဉ်မှာပင် အခန်းတံခါးက ပွင့်သွားကာ အထဲသို့ ထွေးထွေးက ဝင်ရောက်လာလေသည်။ ထွေးထွေးက ဦးမင်းညီနှင့်



www.burmeseclassic.com

www.burmeseclassic.com



ညိုပြာတို့၏ မြင်ကွင်းကို တွေ့လိုက်ရစဉ်မှာတော့ မျက်လုံးတွေ ပြာဝေသွားကာ အာခေါင်ခြစ်ပြီး အော်လိုက်မိပြော့၏။

"အား . . ."

တစ်ပြိုင်တည်းလိုလိုပင် သူမလက်ထဲမှ ဝယ်ယူလာသည့် အထုပ်အပိုးတွေက ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားကာ လိမ္မော်သီးထုပ်ထဲမှ လိမ္မော်သီးတွေက ကြမ်းပြင်ပေါ်မှာ ပျံ့ကြဲကာ တစ်လုံးစီ လိမ့်ထွက်သွားလေတော့သည်။

♥ ♥ ♥



## အခန်း(၇)

ရဲတွေက ဦးမင်းညီကို လက်ထိပ်ခတ်ကာ ဖမ်းခေါ်သွားကြသည်။

ဒေါ်သရဖီကတော့ သမီးဖြစ်သူကိုကြည့်ကာ ရှန်းရင်းတွန်း[illegible]ကာ အသံပြာမတတ် အော်ဟစ်ငိုယိုနေသည်။ ဒါပေမယ့် ရဲတွေက [illegible]လွှန်စ၊ ခြေရာလက်ရာတွေ ပျောက်ပျက်သွားမည်စိုးသဖြင့် ဒေါ်သရဖီကို [illegible]အလောင်းနား ကပ်ခွင့်မပေးဘဲ ဆွဲထားကြ၏။

ညိုမင်းမောင်ကတော့ အကြီးအကျယ် ရှော့ခ်ရကာ ကြမ်းခင်း[illegible]မှာ အရုပ်ကြိုးပြတ် ဖြစ်နေသည်။ ငိုလို့လည်း မရ။ အော်ဟစ်ပစ်[illegible]ချင်သော်လည်း လည်ချောင်းထဲမှ ဘာအသံမှ ထွက်မလာ။

ရင်ထဲမှာ အစိုင်အခဲအကြီးကြီး တစ်ခုက ပိတ်ဆို့ထားသလို [illegible]သီးနေရသည်။

ရဲတွေကတော့ အလောင်းကို ဓာတ်ပုံရိုက်သူရိုက်၊ သဲလွန်စ[illegible]ကို ရှာသူကရှာသိမ်းနှင့် ရှုပ်ယှက်ခတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကွန်ဒိုတစ်ခုတည်းမှာ နေသည့် လူတွေကလည်း ကြိတ်ကြိတ်တိုး လာရောက်စပ်စုကြ၏။ ဒါပေမယ့် ဘယ်သူမှ ဘာတွေဖြစ်ခဲ့သလဲဆိုတာကို နားမလည်နိုင်ကြပါချေ။

♥ ♥ ♥



ရေခဲတိုက်ထဲမှာ ထိန်းသိမ်းထားသည့် ညိုပြာ၏ အလောင်းကြည့်ကာ ဒေါ်သရဖီက အော်ဟစ်ငိုကြွေးနေ၏။

"အဖြစ်ဆိုးလှချည်လား သမီးရဲ့၊ အမေ့သမီးလေး ... အမေ့သမီးလေးရယ်၊ အမေ ဘယ်လိုဖြေရမှာလဲ သမီးလေးရယ်၊ အမေ ဘယ်လိုဖြေရမလဲ ..."

ငိုလွန်းသဖြင့် ဒေါ်သရဖီ၏ မျက်လုံးတွေက နီရဲကာ မျက်တာစ်ခုလုံးက မို့အစ်နေ၏။ ညိုမင်းမောင်က ညီမလေးအလောင်းမှာ ခြုံထားသည့် ပိတ်ဖြူစကို မျက်နှာဖုံးသွားသည်အထိ ဆို့နစ်ကြေကွဲ ရင်းက ဆွဲတင်ပစ်လိုက်ကာ မိခင်ဖြစ်သူကို ရင်ခွင်ထဲမှာ တင်းကျပ် က်တွယ်ထားလိုက်သည်။

"သားရယ် ... သားကြီးရယ်၊ မင်း ညီမလေးကို ကြည့်ပါဦး၊ မင်း ညီမလေးကို ကြည့်စမ်းပါဦး သားရဲ့ ..."

အဖြစ်ဆိုးလိုက်တာ ညီမလေးရယ် ... အဖြစ်ဆိုးလိုက်တာ ယ်လိုတွေ ဖြစ်ခဲ့ကြတာလဲ။ ညီမလေးကို အခုလိုဖြစ်အောင် ဘယ်သူတ ခဲ့တာလဲ။ ကိုကြီး သေချာမှာထားရက်နဲ့ကွာ။ တစ်နေ့ဆိုရင် အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ပြောပါ၊ အစ်ကိုကြီးကို အကြောင်းကြားပါဆိုကွာ။ အခုတော့ အခုတော့ ... ကွာ။

စိတ်ချ ... ညီမလေး။ ညီမလေး မတရားခံလိုက်ရတာကို ဒီအတိုင်း အစ်ကိုကြီး မထားဘူး။ အဲဒီတရားခံကို အစ်ကိုကြီး ရအောင် ရှာမယ်။ အဲဒီတရားခံကို အစ်ကိုကြီး ပြန်သတ်မယ် ညီမလေးရာ။

သနားလိုက်တာ ညီမလေးရယ်။ အစ်ကိုကြီးရဲ့ ညီမလေး ဘယ်လောင် နာကျင်ခံစားလိုက်ရမလဲ။ အခုမှ ညီမလေးအသက်က ငယ်ငယ်လေး ရှိသေးတာ။ အခုလို ... အခုလို အစောကြီး အခြွေခံလိုက် ရသတဲ့လားကွာ။

ယုတ်မာလိုက်တာ ...

ယုတ်မာလိုက်တာ ...

တောက် ...

♥ ♥ ♥



"ဗျာ ... ဘယ်လို ညီမလေးကို အဖေက သတ်လိုက်တာ၊ ဟုတ်လား ... မဖြစ်နိုင်တာ မပြောပါနဲ့ စခန်းမှူးကြီးရယ်၊ မဖြစ်နိုင်တာတွေ မပြောပါနဲ့၊ ကိုယ့်သားသမီးကို ဘယ်မိဘက ပြန်သတ်မှာလဲလို့၊ ခင်ဗျားဆိုရင်ရော ကိုယ့်သားသမီးကို ပြန်သတ်ရက်မှာလား၊ ပြောစမ်းပါ ... ပြောစမ်းပါဗျာ"

စခန်းမှူး စကားက သူ့ရင်ကို နင့်သွားစေ၏။ ညီမဖြစ်သူ ကို တစ်သက်တာ ဆုံးရှုံးလိုက်လို့ ပူဆွေးနေရသည့် ကြားထဲ ဖခင်ကိုက သမီးသတ်မှုမှာ သံသယဝင်နေခြင်းကို ခံနေရပါသတဲ့။ ဆိုးလိုက်တဲ့အဖြစ် ဆိုးလိုက်တဲ့ အဖြစ်ကွာ ...။

"လောလောဆယ်တော့ ကျွန်တော်တို့တွေ ဒီလိုပဲ ကောက်ချက် ချထားနိုင်ပါတယ်၊ သေဆုံးသူမညိုပြာက တက်သစ်စ မင်းသမီး တစ်ယောက်သာ ဖြစ်သေးပေမယ့် သိန်းငါးထောင်ကျော်တန်တဲ့ တိုက်ခန်းမျိုးမှာ ငှားနေနိုင်တယ်လေ၊ သူ့ရဲ့ဝင်ငွေ၊ ခင်ဗျားတို့ မိသားစုရဲ့ ဝင်ငွေ အခြေအနေနဲ့ ဒီလိုတိုက်ခန်းမျိုးမှာ နေနိုင်ဖို့ ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ဒီတော့ သူ့မှာ ပတ်သက်ဆိုတာရှိ ..."



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား မဟုတ်တာ မပြောနဲ့"

သူက ဖြတ်အော်ပစ်လိုက်သည်။ မျက်လုံးထဲမှာ စခန်းမှူးတွေ ဘာတွေလည်း သူ နားမလည်တော့ဘူး။ ဒီလောက် အဖြစ်ဆိုးကြီးနှင့် ရင်ဆိုင်နေရတာ။ မိမိက ဘာတွေကိုများ ထည့်တွက် ဂရုစိုက်နေရဦးတော့မှာလဲ။

သူက စခန်းမှူးကို မီးဝင်းဝင်းတောက်မတတ် မျက်လုံးတွေနဲ့ ကြည့်လိုက်ရင်းက ...

"ခင်ဗျား ထင်ရာတွေ လျှောက်မပြောစမ်းပါနဲ့၊ ကျွန်တော့် ညီမလေးက ဖြူဖြူစင်စင်လေးဗျာ၊ မိကောင်းဖခင် သားသမီးတစ်ယောက် ဒီလိုအလုပ်မျိုးကို ဘယ်လိုမှ မလုပ်ဘူး၊ ဒီတိုက်ခန်းကလည်း သူ့ရဲ့ ထုတ်လုပ်ရေးက ပေးထားတာဗျ၊ ခင်ဗျား စကားပြောတာ ဆင်ခြင်ပြီး ပြောပါ၊ အထင်နဲ့ မရှိတော့တဲ့ ကျွန်တော့် ညီမလေးရဲ့ ဂုဏ်သိက္ခာကို မစော်ကားပါနဲ့ ..."

"စိတ်ထိန်းပါ ကိုညိုမင်းမောင်၊ ကျွန်တော်က အထင်နဲ့ ပြောတာ မဟုတ်ပါဘူး၊ သေချာ လက်လှမ်းမီသလောက်ကို စုံစမ်းပြီးတော့မှ အဖြစ်နိုင်ဆုံး အခြေအနေကို ကောက်ချက်ချလိုက်တာပါ၊ ကျွန်တော်တို့တွေ သေဆုံးသူ ညိုပြာရဲ့ ထုတ်လုပ်ရေးဖြစ်တဲ့ မိုးနှင့်မြေ ထုတ်လုပ်ရေးကို သွားရောက်စစ်ဆေးပြီးပါပြီ၊ အဲဒီ ထုတ်လုပ်ရေးက ဦးထက်ပိုင်က ပြောလိုက်ပါတယ်၊ သေဆုံးသူ မင်းသမီး ညိုပြာ လက်ရှိနေတဲ့ တိုက်ခန်းက သူတို့စီစဉ်ပေးတဲ့ အခန်းမဟုတ်ဘူးလို့ ပြောပါတယ်"

စခန်းမှူး စကားက သူ့ရင်ထဲမှာ ဒိန်းခနဲ မြည်ဟည်းသွားစေသည်။





"ဗျာ ... အဲဒီ ... အဲဒီအခန်းက ထုတ်လုပ်ရေးက ပေးထားတာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ အဲဒီအခန်းက ထုတ်လုပ်ရေးက စီစဉ်ပေးထားတာ မဟုတ်ဘူးလို့ ပြောပါတယ်။ ပြီးတော့ ကျွန်တော်တို့ ဆက်လက် စုံစမ်းကြည့်တော့ ကိုညိုမင်းမောင်တို့ မိသားစု နေထိုင်နေတဲ့ အိမ် ကိုလည်း ပေါင်ထားတာကနေရွေးနိုင်ဖို့အတွက် ညိုပြာက ပိုက်ဆံ ရှာပေးခဲ့တယ်လို့ စုံစမ်းရမိပါတယ်၊ အဲဒီပိုက်ဆံဟာလည်းပဲ မိုးနှ မြေ ထုတ်လုပ်ရေးက ပေးထားတာမဟုတ်ပါဘူး၊ သူတို့က မင် သမီးကို ပိုက်ဆံတစ်ပြားတစ်ချပ်မှ ထုတ်ပေးခဲ့ခြင်း မရှိသေးဘူ လို့ ပြောပါတယ်"

နောက်တစ်ခါ အကြီးအကျယ် ရှော့ခ်ရသွားရပြန်သည်။ မျက်လုံးထဲမှာ ညီမလေး ပေးခဲ့သည့် ပိုက်ဆံ သိန်းတစ်ရာကို မြင်ယောင် လိုက်မိသည်။ ဒါတွေက ညီမလေးကို ရုပ်ရှင်ထုတ်လုပ်ရေးက ပေးတာ မဟုတ်ဘူးတဲ့လား။

မဖြစ်နိုင်တာ ...။

ညီမလေးက ... ညီမလေးက ဘယ်တုန်းကမှ မိမိတို့ကို မလိမ်ဖူးပါဘူး။

သူက မယုံနိုင်သလို ခေါင်းကို ခပ်သွက်သွက် ခါရမ်းလိုက် မိရင်းက ...

"မဖြစ်နိုင်တာ ... မဖြစ်နိုင်တာဗျာ၊ အဲဒီပိုက်ဆံတွေ အဲဒီ ပိုက်ဆံ တွေက သူတို့ပေးလိုက်တာပါ၊ ညီမလေးကို ကိုယ်တိုင်က အဲဒီ ပိုက်ဆံတွေက မိုးနှင့်မြေ ထုတ်လုပ်ရေးက ပေးလိုက်တာပါလို့



www.burmeseclassic.com

www.burmeseclassic.com



သေချာပြောခဲ့တာပါ၊ ညီမလေး ... ညီမလေးက မလိမ်ပါဘူး တစ်ခုခု မှားနေပြီ၊ ခင်ဗျားတို့ တစ်ခုခု မှားနေပြီဗျာ ..."

"ကျွန်တော်တို့ ရုံးတင် မစစ်ဆေးခင်မှာ ဆက်လက် စုံစမ်းနေ ပါပဲ၊ လက်ရှိအခြေအနေတွေကို သုံးသပ်ကြည့်မယ်ဆိုရင်တော့ သေဆုံးသူ ညိုပြာဟာ စပွန်ဆာထားခဲ့တာပါ၊ အဲဒါကို သိသွား ဦးမင်းညီက ဒေါသကို မထိန်းနိုင်ဘဲ လက်လွန်သွားတယ်လို့ ကောက်ချက်ချထားနိုင်ပါတယ်၊ သေဆုံးသူ ညိုပြာက မသေ မိနစ်ပိုင်းလောက်မှာ ဦးမင်းညီဆီကို ဖုန်းဆက်ပြီး အခန်း လာခဲ့ပေးဖို့ ခေါ်ခဲ့တာ၊ ပြီးတော့ ဦးမင်းညီရဲ့ လက်ဗွေရာတွေ မညိုပြာရဲ့ ခန္ဓာကိုယ်မှာ ရှာတွေ့ရ၊ ဒါတွေက ဦးမင်းညီ တရားခံပါလို့ အခုအချိန်မှာ ပြောလို့ရအောင် ညွှန်ပြနေပါတ ပြီးတော့ မညိုပြာမှာ ကိုယ်ဝန်ရှိနေတာကို စစ်ဆေး တွေ့ရှိခဲ့ တယ် ... ကိုညိုမင်းမောင်"

"ဗျာ ... ညီမလေး ... ညီမလေးမှာ"

ထင်မှတ်မထားသည့် စကားများက တစ်ချို့ ဘစ်ခု ထွေ လာနေလေရာ လူက စိတ်နှင့် လူနှင့်ပင် မကပ်ချင်တော့။ ညီမလေး ရယ် ... ညီမလေး ဘာတွေလုပ်ခဲ့တာလဲ။ ဘယ်လိုကိစ္စတွေ ကြားထဲ အခုလိုဖြစ်တဲ့အထိ ဘဝပျက်ခဲ့ရတာ။

ဟာကွာ ... ဟာကွာ ...။

ညီမလေးမှာ ချစ်သူရည်းစားမှ မရှိတာ။ ဟုတ်တယ် ... ဒါ တော့ သူ ကောင်းကောင်း သိတယ်။

ဒါဆို ... ဒါဆိုရင် ...





တကယ်ပဲ ညီမလေးက စပွန်ဆာထားခဲ့တာလား။ အဲဒါ ကြောင့် ဒီကိုယ်ဝန်ကို ရပြီးတော့ ဒါကို သိသွားတဲ့ အဖေက စိတ်တို ဒေါသထွက်ပြီးတော့ ညီမလေးကို။

အာ ... မဖြစ်နိုင်ဘူး။ လုံးဝ မဖြစ်နိုင်ဘူး။ ဖေဖေက ဒီလို လူစားမျိုး မဟုတ်တာ သူအသိဆုံး။ ဟုတ်တယ် ... ဖေဖေက ဒါမျိုး ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး။ ဒီကြားထဲမှာ လိုက်မမီသေးတဲ့ အကြောင်း အရာတွေ အများကြီး ရှိနေနိုင်သေးတယ်။

"ဟုတ်တယ် ... မညိုပြာမှာ ကိုယ်ဝန်ရှိနေပါတယ်၊ အဲဒီအတွက် ကျွန်တော်တို့ မညိုပြာမှာ ချစ်သူရည်းစား ရှိမရှိဆိုတာကိုလည်း စုံစမ်းစစ်ဆေးနေပါတယ်၊ အမှုမှန် အမြန်ဆုံး ပေါ်ပေါက်အောင် တော့ ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားနေပါတယ်၊ အဲဒီအတွက် ကိုညိုမင်းမောင်အနေနဲ့လည်း မညိုပြာ မသေဆုံးခင်က မူမမှန်တဲ့ ကိစ္စရပ်တစ်ခုခု ရှိခဲ့တာမျိုးကို တွေးလို့ရခဲ့ရင် ကျွန်တော်တို့ကို ပြောပြပေးဖို့ တောင်းဆိုပါတယ်၊ အမှုက ရှုပ်ထွေးနေတဲ့အတွက် ခင်ဗျားတို့ မိသားစုတွေပါ ကျွန်တော်တို့နဲ့ ပူးပေါင်းပေးဖို့ လို အပ်ပါတယ် ကိုညိုမင်းမောင်၊ ဒါမှသာ ဦးမင်းညီ အပြစ်ရှိမရှိ ဆိုတာ ပေါ်လွင်လာမှာပါ၊ လောလောဆယ်မှာတော့ ကျွန်တော် တို့တွေ ဦးမင်းညီကိုပဲ တရားရုံးမှာ တရားခံအဖြစ် တရားစွဲဆို စစ်ဆေး မေးမြန်းသွားရမှာပါပဲ"

ကမ္ဘာကြီး တစ်ခုလုံး ချာချာလည်သွားရသည်။ သေဆုံးသူ က သမီး။ တရားခံဟု သံသယအဝင်ခံရသူက ဖခင်ဖြစ်သူတဲ့။ ကြားလို့ ကောင်းကြသေးရဲ့လား။ ဒါပေမယ့် ဖေဖေ့ကို သူယုံသည်။ သားသမီး



www.burmeseclassic.com

www.burmeseclassic.com



တွေ့အခေါ်မှာ ဒေါ်သနှင့်တောင်မှ စကားမာမာ မပြောခဲ့ဖူးသည့် ဖေဖေ
ညီမလေးအပေါ်မှာ ဒါမျိုး ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး။ တရား
အခြားတစ်ယောက် ရှိကိုရှိရမယ်။ ဟုတ်တယ် ... အဲဒီလူယုတ်မာ
အမြန်ဆုံး ဖော်ထုတ်နိုင်အောင် ကြိုးစားရမယ်။

စိတ်ချ ညီမလေး ... ညီမလေး မတရား သေခဲ့ရတာ
အစ်ကိုကြီး မရရအောင် ဖော်ထုတ်မယ်။ အစ်ကိုကြီး အသက်ကိုပါ
မပ ... းရစမ်းပါစေ။ ညီမလေးကို ယုတ်မာခဲ့တဲ့ လူယုတ်မာကို
... ရအောင် ဖော်ထုတ်ပေးပါ့မယ် ညီမလေးရယ်။

♥ ♥ ♥



သံတိုင်ကြားက ဖေဖေ့ကို ကြည့်ရသည်မှ သူ့ရင်ထဲ နှင့်
... မေမေကလည်း ဖေဖေ့ကိုကြည့်ကာ ငိုရှိုက်နေရင်းမှ ...

"ကိုမင်းညီ ... ရှင် ... ရှင် တကယ်ပဲ ကျွန်မ သမီးလေးကို ... အဟင့် ..."

"အမေကြီး ... ငါ ဖခင်တစ်ယောက်ပါဟ ကိုယ့်သားသမီးကို ဒီလိုလုပ်ပါ့မလား၊ မင်း ငါ့ကို အဲဒီလောက်တောင် အယုံအကြည် မရှိဘူးလားကွာ"

"မသိဘူး ... ကျွန်မ မသိဘူး၊ ကျွန်မသိတာ ကျွန်မ သမီးလေး ဒီလောကကြီးထဲမှာ မရှိတော့ဘူး၊ ကျွန်မ သမီးလေးက အချိန်မတန် သေးဘဲနဲ့ ကြွေလွင့်ခဲ့ရတာ၊ သမီးလေးအစား ကျွန်မသာ သေလို့ ရရင် သေပေးလိုက်ချင်တော့တာပါပဲ ကိုမင်းညီရယ်၊ ကျွန်မ အသက်မရှင်ချင်တော့ဘူး၊ အ ... ဟင့် ... ဟင့် ..."

မေမေက သံတိုင်ကိုကိုင်ကာ ငိုယိုပြောနေရင်းကနေ မရှည် ...ဟန်ဖြင့် အောက်ကို ဖင်ထိုင်ကျသွားသည်။ ဖေဖေ့ပါးမှာလည်း ...ည်တွေ စီးကျလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက သူ့ကို အားကိုးတကြီး ကြည့်လာကာ သံတိုင်ကို ကိုင်ထားသည့် သူ့လက်တွေကို ဆုပ်ကိုင်လာရင်းမှ ...

"သား ... ဖေဖေ့ကို ယုံပါ သားရယ်၊ ဖေဖေ သမီးလေးကို မသတ်ရပါဘူး၊ ဖေဖေ့ဆီကို မက်ဆေ့ရောက်လာလို့ ဖေဖေ အဲဒီကို ထွက်သွားတာပါ၊ ဒါပေမယ့် ဖေဖေ ရောက်သွားတော့ကွာ သမီးလေးက ..."

"ယုံတယ် ဖေဖေ ... သား ဖေဖေ့ကို ယုံပြီးသားပါ၊ စိတ်ချပါ ဖေဖေရယ်၊ သား အဲဒီလူယုတ်မာကို ရအောင် ဖော်ထုတ်မှာပါ၊ ညီမလေးအတွက်၊ ဖေဖေ့အတွက်၊ သားတို့ မိသားစုအတွက် အဲဒီ လူယုတ်မာကို သား ရအောင်ဖော်ထုတ်မှာပါ၊ ဖေဖေ ဘာမှမပူနဲ့နော်၊ သားမှာ အသိရှေ့နေတစ်ယောက် ရှိပါတယ်၊ သား သူနဲ့ တိုင်ပင်ပြီးတော့ ဒီအမှုကို အဖြစ်မှန်ပေါ်လာတဲ့အထိ ဖော်ထုတ်မှာပါ၊ တရားကို နတ်စောင့်ပါတယ် ဖေဖေရယ်၊ ဖေဖေရော ဒီထဲမှာ နေရတာ အဆင်ပြေရဲ့လား"

"ဖေဖေ့အတွက် ဘာမှ စိတ်မပူနဲ့ သား၊ သား မေမေ့ကိုပဲ ဂရုစိုက်လိုက်ပါ၊ သူ့ကြည့်ရတာ အရမ်းအားနည်းနေသလိုပဲ၊ ဖေဖေက ဘာမှမဖြစ်ဘူး၊ ရတယ်"

သူက တင်းကြပ်နေတာတွေ ပြေပျောက်သွားအောင် လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်ပြီးနောက် မေမေ့ကို ပခုံးနှစ်ဖက်မှနေပြီး ထူမပေးလိုက်သည်။ မေမေက ညီမလေးအတွက်၊ ဖေဖေ့အတွက် ပူဆွေးကာ အရမ်းကို ပြိုလဲ နေပြီဖြစ်သည်။ တကယ်ဆို သူလည်း ရင်နှင့်မချိအောင် ခံစားနေရတာပဲ ဖြစ်ပါသည်။ ဒါပေမယ့် သူကတော့ ပြိုလဲသွားလို့





မဖြစ်။ ညီမ လေးအတွက် အမှန်တရားတစ်ခုကို ရယူပေးဖို့ သူ့မှာ စရာတွေ အများကြီး ရှိနေသေးသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

"ငါ တကယ်စိတ်မကောင်းပါဘူးဟာ၊ နှင်နဲ့ ထပ်တူကြေကွဲရပါတယ်၊ နှင် အဆင်ပြေရဲ့လားဟင်၊ အရမ်း ခံစားနေရမှာပေါ့"

ငွေနှင်း စကားအဆုံး သူက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားကာ အံကြိတ်ထားရင်းကနေ ...

"အဆင်ပြေတယ်လို့ပြောရင် လိမ်ရာကျမှာပေါ့၊ မပြေဘူးဟာ၊ ငါ လုံးဝအဆင်မပြေဘူး၊ ငါ့ညီမလေးအတွက် တရားမျှတမှုကို မယူပေးနိုင်မချင်း ငါ အသက်ရှူဝမှာ မဟုတ်ဘူး၊ ပတ်ဝန်းကျင်မှာ ငါ့ညီမလေးလည်း နာမည်ပျက် အသက်ဆုံးရှုံးရတယ်၊ ငါ့အဖေလည်း သမီးကို ပြန်သတ်တဲ့လူသတ်သမားတစ်ယောက်အဖြစ် စွပ်စွဲခံရတယ်၊ ငါမကျေဘူးဟာ၊ ဒီလိုဖြစ်အောင်လုပ်တဲ့ လူယုတ် ... မာကို ငါ ဒီတစ်သက် လုံးဝ မကျေဘူး၊ သူ့ကို ရအောင် ဖော်ထုတ်ပြီးတော့ ပြန်သတ်ရမှုကို ကျေနပ်မယ်"

ငွေနှင်းက တစ်ဖက်လှည့်ကာ ရစ်သိုင်းလာသည့် မျက်ရည်စတို့ကို အသာတို့သုတ်ပစ်လိုက်သည်။





"ငါနားလည်ပါတယ်ဟာ၊ ကိုယ်ချင်းလည်းစာတယ်၊ ဒါပေမယ့် နှင်စိတ်ထင်ရာတွေတော့ လျှောက်မလုပ်နဲ့နော်၊ မကောင်းတာလုပ်တဲ့လူတွေအတွက် ဥပဒေဆိုတာရှိပြီးသားပါ၊ ဥပဒေက အပြစ်ပေးလိမ့်မယ်၊ ဒါပေမယ့် နှင် ထင်ရာတော့ လျှောက်မလုပ်နဲ့နော်၊ ဥပဒေက အပြစ်ပေးတဲ့သူဟာ နှင်ဖြစ်သွားလိမ့်မယ်၊ အဲ့ဒီတော့ နှင့်စိတ်ကို နှင်ထိန်းမှဖြစ်မယ် ညီမင်း၊ နှင့်ကြည့်ရတာ အရမ်းကို တင်းကျပ်လွန်းနေတယ်၊ နှင် တစ်ခုခု လုပ်ပစ်မှာကို ငါ အရမ်းစိုးရိမ်တယ်၊ ငါ နှင့်ကို အစွမ်းကုန်ကူညီမှာပါ၊ မနက်ဖြန်ကျရင် ငါတို့ နှင့်အဖေဆီ သွားရအောင်နော် ..."

"ကျေးဇူးတင်ပါတယ်ဟာ၊ ငါ့မှာ နှင်ပဲရှိတာပါ၊ နှင်ကူညီမှသာ ငါ့ညီမလေးအတွက်၊ ငါ့အဖေအတွက် အမှန်တရားတစ်ခု ပေါ်လာမှာ၊ ငါ့ကို အမှုမှန်ပေါ်အောင် ကြိုးစားပေးပါဟာ ... နော်၊ ငါ နှင့်ကျေးဇူးကို ဒီတစ်သက် မမေ့ပါဘူး"

"ကျွတ် ... မလိုပါဘူးဟာ၊ ဒီလိုစကားတွေ ပြောမနေစမ်းပါနဲ့၊ နှင်က ငါ့ဆီကို ဒီအမှု ယူမလာရင်တောင် ငါက နှင့်ဆီကို လာတောင်းတော့မလို့ပါ၊ နှင့်ညီမဆိုတာလည်း ငါ့ညီမပါပဲ၊ အဲဒီလူယုတ်မာကို နှင်နဲ့ငါ အတူတူ ဖော်ထုတ်ကြတာပေါ့ ..."

"ကျေးဇူးပါ ငွေနှင်းရယ်၊ တကယ် ကျေးဇူးတင်ပါတယ်"

စိတ်ချ ညီမလေး ... အစ်ကိုကြီး ညီမလေးကို ယုတ်မာခဲ့တဲ့ ကောင်ကို သံသရာအဆုံးအထိ အစ်ကိုကြီး ရအောင် လိုက်ရှာမယ်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

“ဖေဖေ … ဒါ ဒီအမှုကိုလိုက်ပေးမယ့် သားသူငယ်ချင်း ရှေ့နေပဲ၊ ငွေနှင်းမှုန်တဲ့”

ညိုမင်းမောင်၏ မိတ်ဆက်ပေးမှု အဆုံးမှာ ဦးမင်းညီက ငွေနှင်းမှုန်ကို အားကိုးတကြီး ကြည့်လိုက်မိရင်းက ဆိုသည်။

“အားကိုးပါတယ် သမီးရယ်၊ ဦးလေးသမီးအတွက် အမှန်တရား ပေါ်လာအောင် ကူညီပေးပါနော်၊ ဦး တောင်းဆိုပါတယ်ကွယ် … နော် … သမီး … နော်”

“စိတ်ချပါ ဦးရယ်၊ ကျွန်မ အစွမ်းကုန် ကြိုးစားပေးသွားမှာပါ၊ အဲဒီအတွက် ဦးကလည်း ဦးသိသမျှနဲ့ အဲဒီနေ့က ဖြစ်ပျက်ခဲ့သမျှ တွေကို မချွင်းမချန် ကျွန်မကို ပြောပြပေးဖို့ လိုမယ်၊ အဲဒါမှ ဒီအမှုကို နိုင်အောင်လိုက်နိုင်မှာ”

“မေးပါ သမီး၊ ဦးသိတာမှန်သမျှကို မချွင်းမချန် ဦး ပြောပြပါ့ မယ်”

ငွေနှင်းမှုန်က ဦးမင်းညီကို ခေါင်းတစ်ချက်ညိတ်ပြလိုက် မိသည်။ သမီးတစ်ယောက်အတွက် ပူဆွေးသောက ရောလ်နေရသည့်





ကြားထဲ ကိုယ်တိုင်ကလည်း တရားခံအဖြစ် ယိုးစွပ်ခံနေရသည့် ဖခင် တစ်ယောက်၏ အပူမျက်နှာက သူမကိုလည်း လာဟပ်လေသည်။ စိတ် ထဲမှာ အတော့်ကိုပဲ နင့်နေရပါ၏။

“တော်တော်များများကို ကျွန်မ စုံစမ်းထားပါတယ်၊ ဒါပေမယ့် အဓိက အရေးကြီးတဲ့ အရာတစ်ခု ပျောက်နေတယ်”

“ဘာ … ဘာပျောက်နေတာလဲဟင် သမီး”

“ညိုပြာက ဦးဆီကို သူ့အသတ်မခံရခင်မှာ မက်ဆေ့ချ်ပို့ခဲ့တယ်လို့ ပြောတယ်နော်”

“ဟုတ် … ဟုတ်ပါတယ်၊ အဲဒါကြောင့် ဦး သွားခဲ့တာပါ”

“အဲဒီ မက်ဆေ့ချ်ကို ကျွန်မ ကြည့်ပြီးပါပြီ၊ ဒါပေမယ့် ခက်တာက ညိုပြာရဲ့ ဖုန်းကို အခင်းဖြစ်တဲ့နေရာမှာ ရှာမတွေ့တာဘဲ၊ ဦး အခင်းဖြစ်ပွားတဲ့နေရာကို ရောက်တော့ ညိုပြာ့ဖုန်းကို တွေ့မိသေး လား”

“ဖုန်း …”

ဦးမင်းညီက သံယောင်လိုက် ရေရွတ်ကာ ထိုနေ့က မြင် ကွင်းကို မျက်လုံးထဲမှာ ပြန်ပုံဖော်ကြည့်မိသည်။ ဒါပေမယ့် စဉ်းစားလို့ အဲဒီအချိန်တုန်းက စိတ်တွေလှုပ်ရှားကာ မျက်စိတွေ ပြာဝေနေခဲ့သလို ဘာတို့မှလည်း သတိမရခဲ့။

“ဦး မသိဘူး သမီး၊ ဦးက သမီးလေးကို ရုတ်တရက်ကြီး သွေး တွေနဲ့ လဲကျနေတာတွေ့တော့ ထူပူသွားတာ၊ ဦးမျက်စိထဲမှာ သမီးကလွဲပြီး အဲဒီအချိန်မှာ ဘာမှမရှိတော့ဘူး၊ အဲဒါကြောင့် ဦး သတိမထားမိလိုက်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ညိုပြာ ဖုန်းက ပျောက်နေတယ်၊ ဖြစ်နိုင်ချေရှိတာက အဲဒီဖုန်းဟာ တရားခံရဲ့လက်ထဲမှာ ရှိနေတာဖြစ်နိုင်တယ်၊ ကျွန်မ ခေါ်ကြည့်တယ်၊ ဖုန်းက စက်ပိတ်ထားတယ်ချည်းပဲ ဖြေနေတာ၊ ပြီးတော့ ကျွန်မ မေးရဦးမယ်၊ အဲဒီနေ့က ကွန်ဒိုဝင်းထဲကို ဦး ဝင်သွားတော့ ကွန်ဒိုဝင်းထဲမှာတို့၊ ကွန်ဒိုပေါ် တက်သွားတဲ့လမ်း တစ်လျှောက်တို့မှာရော မသင်္ကာစရာကောင်းတဲ့ လူတစ်ယောက် ယောက်နဲ့များ ရောင်ခဲ့တာတို့ ဘာတို့ သတိမထားမိဘူးလား"

"အဲဒီလိုလည်း ဦး စဉ်းစားကြည့်ပြီးပြီ၊ ဒါပေမယ့် စဉ်းစားလို့မရဘူး ဖြစ်နေတယ်"

ညိုမင်းမောင်နှင့် ငွေနှင်းမှုန်တို့က တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြသည်။ နောက်တော့ ငွေနှင်းမှုန် အကြည့်က ဦးမင်းညီဆီ ပြန်ရောက်သွားကာ ...

"ဟုတ် ... ဦး ခေါင်းအေးအေးထား စဉ်းစားကြည့်ပါဦးနော်၊ စဉ်းစားလို့ ရတာရှိရင် ကျွန်မကို ပြောပြပေးပါ၊ ရှေ့တစ်ပတ်ဆို ရင် ဒီအမှုက ရုံးတင်စစ်ဆေးတော့မှာဆိုတော့ ဦးမှာ အပြစ်မရှိ ကြောင်းကို ပြသနိုင်ဖို့က ကျွန်မတို့မှာ သက်သေအထောက်အထား တွေ အများကြီး လိုအပ်နေတယ်၊ ကျွန်မ မနက်ဖြန်ကျမှ ထပ် လာခဲ့ပါဦးမယ်"

"ဟုတ် ... ကျေးဇူးတင်ပါတယ် သမီးရယ်"

ပြောပြီး ငွေနှင်းမှုန်နှင့် ညိုမင်းမောင်တို့က ပြန်လာခဲ့ကြ သည်။

အပြန်လမ်းတစ်လျှောက် နှစ်ယောက်သားက အတွေးကိုယ်စီ





ဖြင့် စကားမပြောဖြစ်ကြ။ ဒါပေမယ့် နှစ်ယောက်စလုံး၏ အတွေးတွေ တော့ အမှုမှန်ပေါ်ပေါက်ရေးအတွက်သာပဲ ဖြစ်ပါသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

သူမ အိမ်ပြန်ရောက်တော့ ဖေဖေလည်း ရောက်နေပြီဖြ[…]ကာ ဖေဖေက အိမ်ရှေ့ပေါ်တီကိုရှေ့ထိ ထွက်လာရင်းက ...

"ဒီနေ့ နောက်ကျလှချည်လား သမီး,"

"ဟုတ် ... ဖေဖေ၊ အလုပ်ကိစ္စလေး နည်းနည်း မပြတ်တာ[…] နောက်ကျသွားတာ၊ ဖေဖေကော ထမင်းစားပြီးပြီလား"

"ဘယ်စားရဦးမလဲ၊ သမီး မလာသေးလို့ စောင့်နေတာလေ"

"ဖေဖေကလည်း ... ရှစ်နာရီတောင် ထိုးတော့မှာကို၊ စားနှင့်လို[…] တာ မဟုတ်ဘူး၊ ဒါဆို ထမင်းစားခန်းကပဲ ဖေဖေ စောင့်နေလို[…] လေ၊ သမီး ဒီပစ္စည်းတွေ သွားထားပြီးတော့ ပြန်ဆင်းလာခဲ့လို[…] မယ်"

"အင်း အင်း ... သွား သွား"

သူမက ရှေ့ကနေ ဝင်သွားလိုက်ကာ သူမအခန်းရှိရာအ[…]တောက်လှေကား တက်သွားလိုက်သည်။ အခန်းထဲမှာ ဖိုင်လ်တွေ၊ အ[…]တွေကို ထားခဲ့ပြီးတော့မှ အောက်ထပ်က ထမင်းစားခန်းထဲကို ပြန်ဆ[…]လာခဲ့လိုက်သည်။





"တလောက လိုက်နေတဲ့အမှုက ပြီးသွားပြီ မဟုတ်လား သမီးရဲ့ အခုက နောက်တစ်မှုလား"

သူမက ဖေဖေ့ရှေ့မှ ထမင်းပန်းကန်ကို လှမ်းယူလိုက်ကာ အုပ်ထဲမှ ထမင်းကို ခပ်ထည့်ပေးနေရင်းက ...

"ဟုတ် ... ဖေဖေ၊ ဟို ... မိုးနှင့်မြေ ရုပ်ရှင် ဗီဒီယို ထုတ်လုပ်ရေးက ဦးထက်ပိုင်နဲ့ ရင်းနှီးတယ် မဟုတ်လား ဖေဖေ"

"အင်းလေ ... ဖေဖေနဲ့ ကျောင်းနေဖက် သူငယ်ချင်းတွေပဲဟာ"

"ဟုတ် ... အဲဒီက စင်တင်တဲ့၊ မင်းသမီး ညိုပြာ အသတ်ခံရတဲ့ အမှုလေ၊ အဲဒီအမှုကို သမီး လိုက်မလို့ ..."

"ဘယ်လို ..."

ဦးမြင့်ဆောင်၏ ရင်ထဲမှာ ဒိန်းခနဲ မြည်ဟည်းသွားရသည်။ ဘုရား ... ဘုရား ... သမီးက ... သမီးက ... ။ အံ့သြထိတ်လန့်မှုကြောင့် ထွက်သွားမိသည့် အာမေဋိတ်သံကြောင့် သမီးဖြစ်သူက ထမင်းပန်းကန်ကို လှမ်းပေးနေရင်းကနေ မျက်လုံး လှန်ကြည့်လာကာ ...

"ဘာဖြစ်လို့လဲဟင် ဖေဖေ ..."

ဟု မေးလာ၏။

ဒီတော့မှ ဦးမြင့်ဆောင်က ကိုယ့်ကိုယ်ကိုယ် ပြန်လည်သတိထား ပြုပြင်လိုက်မိသည်။ သမီးရှေ့မှာ မိမိက ရုပ်ပျက်ဆင်းပျက်ဖြစ်နေလို့ မဖြစ်ပါဘူး။

"သြော် ... ဟိုဟာ ... ဘာမှမဖြစ်ပါဘူး၊ တိုက်ဆိုင်မှုကို အံ့သြသွားလို့ပါ"

"ဘယ်လိုတိုက်ဆိုင်လို့လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဟိုဟာ ... ဒီလိုလေ၊ ဖေဖေ့သူငယ်ချင်းနဲ့ ပတ်သတ်နေတဲ့ သေဆုံးသူရဲ့ အမှုကို ဖေဖေ့သမီးက လိုက်မှာဆိုတော့လေ အဲဒါကို ပြောတာပါ"

"ဟုတ် ... သေသွားတဲ့ မင်းသမီး ညိုပြာရဲ့ အစ်ကိုက သမီးရဲ့ သူငယ်ချင်းလေ ဖေဖေရဲ့၊ သူတို့မိသားစုလည်း တော်တော့်ကို ထိခိုက်ခံစားနေကြရတယ်"

ဦးမြင့်ဆောင် တော်တော့်ကိုပဲ တုန်လှုပ်နေရပြီ၊ သမီးသည် ဒီအမှုကို လိုက်မှာတဲ့။ တရားခံဟာ သူမရဲ့ ဖခင်ပါဆိုတာကိုများ သမီး ဖော်ထုတ်နိုင်လိုက်ရင် ...။

ဘုရား ... ဘုရား ... အာ ... မဟုတ်သေးပါဘူး။ ဒီအမှု ဦးမင်းညီ သတ်တယ်လို့ပဲ အားလုံးက ယူဆထားကြတာ၊ မိမိပါ ဘယ်သူမှ သိနိုင်မှာမဟုတ်ပါဘူး။ ဟုတ်တယ် ... ဘယ်သူမှ စုံစမ်းနိုင်မှာ မဟုတ်ပါဘူး။

ဒါပေမယ့် ... ဒါပေမယ့်လို့ သမီးဖြစ်သူကို ဒီအမှု မပတ်သက်စေချင်တာတော့ အမှန်ပါပဲ။

"ဟို ... ဖြစ်နိုင်ရင် ဒီအမှုကို မလိုက်ပါနဲ့လား သမီးရယ်"

ဦးမြင့်ဆောင်က ရလိုရငြား သမီးဖြစ်သူကို တားကြည့်ဆုံးဖြတ်လိုက်သည်။

"ရှင် ... ဖေဖေ ... ဘာလို့လဲ ..."

"ဩော် ... ဟိုဟာလေ၊ ထက်ပိုင် ... ထက်ပိုင်က ပြောပြီ အဲဒီအမှုက ရှုပ်ထွေးနေတာဆို၊ ပြီးတော့ ကောင်မလေးကို အဖေက သတ်ပစ်လိုက်တာလို့ သတင်းတွေ ထွက်နေတာလေ





လား၊ အဖြေက ရှင်းနေတာပဲလေ၊ ဒါကို သမီးက အဲဒီအဖေဘက်က ရှေ့နေလိုက်ပေးမယ်ဆိုတော့ သမီး ရှုံးဖို့က သေချာနေတာ မဟုတ်လား၊ သမီးပဲ သိက္ခာကျမှာပေါ့"

ဦးမြင့်ဆောင် စကားအဆုံး ငွေနှင်းမှုန်က စားလက်စ ဇွန်းကို ထမင်းပန်းကန်ထဲမှာ ချထားလိုက်ရင်း ...

"အာ ... ဖေဖေကလည်း၊ အမှုတစ်ခုကို လိုက်တဲ့နေရာမှာ ရှုံးတယ် နိုင်တယ်ဆိုတာက အဓိက မဟုတ်ပါဘူး၊ အမှုမှန် ပေါ်ပေါက်ရေးကသာ အဓိကပါ၊ ပြီးတော့ ဖေဖေပဲ စဉ်းစားကြည့် ... အသတ်ခံရတာက သမီး၊ တရားခံက ဖခင်တဲ့၊ ဒါ ဖြစ်နိုင်လို့လား၊ ကိုယ့်သားသမီး တစ်ယောက်လုံးကို ဘယ်ဖခင်ကမှ ရက်ရက်စက်စက် သတ်မှာတဲ့လဲ၊ သမီးကတော့ ဦးမင်းညီကို ယုံတယ်၊ သူနဲ့တွေ့ကြည့်ပြီးပြီ၊ ဦးမင်းညီက ခပ်အေးအေးသမား တစ်ယောက်ပါ၊ သေဆုံးသူ ညိုပြာ့အပေါ်မှာလည်း အရမ်းကို ချစ်မှာ သေချာပါတယ်၊ သူဟာ တရားခံမဟုတ်ဘူးလို့ သမီးစိတ်ထဲမှာ ယုံကိုယုံကြည်နေတယ် ဖေဖေရယ်၊ သူတို့မိသားစု အရမ်းကို ခံစားနေရတာ၊ သမီး သူတို့ကို ကူညီချင်တယ်၊ တရားခံအစစ်ကို ဖော်ထုတ်ပြီးတော့ သူတို့ မျက်ရည်တွေကို သုတ်ပေးချင်တယ် ဖေဖေရယ် ..."

သမီးဖြစ်သူ၏ ခေါင်းမာသည့် စရိုက်နှင့် မှန်သည်ထင်လျှင် ဘာကိုမဆို ဘယ်သူတားတား လုပ်တတ်သည့် စရိုက်တို့ကို သိထားသည့် ဦးမင်းညီက ဆက်တားမနေတော့။ ဒါပေမယ့် ရင်ထဲမှာတော့ ကမ္ဘာပျက်နေရပြီ။ ပေါ်များသွားရင် ဆိုသည့် အတွေးက လူကို ရူးချင်သလိုလို ဖြစ်သွားစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားရတာပင် ပေါ့ရွှတ်လာကာ စားချင်စိတ် မရှိတော့ချေ။

"ဖေဖေ ... ဘာဖြစ်နေတာလဲ၊ ထမင်းစားနေတာ တို့ကနန်း ဆိတ်ကနန်းနဲ့၊ စားလို့ မကောင်းလို့လား ..."

"ဩော် ... မဟုတ်ပါဘူး သမီးရဲ့၊ စားလို့ကောင်းပါတယ်၊ ဒါပေမယ့် အဆာလွန်သွားလို့လား မသိဘူး၊ သိပ်စားမရတော့လို့ ..."

"ဖေဖေကတော့ ဖြစ်ရမယ်၊ တအားဆာနေရင်လည်း သမီးကို မစောင့်ဘဲ စားနှင့်တာမဟုတ်ဘူး၊ အစာအိမ် ဖြစ်ဦးမယ်၊ နောက်ဆိုရင် ဆာရင်စားနှင့်နော် ဖေဖေ၊ သမီးကို စောင့်မနေနဲ့"

"အင်းပါ ... သမီးရယ် ... အင်းပါ"

ဦးမြင့်ဆောင်က ရင်မောလာမှုကြောင့် သက်ပြင်းမောတစ်ချက်ကို အသာကျိတ်ချလိုက်ရသည်။ သမီးဖြစ်သူကတော့ ဘာမှမသိရှာ။

ဖေဖေ ... ဖေဖေ အရှမ်းမှားသွားခဲ့ပြီ သမီးရယ်။ အတော်အမှားကြီး မှားခဲ့မိပြီ။

❤ ❤ ❤



ဦးမြင့်ဆောင်က အခန်းထဲမှာ ယောက်ယက်ခတ်စွာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရင်းကနေ အကြံထုတ်နေမိသည်။ ဘယ်လိုတားရမလဲ။ သမီးဖြစ်သူကို မိမိ ဘယ်လိုတားရပါ့မလဲ။ သူမရှာနေသည့် တရားခံဟာ ဖခင်ဖြစ်သည့် ကိုယ်ပါဆိုတာကို သိများသွားခဲ့ရင် သွားတော့မည်။ ဘယ်လိုမှ ပြန်လည်တည်ဆောက်လို့မရအောင် သမီးဖြစ်သူနှင့် မိမိကြားမှာ ပြိုကွဲပျက်ဆီးမှုတွေ ဖြစ်လာတော့မည်။

ကြံရာမရသည့် အဆုံးမှာတော့ ဦးမြင့်ဆောင်က ဦးထက်ပိုင်ဆီကို ဖုန်းခေါ်လိုက်မိတော့သည်။

"ထက်ပိုင်လား ... ငါ မြင့်ဆောင် ..."

"အေး ... ပြောလေကွာ"

မိမိကသာ ထိတ်လန့်တုန်လှုပ်နေသော်လည်း ထက်ပိုင်ကတော့ အေးအေးဆေးဆေးပင် ဖြစ်သည်။

အေးပေါ့လေ ... သူက တရားခံမှ မဟုတ်တာ။ တရားခံက မိမိပဲ မဟုတ်ပါလား။ သူက ဘယ်တုန်လှုပ်ပါ့မလဲ။

"ငါ ... ငါ့ကို ကယ်ပါဦးကွာ၊ ငါ တော်တော် တုန်လှုပ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲကွာ၊ ငါ့ကို ရှင်းအောင်ပြောမှပေါ့"

"ဟိုဟာ … ညိုပြာ … ညိုပြာ့ အမှုကိုလေ ငါ့သမီးက ညိုပြာ့အဖေဘက်ကနေ အမှုလိုက်ပေးမလို့တဲ့"

"အဲဒီတော့ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲကွ၊ တားရမယ်လေကွာ၊ ငါ့သမီးကို ဒီအမှုနဲ့ မပတ်သက်စေချင်ဘူး၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ တားရမယ်"

"ကျွတ် … မင်းကလဲ ပတ်သက်တော့ရော ဘာဖြစ်လဲ၊ တရားခံအစစ်ဟာ မင်းပါလို့ ဘယ်သူသိတာမှတ်လို့လဲ၊ ဘယ်သူမှ မသိနိုင်ဘူး၊ မင်းက အဲဒီလို လျှောက်တားနေရင်သာ မင့်သမီးက မင်းကို သံသယဝင်လာလိမ့်မယ်၊ မင်းနဲ့ ညိုပြာ့ကို ဘယ်သူမှ စစ်ဆက်မကြည့်နိုင်ဘူး၊ စိတ်ချ … အဲဒီတော့ လွှတ်သာပေးထားလိုက်၊ အချိန်တန်ရင် ဦးမင်းညီပဲ သူ့သမီးကို သူကိုယ်တိုင် ပြန်သတ်တဲ့အမှုနဲ့ ထောင်ကျသွားလိမ့်မယ်၊ မပူနဲ့ … မင်းလုပ်ရမှာက ဟန်မပျက်အေးအေးဆေးဆေး နေဖို့ပဲ၊ မင်း သမီးရှေ့မှာ ထိတ်လန့်တုန်လှုပ်ပြီး မူမမှန်ပြမနေနဲ့၊ ကြားလား …"

"ငါ … ငါနဲ့ ညိုပြာရဲ့ ပတ်သက်မှု ပေါ်တော့ မပေါ်နိုင်ပါဘူးနော်"

"ကျွတ် … မပေါ်ပါဘူးဆိုကွာ၊ ပုံမှန်အတိုင်းပဲနေ၊ အဲဒီကိစ္စကြီးကို ခေါင်းထဲ ထည့်ထားမနေနဲ့တော့၊ အချိန်တန်ရင် ပြီးသွားလိမ့်မယ် … ဟုတ်ပြီလား"

"အေး … အေးပါကွာ …"

ဖုန်းချပြီးစဉ်မှာတော့ ထက်ပိုင် ပြောသည့် စကားတွေကြောင့် အနည်းငယ်တော့ ရင်အေးသွားရသည်။





ဟုတ်သားပဲ … မပေါ်နိုင်ပါဘူး။ သူနဲ့ ညိုပြာ့ ဇာတ်လမ်းက စကတည်းက လူသိမှာစိုးလို့ ဘယ်သူ့ကိုမှ အသိခံခဲ့တာ မဟုတ်တာ။ ညိုပြာ မရှိတော့တဲ့ နောက်ပိုင်းမှာ ဘယ်သူကသိနိုင်မှာမို့လို့လဲ။ ဒီလောကကြီးမှာ ဒီကိစ္စကို သိတာဆိုလို့ မိမိနှင့် ထက်ပိုင်ပဲ ရှိသည်။ မိမိတို့သာ မပြောပါလျှင် ဘယ်သူမှမသိနိုင်။

ဟုတ်တယ် … မသိနိုင်ပါဘူး။ လုံးဝ မသိနိုင်ပါဘူး။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

ဒီနေ့က ညိုပြာ အသတ်ခံရမှုကို ရုံးတင်စစ်ဆေးသည့် နေ့ဖြစ်သည်။ သေဆုံးသူ ညိုပြာဘက်မှ အစိုးရရှေ့နေ ဦးလှကြိုင်က တာဝန်ယူ စစ်မေးမှာဖြစ်ပြီး စွပ်စွဲခံထားရသူ ဦးမင်းညီဘက်မှ ငွေနှင်းမှုန်က တာဝန်ယူရတာ ဖြစ်သည်။

တရားခွင်မှာက လာရောက် အကဲခတ် လေ့လာသူတွေကလည်း အများအပြား လာရောက်ကြည့်ကြလေသည်။ မင်းသမီးက စပွန်ဆာထားလို့ မင်းသမီး အဖေသိပြီး ကိုယ့်သမီးကို ကိုယ်သတ်လိုက်ပါတယ်လို့ အပြင်မှာ နာမည်ကြီးနေသည့် အမှုဆိုတော့လည်း စပ်စုချင်ကြတာ မဆန်းပါပေ။ ဒီသတင်းက ဂျာနယ်တွေနှင့် အင်တာနက် စာမျက်နှာတွေမှာလည်း ပလူပျံနေအောင် ဟိုးလေးတကျော် ဖြစ်နေခဲ့သည်မဟုတ်ပါလား။

ညိုမင်းမောင်ကတော့ သူ့ဘေးက မိခင်ဖြစ်သူ၏ လက်ကို ဆုပ်ကိုင်ထားကာ အားပေးနှစ်သိမ့်နေမိသည်။ အရင်ဦးဆုံး ရှေ့နေ ဦးလှကြိုင်က ဦးမင်းညီကို စတင်စစ်မေး၏။





"နာမည်က ဦးမင်းညီနော်"

"ဟုတ်ကဲ့"

"သေဆုံးသူ မညိုပြာနဲ့ သားအဖအရင်းတွေဆိုတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"အလုပ်အကိုင်က ဘာလုပ်ပါသလဲ"

"ကျွန်တော် တက္ကဆီ မောင်းပါတယ် ခင်ဗျာ"

"လွန်ခဲ့တဲ့ ကာလတစ်ခုဆီက ခင်ဗျား တက္ကဆီမောင်းရင်းက အက်ဆီးဒင့်တစ်ခုဖြစ်လို့ အိမ်နဲ့ ဝိုင်းကို ပေါင်ပြီး လျော်လိုက်ရတယ်ဆိုတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"အဲဒီ အိမ်နဲ့ ဝိုင်းကို ဘယ်ကပိုက်ဆံနဲ့ ပြန်ရွေးခဲ့ပါသလဲ"

ညိုမင်းမောင်နှင့် ငွေနှင်းမှုန်တို့ အကြည့်ချင်း ဆုံသွားကြသည်။ ဦးမင်းညီက ခဏမျှ တိတ်ဆိတ်သွားပြီးမှ မေးခွန်းကို ဖြေသည်။

"ကျွန်တော့် သမီး ညိုပြာ သရုပ်ဆောင်လုပ်တဲ့ဆီက ရတဲ့ ငွေကြေးနဲ့ ရွေးခဲ့တာပါ"

ရှေ့နေ ဦးလှကြိုင်က ခေါင်းတဆတ်ဆတ်ညိတ်၏။ နောက်ပြီးမှ ဦးမင်းညီကို စေ့စေ့ကြည့်ရင်း မေးခွန်းကိုဆက်သည်။

"အခင်းဖြစ်တဲ့နေ့က မညိုပြာ့ဆီက သူ့ဆီကို လာခဲ့ပေးဖို့ မက်ဆေ့ပို့ခဲ့တယ်ဆိုတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"သူက ဘာဖြစ်လို့ ခေါ်တာပါလဲ"

"ကျွန်တော် မသိဘူး၊ ကျွန်တော် ရောက်သွားတဲ့အချိန်မှာ သမီးလေးက အသက်မရှိတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ရောက်သွားတဲ့အချိန်မှာ မညိုပြာ အသက်မရှိတော့ဘူး ဆိုတာကို ဘယ်လို သက်သေပြပေးနိုင်ပါသလဲ"

"ကျွန်တော့်မှာ သက်သေပြစရာ မရှိပါဘူး၊ ဒါပေမယ် ကျွန်တော် မလိမ်ပါဘူး ခင်ဗျာ၊ ကျွန်တော် ရောက်သွားတဲ့အချိန်မှာ သမီးလေးက သွေးအိုင်ထဲမှာ လဲကျပြီး အသက်မဲ့နေပါပြီ"

"သက်သေ မပြနိုင်ဘူးဆိုတော့ အပြင်မှာ သတင်းတွေထွက်နေသလို ညိုပြာဟာ စပွန်ဆာ ထားခဲ့တာကိုသိပြီး ဒေါသမထိန်းနိုင်တဲ့အလျှောက် လက်လွန်သွားတာရော မဟုတ်ဘူးလား ..."

"ဗျာ ... ကျွန်တော်က ..."

ဦးမင်းညီက ရင်နင့်သွားရကာ မေးခွန်းကို ဆက်မဖြေနိုင်ဟန်ဖြင့် စကားစက တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားရသည်။ ဒီမှာတင်ပဲ ထိုင်နေသည့် ငွေနှင်းမှုန်က မတ်တတ်ထရပ်လိုက်ကာ တရားသူကြီးမင်းကို ကြည့်လိုက်ရင်းမှ ...

"တရားသူကြီးမင်းရှင့် ... ဒီမေးခွန်းဟာ စွပ်စွဲခံထားရသူ ဦးမင်းညီရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတဲ့အတွက် ကန့်ကွက်ပါတယ်"

တရားသူကြီးမင်းက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း ရှေ့နေဦးလှကြိုင်အား မေးခွန်းပြောင်းမေးစေသည်။

"ရှေ့နေကြီး မေးခွန်းပြောင်းမေးစေ"

"အကယ်လို့ စောစောက ခင်ဗျားပြောခဲ့သလို အခင်းဖြစ်ပွားရာနေရာကို ခင်ဗျား ရောက်သွားတော့ မညိုပြာဟာ အသက်မရှိတော့ ရိုးမှန်ရင် မညိုပြာကို သတ်တဲ့သူဟာ ဘယ်သူလို့ ခင်ဗျားစိတ်ထဲမှာ ထင်ပါသလဲ ..."





ဦးမင်းညီ ငြိမ်ကျသွားသည်။ လူတွေအားလုံးရဲ့ အကြည့်တွေက ဦးမင်းညီဆီမှာ ...။

"ကျွန်တော် ... ကျွန်တော် ... မသိပါဘူး"

"သေဆုံးသူ မညိုပြာဟာ ခင်ဗျားဆီကို မက်ဆေ့ချ်ပို့ပြီး သူ့အခန်းကို လာခဲ့ဖို့ ခေါ်ခဲ့တယ်လို့ ထွက်ဆိုထားတယ်နော်၊ ဒါပေမယ့် အခင်းဖြစ်ပွားတဲ့နေရာမှာ မညိုပြာရဲ့ ဖုန်းကို မတွေ့ရပါဘူး၊ ဒီဖုန်းကို ခင်ဗျားက သဲလွန်စပေါ်မှာစိုးလို့ ဖျောက်ဖျက်ပစ်ခဲ့တာ မဟုတ်ဘူးလား"

"ကျွန်တော် ... ကျွန်တော် မလုပ်ပါဘူး၊ အဲဒီနေ့က ပူထူနေတဲ့အတွက် သမီးလေးကလွဲပြီး ကျွန်တော့်ခေါင်းထဲမှာ ဘာမှရှိမနေခဲ့ပါဘူး၊ သမီးလေး ဖုန်းကိုလည်း သတိမထားမိခဲ့ပါဘူး"

ရှေ့နေ ဦးလှကြိုင်မှ ခေါင်းတစ်ချက်ညိတ်လိုက်ကာ တရားသူကြီးမင်းအား ကြည့်လိုက်ပြီးနောက် ...

"တရားသူကြီးမင်း ခင်ဗျား ... ကျွန်တော့်မှာ မေးစရာ မေးခွန်း မရှိတော့ပါဘူး"

ဟုဆိုကာ အရိုအသေတစ်ချက် ပေးပြီးနောက် နေရာမှာ ပြန်သွားထိုင်သည်။ ဒီတစ်ခါ စစ်မေးဖို့ အလှည့်ကျလာတာက ငွေနှင်းမှုန်ဖြစ်သည်။

"ဦးမင်းညီမှာ သေဆုံးသူ မညိုပြာ့အပြင် နောက်ထပ် သားသမီး ရှိပါသေးသလား"

"ဟုတ်ကဲ့ ... ကျွန်တော့်မှာ သားအကြီးတစ်ယောက် ရှိပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... အဲဒီ သားသမီး နှစ်ယောက်ကို ဆုံးမတဲ့အခါမှာ ရိုက်နှက်ဆုံးမလေ့ ရှိပါသလား၊ ဒါမှမဟုတ် နားလည်အောင်ပဲ ပြောပြဆုံးမလေ့ ရှိပါသလား"

"ကျွန်တော် သားနဲ့ သမီးကို ဘယ်တုန်းကမှ ရိုက်နှက်ပြီး ဆုံးမတာမျိုး မလုပ်ပါဘူး၊ ပါးစပ်နဲ့ပဲ ပြောဆိုဆုံးမလေ့ ရှိပါတယ်"

"အခင်းဖြစ်ပွားတဲ့နေ့မှာ မညိုပြာက ဦးမင်းညီဆီကို မက်ဆေ့ပို့ပြီး လာခဲ့ဖို့ ခေါ်ခဲ့တယ်လို့ သိရပါတယ်၊ အဲဒီကို ဦးမင်းညီ ရောက်သွားတော့ မညိုပြာ့ကို ဘယ်လိုပုံစံမျိုးနဲ့ တွေ့ခဲ့တာပါလဲ"

"ကျွန်တော် ရောက်သွားတော့ သမီးလေးက ကြမ်းပြင်ပေါ်မှာ သွေးတွေနဲ့လဲကျနေတာပါ၊ ကျွန်တော်က လှုပ်နှိုးခဲ့ပေမယ့် သမီးလေးမှာ အသက်မရှိတော့ပါဘူး"

"မညိုပြာရဲ့ တိုက်ခန်းကို ဦးမင်းညီ ရောက်သွားချိန်မှာ မညိုပြာဟာ အသက်မရှိတော့ဘူးလို့ ပြောတယ်နော်၊ အဲဒီတော့ အထဲကို ဝင်ဖို့အတွက် ဘယ်သူက တံခါးဖွင့်ပေးခဲ့တာပါလဲ"

"အခန်းတံခါးက သော့ခ်ချမထားပါဘူး၊ စေ့ရုံပဲ စေ့ထားတာပါ"

ငွေနှင်းမှုန်က ခေါင်းတစ်ချက်ညိတ်လိုက်ကာ တရားသူကြီးမင်းကို တစ်ချက်ကြည့်လိုက်သည်။

"တရားသူကြီးမင်းရှင့် ... ရန်ကုန်မြို့ဆိုတာမျိုးက လူပေါင်းစုံ နယ်ပေါင်းစုံက လာရောက်နေထိုင်နေတဲ့ မြို့ပြကြီးတစ်ခုပါ၊ အဲဒီအတွက် အခန်းငှားနေတဲ့သူပဲဖြစ်ဖြစ်၊ ကိုယ်ပိုင်တိုက်ခန်းနဲ့ နေတဲ့သူပဲဖြစ်ဖြစ် အဲဒီလို နေတဲ့ လူတိုင်းဟာ သူတို့ရဲ့ အခန်းတံခါးကို အမြဲတမ်း သော့ခ်ချပြီး ပိတ်ထားလေ့ရှိကြပါတယ်၊ သေဆုံးသူ မညိုပြာ





ဟာ အခင်းဖြစ်ပွားတဲ့နေ့မှာ တံခါးသော့ခ်မချထားတာဟာ စဉ်းစားစရာပါ၊ ဒါဟာ တစ်စုံတစ်ယောက်က မညိုပြာကို လုပ်ကြံပြီးနောက် ဦးမင်းညီအပေါ်မှာ လွှဲချနိုင်ဖို့အတွက် ဦးမင်းညီ အခန်းထဲကို အလွယ်တကူ ဝင်သွားနိုင်ဖို့အတွက် ဖွင့်ထားပေးခဲ့တယ်ဆိုတာ ထင်ရှားပါတယ်၊ ကျွန်မမှာ လောလောဆယ် ဦးမင်းညီကို မေးစရာ မေးခွန်း မရှိတော့ပါဘူး၊ မျက်မြင်သက်သေ တစ်ယောက်ကို စစ်မေးခွင့် ပြုပါ"

တရားသူကြီးမင်းက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီးနောက် အားလုံးကြားနိုင်မည့် အသံမျိုးဖြင့် ပြောသည်။

"သက်သေအား ခေါ်သွင်းစေ ..."

မျက်မြင်သက်သေ ဆိုသည်က ညိုပြာနှင့် အတူနေခဲ့သည့် ထွေးထွေးပင် ဖြစ်သည်။

အဲဒီနေ့က အခင်းဖြစ်ပွားသည့်နေရာကို ပထမဦးဆုံး ရောက်သွားသည့်သူပဲ မဟုတ်ပါလား။

"နာမည်က မထွေးထွေးနော်"

"ဟုတ် ...ဟုတ်ပါတယ်ရှင့်"

"သေဆုံးသူ မညိုပြာနဲ့ အတူနေတဲ့သူဆိုတာ ဟုတ်ပါသလား"

"ဟုတ် ...ဟုတ်ပါတယ်"

"မညိုပြာနဲ့ရော ဘယ်လိုပတ်သက်ပါသလဲ"

"ကျွန်မက မမညိုပြာ ရုပ်ရှင် သွားရိုက်တဲ့အခါ နောက်ကလိုက်ပေးရတဲ့သူပါ၊ နောက်တော့ မမညိုပြာက သူနဲ့လာနေဖို့ ခေါ်တာနဲ့ သွားနေဖြစ်ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မညိုပြာနဲ့ အတူနေတဲ့သူဆိုတော့ မထွေးထွေးကို ဘယ်သူက မညိုပြာနဲ့ ချိတ်ပေးခဲ့တာပါလဲ"

"ကျွန်မက ရန်ကုန်ကပါပဲ၊ ကျွန်မအဒေါ်က မိုးနှင့်မြေ ရုပ်ရှင်ထုတ်လုပ်ရေးမှာ ထမင်းချက်လုပ်ပါတယ်၊ အဲဒီအဒေါ်ရဲ့ ချိတ်ဆက်ပေးမှုနဲ့ပဲ မညိုပြာရဲ့ နောက်လိုက်လုပ်ဖြစ်ခဲ့တာပါ၊ အစကတော့ မညိုပြာနောက်ကို လိုက်ရပေမယ့် ကျွန်မအိမ်မှာပဲ ကျွန်မ မိသားစုနဲ့ နေတာပါ၊ နောက်တော့မှ မညိုပြာက သူနဲ့ သူ့တိုက်ခန်းမှာ လာနေပေးဖို့ ခေါ်တာကြောင့် သွားနေဖြစ်ခဲ့တာပါ"

"မညိုပြာက ဘယ်လိုလူစားမျိုးလို့ ထင်ပါသလဲ"

"မမညိုပြာက အရမ်းခင်ဖို့ ကောင်းတဲ့သူတစ်ယောက်ပါ၊ မင်းသမီးဆိုပေမယ့် မာနကြီးတာတွေ ဘာတွေလည်း မရှိပါဘူး၊ ကျွန်မအပေါ်မှာလည်း အလုပ်သမားနဲ့ အလုပ်ရှင်ဆိုတာမျိုးထက် ညီအစ်မတွေလို ဆက်ဆံခဲ့တာပါ"

"အတူတူနေခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ မညိုပြာ တိုက်ခန်းကို ဘယ်သူတွေ ဝင်ထွက်လေ့ ရှိသလဲ ပြောပြပေးပါ"

"တခြားသူစိမ်းတွေတော့ မလာပါဘူး၊ မညိုပြာရဲ့ မိသားစုဝင်တွေပဲ လာလေ့ရှိတာပါ"

"မညိုပြာမှာ ချစ်သူရည်းစား ရှိနေတဲ့ အရိပ်အယောင်တွေ ဘာတွေရော တွေ့မိလား၊ တစ်စုံတစ်ယောက်နဲ့ ကြည်ကြည်နူးနူး ဖုန်းပြောနေတာမျိုးတို့ ဘာတို့ပေါ့"

"အဲဒါမျိုးတော့ ကျွန်မရှေ့မှာ တစ်ခါမှ မတွေ့ဖူးပါဘူး၊ ဒါပေမယ့် တစ်အိမ်တည်းနေတာဆိုပေမယ့် တစ်ခန်းစီ ခွဲနေတာဖြစ်တဲ့အတွက် ကျွန်မ မသိတာမျိုးလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်"





"မညိုပြာဟာ စပွန်ဆာထားခဲ့တယ်လို့ သိရပါတယ်၊ အဲဒါကိုရော မထွေးထွေး သိပါသလား"

"အဲဒါကိုတော့ ကျွန်မလည်း မပြောတတ်ပါဘူး"

ငွေနှင်းမှုန်က ခေါင်းတစ်ချက်ညိတ်လိုက်မိသည်။ သူမအကြည့်က ဦးမင်းညီဆီ တစ်ချက် ရောက်သွားရ၏။ ဦးမင်းညီ မျက်နှာက စိုးရိမ်ပူပန်မှုနှင့် ပူဆွေးသောကတွေ အပြည့်။

"အတူတူနေတဲ့သူ ဆိုပေမယ့် အခင်းဖြစ်ပွားတဲ့နေ့မှာ မထွေးထွေးက တိုက်ခန်းမှာ ရှိမနေခဲ့ဘူးလို့ သိရပါတယ်၊ ဘယ်လို သွားနေတာပါလဲ"

"အဲဒီနေ့ မနက်ပိုင်းက မမညိုပြာက မြို့ထဲက ဒီဇိုင်နာ မသွန်းဆီမှာ အပ်ထားတဲ့ အင်္ကျီတွေ ရပြီဆိုလို့ သွားယူခိုင်းပါတယ်၊ ပြီးတော့ အပြန်ကျရင် လိမ္မော်သီးနဲ့ ပန်းသီး ဝယ်ခဲ့ပေးပါဆိုလို့ ကျွန်မ Ruby Mart မှာ ဝင်ဝယ်ပြီးတော့မှ အခန်းကို ပြန်လာခဲ့တာပါ"

"အဲဒီလို သွားခဲ့တယ်ဆိုတာကို ဘာသက်သေပြနိုင်ပါသလဲ"

"ဟုတ်ကဲ့ ... ကျွန်မသွားခဲ့တဲ့ ဒီဇိုင်နာ မသွန်းရှိပါတယ်၊ ပြီးတော့ Ruby Mart မှာကလည်း စီစီတီဗီတွေ ရှိနေတဲ့အတွက် ကျွန်မ ရောက်ခဲ့တယ်ဆိုတာ သက်သေအဖြစ် အဲဒီ စီစီတီဗီတွေမှာ ရှိနေပါလိမ့်မယ်"

"အခင်းဖြစ်ပွားတဲ့နေရာကို မထွေးထွေး ရောက်သွားတော့ ဘယ်လို မြင်ကွင်းမျိုးကို မြင်ခဲ့ပါသလဲ၊ မြင်ခဲ့တဲ့အတိုင်း ပြောပြပေးပါလား"

"ကျွန်မက မနက်ခင်း ကိုးနာရီလောက်မှာ အခန်းကနေ မြို့ထဲကို



www.burmeseclassic.com

www.burmeseclassic.com



သွားပါတယ်၊ ပြန်လာတာက နေ့လယ် တစ်နာရီခွဲလောက်မှာပါ။ ကျွန်မ အခန်းထဲကို ရောက်သွားတော့ မမညိုပြာက ကြမ်းပြင်ပေါ်မှာ သွေးတွေနဲ့ လဲကျနေပါတယ်၊ မမညိုပြာရဲ့ ဘေးမှာတော့ ဦးမင်းညီကို ထိတ်လန့်တုန်လှုပ်နေတဲ့ ပုံမျိုးနဲ့ ရှိနေပါတယ်၊ ကျွန်မလည်း အရမ်းကြောက်သွားတာနဲ့ ဘေးခန်းကလူတွေကို အကူအညီတောင်းပြီးတော့ ရဲစခန်းကို အကြောင်းကြားခဲ့တာပါ"

"ထပ်မေးပါ့မယ်၊ မြို့ထဲက ပြန်လာတဲ့အခါမှာ တိုက်ခန်းထဲကို ဝင်နိုင်ဖို့အတွက် ဘယ်သူကများ တံခါးဖွင့်ပေးခဲ့တာပါလဲ"

"ဘယ်သူမှ ဖွင့်မပေးပါဘူးရှင့်၊ ကျွန်မ ပြန်ရောက်တော့ အခန်းတံခါးက ခပ်ဟဟပွင့်နေတာပါ၊ ကျွန်မတောင် အခန်းတံခါးကို လော့ခ်ချပြီး ပိတ်မထားတဲ့အတွက် အံ့သြသွားခဲ့သေးတာပါ၊ အထဲရောက်တော့ စောစောက ပြောခဲ့တဲ့ မြင်ကွင်းကို မြင်လိုက်ရတာပါပဲ"

"အခင်းဖြစ်ပွားတဲ့ နေ့ကတည်းက မညိုပြာရဲ့ ဖုန်းဟာလည်း ပျောက်ချင်းမလှ ပျောက်သွားခဲ့ပါတယ်၊ မထွေးထွေး ရောက်သွားတဲ့အချိန်မှာ မညိုပြာရဲ့ ဖုန်းကို တွေ့မိခြင်း ရှိပါသလား"

"ကျွန်မ သတိမထားမိပါဘူး၊ ကျွန်မ အရမ်းထိတ်လန့်နေခဲ့တဲ့အတွက် အဲဒါကိုလည်း သတိမရပါဘူး၊ သက်ဆိုင်ရာကို အမြန်ဆုံး အကြောင်းကြားနိုင်ဖို့ပဲ ခေါင်းထဲမှာ ရှိနေခဲ့တာပါ"

ငွေနှင်းမှုန်ရဲ့ အကြည့်က တရားသူကြီးမင်းထံ ရောက်သွားပြန်သည်။

"တရားသူကြီးမင်းရှင့် ... မထွေးထွေးရဲ့ ပြောစကားအရဆိုရင်





မထွေးထွေးဟာ အခင်းဖြစ်ပွားတဲ့ နေရာကို ပထမဆုံး ရောက်သွားတယ်ဆိုပေမယ့် အခင်းဖြစ်ပွားပြီးနေတဲ့ ပုံကိုပဲ တွေ့ခဲ့ရတာဖြစ်ပြီး အခင်းဖြစ်ပွားပုံကို မြင်တွေ့ခဲ့ခြင်း မရှိပါဘူး၊ ပြီးတော့ အခန်းတံခါးဟာလည်း ခပ်ဟဟ ပွင့်နေခဲ့ပါတယ်၊ တကယ်လို့ ဦးမင်းညီသာ တရားခံအစစ် ဖြစ်ပြီး သက်သေတွေနဲ့ ခြေရာလက်ရာတွေကို ဖျောက်ဖျက်ဖို့ ကြိုးစားနေခဲ့မယ်ဆိုရင် အခြားသူတစ်ယောက်ယောက် အထဲကို ရုတ်တရက် အလွယ်တကူ မဝင်လာနိုင်ဖို့အတွက် အဲဒီတံခါးကို အထဲကနေ လော့ခ်ချပြီး ပိတ်ထားမှာဖြစ်ပါတယ်၊ အခုလို တံခါးကို လော့ခ်ချပိတ်မထားခြင်းကို ကြည့်ရင် ဦးမင်းညီဟာ တရားခံအစစ် မဖြစ်နိုင်ပါဘူးရှင်၊ ကျွန်မမှာ မထွေးထွေးကို မေးစရာမေးခွန်း လောလောဆယ် မရှိတော့ပါဘူး"

ငွေနှင်းကို မေးအပြီးမှာတော့ ထွေးထွေးကို ဦးလှကြိုင်က ဆက်လက်စစ်မေးမြန်း၏။

"အခင်းဖြစ်ပွားတဲ့နေ့က မညိုပြာရဲ့အခန်းကို ဘယ်သူတွေ လာခဲ့ပါသေးသလဲ"

"ကျွန်မ မြို့ထဲကိုသွားတဲ့အထိတော့ ဘယ်သူမှ မလာခဲ့ပါဘူး၊ ပြန်လာမှသာ ဦးမင်းညီကို မမညိုပြာ့အလောင်းဘေးမှာ တွေ့လိုက်ရတာပါ"

"ဒါဆိုရင် မညိုပြာ့ တိုက်ခန်းကို အခင်းဖြစ်ပွားတဲ့ နေ့က ဦးမင်းညီ တစ်ယောက်ပဲ လာခဲ့တယ်လို့ ပြောနိုင်ပါသလား"

ငွေနှင်းမှုန်က ရုတ်တရက် မတ်တတ်ထရပ်လိုက်ကာ တရားသူကြီးမင်းကို ကြည့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"တရားသူကြီးမင်းရှင့်၊ ဒီမေးခွန်းဟာ နမိတ်ပြမေးခွန်း ဖြစ်တဲ့အတွက် ကန့်ကွက်ပါတယ်"

ဟု ဆိုတော့ တရားသူကြီးမင်းက ခေါင်းတစ်ချက်ညိတ်ကာ ပြောသည်။

"ရှေ့နေကြီး မေးခွန်းပြောင်းမေးစေ"

"ကျွန်တော့်မှာ လောလောဆယ် မေးစရာမေးခွန်း မရှိတော့ပါဘူး"

နောက်တော့ ဒီဖိုင်နာ မသွန်းဆိုသည့် မိန်းမတစ်ယောက်ကို နှစ်ယောက်သား တစ်ယောက်တစ်လှည့် စစ်မေးကြပြန်သည်။ ဒါပေမယ့် မသွန်းကိုတော့ မေးစရာမေးခွန်းက ထွေထွေထူးထူး သိပ်မရှိ။ အခင်းဖြစ်ပွားသည့်နေ့က သူမဆီကို ထွေးထွေး ရောက်လာခြင်းရှိမရှိနှင့် ညီပြာနှင့် ခင်မင်မှု အတိုင်းအတာလောက်ကိုသာ မေးကြတာဖြစ်သည်။

ဆင့်ခေါ်ထားသည့် သက်သေတွေကို အကုန်စစ်မေးအပြီးမှာတော့ တရားသူကြီးမင်းက အမှုကို နောက်တစ်ပတ် သောကြာနေ့မှာ ဆက်လက်စစ်ဆေးဖို့ ရုံးချိန်းပေးလိုက်သည်။



ဦးမြင့်ဆောင်က သမီးဖြစ်သူ ငွေနှင်းမှုန်၏ စာဖတ်ခန်းထဲကို မယောင်မလည်နှင့် လျှောက်ဝင်သွားလိုက်သည်။

သမီးဖြစ်သူကို ဒီအတိုင်း လွှတ်ပေးထားလို့ မရဘူးမဟုတ်လား။ အမှုကိစ္စအခြေအနေ တိုးတက်မှု ရှိမရှိကို မိမိဘက်ကလည်း မျက်နားစွင့်နေမှ ဖြစ်မယ်လေ။

အထဲကို ရောက်သွားတော့ သမီးဖြစ်သူက မော့ကြည့်လာတာ ...

"ဘာပြောစရာရှိလို့လဲ ဖေဖေ ..."

"သြော် ... မရှိပါဘူး သမီးရယ်၊ သမီး ဘာလုပ်နေလဲ လာကြည့်တာပါ"

"အမှုအတွက် စာဖတ်နေတာပါ ဖေဖေရယ်"

"သြော ... အမှုဆိုလို့ သမီးလိုက်နေတဲ့ အမှုရော ဘယ်အခြေအနေ ရောက်နေပြီလဲ"

"စစ်တုန်း မေးတုန်းပါပဲ၊ ခက်တာက ကွင်းဆက်တွေအားလုံးက ဦးမင်းညီဆီကိုပဲ ဦးတည်နေတယ်၊ သူ့မှာ အပြစ်မရှိကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ပြစရာက သက်သေခိုင်ခိုင်လုံလုံ မရှိဘူးဖြစ်နေတာ၊ အတော် စဉ်းစားရကြပ်နေတယ်"

"ဩော် ..."

ဦးမြင့်ဆောင်၏ ရင်ထဲက အလုံးကြီး ပြုတ်ကျသွားသည်။ သမီးပြောပုံအရဆိုရင် အေးအေးဆေးဆေးပါပဲ။ ဦးမြင့်ဆောင်က ကိုယ့်အတွေးနှင့်ကိုယ် ရင်အေးသလို ရှိသွားစဉ်မှာပဲ ငွေနှင်းမှုန်ဆီက စကားသံက ဆက်ထွက်လာသည်။

"ပြီးတော့ ပျောက်နေတဲ့ ကွင်းဆက်တစ်ခုက သေဆုံးသူ ညိုပြာရဲ့ ဖုန်းပဲ၊ သူ့ဖုန်းကို ဘယ်မှာမှ ရှာမတွေ့ဘူး၊ ဖြစ်နိုင်တာကတော့ တရားခံက ဖျောက်ပစ်လိုက်တယ်ထင်တယ်၊ လောလောဆယ်မှာ အဲဒီတရားခံကို ဖော်ထုတ်ဖို့ထက် ဦးမင်းညီလွတ်ဖို့ကိုပဲ မနည်းကြိုးစားရမယ့်ပုံမျိုး ဖေဖေရယ် ..."

ဖုန်းဆိုသည့် စကားကြောင့် ဦးမြင့်ဆောင်က မျက်နှာမပျက်ရလေအောင် မနည်းကိုပဲ ထိန်းထားလိုက်ရကာ ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ရင်းမှ ...

"အင်း ... တော်တော် ရှုပ်တဲ့အမှုပဲ၊ သမီးလည်း ပင်ပန်းနေမှာပေါ့၊ တအား အအိပ်ပျက် မခံနဲ့ဦး၊ ကျန်းမာရေးကို ထိခိုက်ဦးမယ်"

"ဟုတ် ... ဖေဖေ"

"အိုခေ ... အိုခေ ... ဖေဖေ မနှောင့်ယှက်တော့ဘူးနော်"

ပြောပြီး ဦးမြင့်ဆောင်က စာကြည့်ခန်းထဲကနေ ပြန်ထွက်လာကာ မိမိအခန်းထဲကို ဝင်လာခဲ့လိုက်လေသည်။

ထို့နောက် သော့ခတ် ထားသည့် အဝတ်အစား ဗီရိုကိုဖွင့်ကာ





အဝတ်အစားတွေ၏ ဟိုးအောက်ထဲမှာ ထည့်ဖွက်ထားသည့် အရာဝတ္ထုတစ်ခုကို ဆွဲထုတ်ယူလိုက်သည်။

လက်ထဲမှာ ပါလာတာက ပါဝါပိတ်ထားသည့် ဖုန်းတစ်လုံး။ ပြီး တိတိကျကျ ပြောရရင်တော့ ညိုပြာ၏ ဖုန်းပင်ဖြစ်သည်။ သမီးတို့က ဒီဖုန်းကို အသည်းအသန် ရှာနေတာတဲ့။ ဟူး ... တော်ပါသေးရဲ့၊ အဲဒီနေ့က ဒီဖုန်းကို မမေ့မလျော့ ယူလာခဲ့ကြမိလို့သာ။ နို့မို့ဆိုလျှင် အကုန်လုံး ဘူးပေါ်သလို ပေါ်တော့မှာ။

နားထဲမှာ အခင်းဖြစ်ပွားသည့်နေ့က ပြောခဲ့သော ဦးထက်ပိုင်၏ စကားတို့က ပြန်လည်ဝင်ရောက်လာသည်။

"ရော့ ... ဒီဖုန်းက မင်းနဲ့ ညိုပြာတို့ရဲ့ ပတ်သက်မှုကို ဖော်ထုတ်နိုင်မယ့် တစ်ခုတည်းသော ပစ္စည်းသက်သေပဲ၊ အဲဒီဖုန်းကို မင်းလက်စဖျောက်ပစ်လိုက်တော့၊ ဘယ်သူမှမတွေ့နိုင်တော့အောင် ဖျက်ဆီးပစ်နော်၊ နို့မို့ဆို အန္တရာယ်ရှိတယ်"

"အေး ... အေးပါကွာ ..."

အေးပါကွာဟု ပြောလိုက်မိသော်လည်း တကယ်တမ်း အဲဒီနေ့က ထုပ်ပူနေကာ ဖုန်းကို မဖျက်ဆီးပစ်မိခဲ့ဘဲ သူ့အိတ်ကပ်ထဲမှာသာ အိမ်ကိုရောက်သည်အထိ ထည့်ယူလာခဲ့မိပြီး အခုလို ဘယ်သူမှ မသိနိုင်တဲ့နေရာမှာ ပါဝါပိတ်ပြီး သိမ်းထားလိုက်မိတာ ဖြစ်ပါသည်။

သမီးလစ်တော့မှ တစ်နေရာရာကို သွားပြီး ဖျက်ဆီးပစ်ရပါမည်။

"ဒေါက် ... ဒေါက်"

"ဖေဖေ ..."



www.burmeseclassic.com

www.burmeseclassic.com



အတွေးမဆုံးခင်မှာပင် ထွက်ပေါ်လာသည့် တံခါးခေါက်သံနှင့် သမီးဖြစ်သူ၏ ခေါ်သံကြောင့် ဦးမြင့်ဆောင် တစ်ကိုယ်လုံးက တုန်သွားရကာ ထိတ်လန့်တကြားဖြင့် ဖုန်းကို အဝတ်တွေ၏ ဟိုးအောက်ဘက်ထဲ ပြန်ထိုးထည့်ကာ ဖွက်ထားလိုက်ရသည်။

နောက်တော့မှ ...

"လာပြီ ... လာပြီ ... သမီး"

ဟုဆိုကာ ဗီရိုကို သော့ပြန်ခတ်လိုက်ပြီးမှ သမီးဖြစ်သူကို တံခါးသွားဖွင့်ပေးရသည်။

"ဘာလဲ သမီး ..."

"သမီးကို ဦးထက်ပိုင်ရဲ့ ဖုန်းနံပါတ် ပေးပါလား၊ ရှေ့တစ်ပတ်ထဲမှာ သူ့ကို ရုံးချိန်းခေါ်ထားတယ်လေ၊ အဲဒါ တရားရုံးမှာမတွေ့ခင် သူ့ဆီမှာ မေးစရာလေးအချို့ ရှိနေလို့၊ ကြိုမေးထားချင်လို့"

"သြော် ... အင်း ... ခဏနော်"

ဦးမြင့်ဆောင်က သူ့ဖုန်းကို သွားယူလိုက်ကာ ဖုန်းထဲကနေ ဦးထက်ပိုင်၏ ဖုန်းနံပါတ်ကို ရှာကာ သမီးဖြစ်သူအား ရွတ်ပြလိုက်သည်။

"ကျေးဇူးနော် ဖေဖေ၊ ဂွတ်နိုက်ပါ"

"ဂွတ်နိုက် ... သမီး"

တံခါးကို ပြန်ပိတ်ပြီးတော့မှ သက်ပြင်းမောကို အားပါးတရ ဟူးခနဲ မှုတ်ထုတ်လိုက်ရသည်။

ရှေ့တစ်ပတ်ထဲမှာ ထက်ပိုင်ကို စစ်မေးကြဦးမယ် ဆိုပါလား။ ထက်ပိုင်နဲ့ တီးခေါက်ထားဦးမှပါ။ တော်ကြာ ထက်ပိုင်က စကားပြောရင်းက ကိုယ့်နာမည်ကို လွှတ်ခနဲ ထည့်ပြောမိရင် ဒုက္ခမဟုတ်လား။ အဲဒီ





လိုသာ ထည့်ပြောလိုက်မိလို့ကတော့ မီးခိုးကြွက်လျှောက် လိုက်လာတော့မှာ။

မဖြစ်ဘူး ... မဖြစ်ဘူး။ ထက်ပိုင်ဆီကို သမီးအရင် အခုပဲ ဖုန်းဆက်ထားမှပဲ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

ထမင်းဝိုင်းမှာ ထိုင်ရင်း မျက်ရည်တွေစီးကျနေသည့် မိခင်ဖြစ်သူ ဒေါ်သရဖီကိုကြည့်ကာ ညိုမင်းမောင်ကလည်း စိတ်မသက်မသာဖြစ်နေမိသည်။

"ငိုမနေပါနဲ့တော့ မေမေရယ်၊ ထမင်းစားတုန်းလေးတော့ ထမင်းကို ဝင်အောင်စားပါ၊ ကြာရင် မေမေ အားပြတ်ပြီး လဲသွားလိမ့်မယ်"

"မေမေ့ရင်ထဲ မချိလွန်းလို့ပါ သားရယ်၊ သမီးလေးကိုလည်း သတိရတယ်၊ ပြီးတော့ မင်းအဖေကလည်း ထောင်ထဲမှာ၊ ဘယ်လိုဝင့်ကြွေးတွေများလဲ မသိပါဘူး သားရယ်"

"သားလည်း ခံစားနေရတာပါပဲ မေမေရယ်၊ ဒါပေမယ့် ဖြစ်ပြီးတာတွေကလည်း ပြီးသွားပြီလေ၊ ညီမလေးကလည်း အသက်ပြန်ရှင်လာမှာမှ မဟုတ်တာ၊ ကျန်တဲ့ မေမေက ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်ပြီး ကျန်းမာအောင် နေရမှာပေါ့၊ ဒါမှ ညီမလေးအတွက်





အမှန်တရားကို ဖော်ထုတ်နိုင်မှာလေ၊ မေကေ အခုလိုဖြစ်နေရင် သေသွားတဲ့ ညီမလေးလည်း တမလွန်ကနေ ဘယ်စိတ်ကောင်းပါ့မလဲ၊ မငိုပါနဲ့တော့ မေမေရယ် ... နော်၊ ထမင်းလေးလည်း ဝင်အောင်စားလိုက်ပါနော် ... နော် ... မေမေ ... နော်"

သူက မိခင်ဖြစ်သူ၏ ပန်းကန်ထဲသို့ အသားဟင်း တစ်ဖတ်ကို ခပ်ထည့်ပေးလိုက်သည်။ မေမေက ထမင်းပန်းကန်ထဲ ရောက်လာသည့် အသားဖတ်ကို မစားဘဲ တွေတွေကြီးသာ စိုက်ကြည့်နေ၏။ နောက်တော့ ခေါင်းက ပြန်မော့လာကာ ...

"ဒါနဲ့ သားကြီးရယ် ... မေမေတို့က မင်းအဖေကိုတော့ ကယ်နိုင်မှာပါနော်၊ မင်းအဖေမှာ အပြစ်မရှိကြောင်းကိုတော့ ဖော်ထုတ်နိုင်မှာပါနော်၊ မင်းအဖေတော့ ထောင်မကျဘူး မဟုတ်လား"

"မကျပါဘူး မေမေရယ်၊ သားနဲ့ သားသူငယ်ချင်း ရှေ့နေက ဖေဖေ့ကို အဲဒီအထဲကနေ ရအောင် ပြန်ထုတ်မှာပါ၊ ပြီးတော့ ညီမလေးကို သတ်တဲ့ လူယုတ်မာကိုလည်း တွေ့အောင်ဖော်ထုတ်ဦးမှာ၊ တရားကို နတ်စောင့်ပါတယ် မေမေရယ်နော် ..."

"ကိုမင်းညို တစ်ယောက်တည်း အထဲမှာ ဘယ်လောက်တောင် အနေခက်နေလိုက်မလဲ မသိပါဘူး၊ ဒီအဖြစ်အပျက်ကြီးကို ငါ့အသက်နဲ့ လဲပေးလိုက်လို့ရရင်တောင် လဲပေးလိုက်ချင်တယ် ... အဟင့် ..."

ပြောရင်း ရှိုက်သံက ထွက်လာပြန်တော့သည်။ မေမေ့ပုံက စားအိပ်အစား မမှန်တော့ အရမ်းကိုပဲ ဖြူဖျော့ကာနေ၏။ တကယ်ဆိုသူသည်လည်းပဲ လဲပြိုကျသွားမတတ် ခံစားနေရတာပါပဲ။ သို့သော်


www.burmeseclassic.com

www.burmeseclassic.com



လို့ သူ ပြုံးလဲခံစားနေလို့ မဖြစ်။ ညီမလေးအတွက်၊ ဖေဖေ့အတွက်နှင့် အားငယ်ဝမ်းနည်းနေသည့် မေမေ့ရှေ့မှာ သူက မားမားမတ်မတ် ရပ်ပေး ရမည့် မဟုတ်ပါလား။

♥ ♥ ♥



ညိုမင်းမောင်က အိပ်ရာထဲမှာ လူးလိမ့်နေရင်းကနေ အတွေး ပေါင်းများစွာဖြင့် အိပ်မပျော်နိုင်ဘဲ ဖြစ်နေရသည်။ မနက်ဖြန်ဆိုလျှင် တရားရုံးမှာ အမှုကို ဆက်လက်စစ်ဆေးကြတော့မှာ ဖြစ်သည်။ သို့သော် လည်း ဖေဖေ့မှာ အပြစ်မရှိကြောင်းကို ဖော်ထုတ်ပြနိုင်စရာ သက်သေ အထောက်အထား ခိုင်ခိုင်မာမာက တစ်ခုမှ ရမလာသေး။

အဓိက သော့ချက်မှာ ညီမလေး၏ ဖုန်းပင်ဖြစ်သည်။ ထိုဖုန်းက ဘယ်သူ့လက်ထဲမှာ ရောက်နေတာပါလဲ။ တရားခံက ထိုဖုန်း ကို ဖျက်ဆီးပစ်လိုက်ပြီဆိုလျှင်တော့ ဒီအမှုကိုလိုက်ဖို့ရာက အတော့်ကိုပဲ ခက်ခဲသွားတော့မှာ ဖြစ်သည်။

သူက တွေးမရစွာဖြင့် အိပ်ရာဘေးမှ ဟန်းဖုန်းကို ကောက် ယူကာ ညီမလေး ဖုန်းနံပါတ်ကို ခေါ်ကြည့်မိလိုက်သည်။ သို့သော်ငြား တစ်ဖက်မှ ထွက်လာသည့်အသံက

"လူကြီးမင်း ခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါတယ် ရှင်"

ဟူ၍သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းက စက်ပိတ်ထားသည်လား၊ ဒါမှမဟုတ် ဖျက်ဆီး လက်စဖျောက်ပစ်ခြင်းကို ခံလိုက်ရတာလား။

ညီမလေး ဖုန်းကို သူ နေ့စဉ်ရက်ဆက် သတိရတိုင်း ခေါ်ခဲ့ပါ၏၊ သို့သော် တစ်ဖက်မှ ဖြေသံကတော့ မပြောင်းမလဲ စက်ပိတ်ထားသည်ဆိုသည့် အသံသာပဲ ဖြစ်ပါတော့သည်။

♥ ♥ ♥



ဒီနေ့ အမှုကို တရားရုံးမှာ ဆက်လက်စစ်ဆေးလေ၏။ ပထမဦးဆုံး အနေဖြင့် မိုးနှင့်မြေ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သူ ဦးထက်ပိုင်ကို အစိုးရရှေ့နေ ဦးလှကြိုင်က မေးမြန်း၏။

"သေဆုံးသူ မညိုပြာကို ဒီက ဦးထက်ပိုင်က မင်းသမီးအဖြစ် တင်ပေးခဲ့တယ်လို့ သိရပါတယ်၊ ဟုတ်ပါသလား"

"ဟုတ်ပါတယ် ခင်ဗျာ"

ဦးထက်ပိုင်က ဘာမှမဖြစ်သလိုပင် ခပ်အေးအေးသာ ပြန်လည် တုံ့ပြန်ဖြေကြား၏။

"ဘယ်လိုကြောင့်များ မညိုပြာကိုမှ မင်းသမီးအဖြစ် တင်ပေးခဲ့တာလဲဆိုတာကို ပြောပြပေးပါ"

"ဟုတ်ကဲ့ ... ကျွန်တော်တို့ ထုတ်လုပ်ရေးက ရုပ်ရှင်လောကမှာ မင်းသမီးရှားတဲ့အတွက် မင်းသမီးအသစ် တင်ကြမယ်လို့ ဆုံးဖြတ်လိုက်တဲ့အခါမှာ လျှောက်လွှာတွေခေါ်ပြီးတော့ ပြိုင်ပွဲတွေလုပ်ပြီး အဆင့်ဆင့် ရွေးချယ်ခဲ့တာပါ၊ ညိုပြာက အဲဒီကို လာရောက်လျှောက်ထား ယှဉ်ပြိုင်ခဲ့တဲ့သူတွေထဲက တစ်ယောက်ပါပဲ၊ ကျွန်တော်တို့က



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမှ ရွေးချယ်ခဲ့တာမဟုတ်ပါဘူး၊ လာရောက်လျှောက်ထားတဲ့ သူတွေအားလုံးထဲကမှ ဖြစ်နိုင်ချေအရှိဆုံးဖြစ်တဲ့ သူ့ကို ရွေးချယ်ခဲ့ကြတာပါ”

“သေဆုံးသူ မညိုပြာနဲ့ စာချုပ်တဲ့အချိန်မှာ ကားအရေအတွက်နဲ့ ချုပ်ခဲ့တာလား၊ ဒါမှမဟုတ် နှစ်အကန့်အသတ်နဲ့ ချုပ်ခဲ့တာပါလား”

“ကျွန်တော်တို့ သုံးနှစ်စာချုပ် ချုပ်ခဲ့တာပါ၊ အဲဒီသုံးနှစ်အတွင်းမှာမှ ဇာတ်ကားတွေကို အလျဉ်းသင့်သလို ရိုက်သွားမယ်ဆိုပြီးတော့ နားလည်မှု ယူခဲ့ကြတာပါ”

“သေဆုံးသူ မညိုပြာနဲ့ ဇာတ်ကား ဘယ်နှစ်ကားလောက် ရိုက်ဖြစ်ခဲ့တယ်ဆိုတာလည်း ပြောပြပေးပါဦး”

“ကျွန်တော်တို့ သူ့ကို စရိုက်တော့ ခေါင်းဆောင်အနေနဲ့ စရိုက်ပေးခဲ့တာ မဟုတ်ပါဘူး၊ ဒုတိယမင်းသမီးနေရာမှာ ဆယ်ကားလောက် စမ်းရိုက်ပြီးတော့မှ ခေါင်းဆောင်မင်းသမီးအဖြစ် စတင်ပွဲထုတ်ခဲ့တာပါ၊ သူ ခေါင်းဆောင်အနေနဲ့ ရိုက်ခဲ့တဲ့ ကားအရေအတွက် နှစ်ဆယ်လောက် ရှိပါတယ်၊ ဒါပေမယ့် ငါးကားလောက်ပဲ ဖြန့်ရသေးချိန်မှာ အခုလို ဖြစ်သွားခဲ့တာပါ”

“အဲဒီလို ရိုက်ကူးခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ မညိုပြာနဲ့ ထုတ်လုပ်ရေးကြားမှာ အဆင်မပြေတဲ့ အဖုအထစ်မျိုးတွေများ ရှိခဲ့ပါသလား”

“မရှိခဲ့ပါဘူး၊ ညိုပြာက လိမ္မာတဲ့ ကလေးတစ်ယောက်ပါ၊ မင်းသမီးဖြစ်ချင်စိတ် အရမ်းပြင်းပြပြီးတော့ အရမ်းလည်း ရိုကျိုးတယ်၊ အရမ်းလည်း ကြိုးစားပါတယ်၊ ကျွန်တော်တို့အတွက် သူအခုလို





ဖြစ်သွားတာဟာ အရမ်းကိုပဲ ဝမ်းနည်းကြေကွဲရသလို ထိခိုက်နစ်နာမှုတွေလည်း အများကြီး ဖြစ်ခဲ့ပါတယ်”

“မညိုပြာကို အနုပညာကြေးအနေနဲ့ ငွေသိန်းတစ်ရာ ထုတ်ပေးခဲ့တယ်ဆိုတာကရော ဟုတ်ပါသလား”

“အဲဒါက မဟုတ်ပါဘူး၊ ကျွန်တော်တို့ ထုတ်လုပ်ရေးရဲ့ စာချုပ်မှာ ထည့်ချုပ်ထားတာကိုက ညိုပြာ့အတွက် နုပညာကြေး ခံစားခွင့်ကို သူ ခေါင်းဆောင်အနေနဲ့ ဆယ်ကားတိတိ ဖြန့်ပြီးတဲ့အချိန်ကျမှ နှစ်ဦးနှစ်ဖက် ညှိနှိုင်းသတ်မှတ်ပြီးတော့ စပေးမယ်လို့ ချုပ်ဆိုထားတာပါ၊ ညိုပြာ သေဆုံးသွားတဲ့အချိန်မှာ သူခေါင်းဆောင်အနေနဲ့ ရိုက်ထားတဲ့ ကားတွေထဲက ငါးကားသာ ဖြန့်ရသေးတာဖြစ်ပါတယ်၊ အဲဒီအတွက် ညိုပြာ့ကို အနုပညာကြေး တစ်ပြားတစ်ချပ်မှ ထုတ်ပေးရခြင်း မရှိသေးပါဘူး၊ အဲဒီစာချုပ်ကိုလည်း တင်ပြပြီး ဖြစ်ပါတယ်”

ရှေ့နေ ဦးလှကြိုင်က ဖိုင်လ်တစ်ခုထဲမှ စာချုပ်မိတ္တူတစ်ခုကိုထုတ်ကာ တရားသူကြီးဆီ တင်ပြလိုက်သည်။ တရားသူကြီးက စာချုပ်ကို ဖတ်ကြည့်အပြီးမှာတော့ အမှုကို ဆက်လက်စစ်ဆေးစေ၏။

“ဆက်လက်မေးပါမယ်၊ မညိုပြာဟာ သာမန် မိသားစုက ပေါက်ဖွားလာတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ပါတယ်၊ အဲဒီအတွက် ပတ်ဝန်းကျင်မှာ အမြင့်တင့်တယ်အောင်ဆိုပြီး တိုက်ခန်းတစ်ခန်းကို ငှားရမ်းပြီးတော့ နေခွင့်ပေးထားတယ်ဆိုတာ ဟုတ်ပါသလား”

“မဟုတ်ပါဘူး၊ ညိုပြာ နေထိုင်ခဲ့တဲ့ တိုက်ခန်းဟာ ကျွန်တော်တို့ ထုတ်လုပ်ရေးနဲ့ လုံးဝ မပတ်သက်ပါဘူး၊ သူ့ဘာသာ ငှားရမ်းနေ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခဲ့တာပါ၊ အနုပညာကြောင့် မရခင်မှာ အဲဒီလို နေထိုင်နိုင်ခဲ့မှု အတွက်လည်း ကျွန်တော် အံ့သြမိခဲ့ရပါသေးတယ်၊ ဒါပေမယ့် ပုဂ္ဂိုလ်ရေးအရ ဘယ်လိုဌာနေထိုင်နိုင်သွားတယ်ဆိုတာကိုတော့ ကျွန်တော် မေးမြန်းမကြည့်မိခဲ့တဲ့အတွက် မသိပါဘူး"

"ဘယ်ကရတဲ့ ပိုက်ဆံနဲ့များ ဌာနေထိုင်ခဲ့တယ်လို့ ထင်ပါသလဲ၊ ဦးထက်ပိုင်ရဲ့ အမြင်ကို ပြောပြပေးပါလား"

အခန်းထဲမှာ အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်သွား၏။ အားလုံး၏ အာရုံတွေက ဦးထက်ပိုင်ဆီမှာ။ ငွေနှင်းမှုန်က ထိုင်ရာကနေ ပရိသတ်တွေ နေသည့်ဘက်မှာ ရှေ့ဆုံးက ထိုင်နေသည့် ခုံတန်းတွေဆီက ညိုမင်းမောင်တို့ သားအမိဘက်ကို လှမ်းကြည့်လိုက်မိသည်။

ထိုအခိုက် ညိုမင်းမောင်ကလည်း မိခင်ကို နှစ်သိမ့်ပေးနေရာကနေ ငွေနှင်းမှုန်ကိုလှမ်းအကြည့်နှင့် အကြည့်ချင်းဆုံသွား၏။ ငွေနှင်းမှုန်က ခေါင်းကို ခပ်လေးလေး တစ်ချက် ရမ်းပြလိုက်မိသည်။

ထိုအချိန်မှာပင် ဦးထက်ပိုင်ဆီမှ အဖြေစကားသံက တိတ်ဆိတ်မှုကို ဖြိုခွင်းကာ ထွက်ပေါ်လာသည်။

"အဲဒါကိုတော့ ကျွန်တော် မပြောတတ်ပါဘူး ခင်ဗျာ"

"တရားသူကြီးမင်းခင်ဗျာ ကျွန်တော့်မှာ မေးစရာမေးခွန်း မရှိတော့ပါဘူး"

ပြောပြီး ရှေ့နေ ဦးလုကြိုင်က တရားသူကြီးကို အရိုအသေ ပေးကာ သူ့နေရာမှာ သူ သွားပြန်ထိုင်သည်။ ဒီတစ်ခါ စစ်မေးမှာက ငွေနှင်းမှုန်ဖြစ်သည်။





"သာမန်မိသားစု တစ်စုက ပေါက်ဖွားလာတဲ့ ညိုပြာ့ကို မင်းသမီး ဖြစ်လာတဲ့အခါမှာ တခြားသူတွေရဲ့အမြင်မှာ အထင်ကြီးမှုရှိအောင် လက်ရှိနေတဲ့ နေရာတစ်ခုမှာ ပြောင်းလဲနေထိုင်ဖို့ ပြောခဲ့တယ်လို့ သိရပါတယ်၊ အဲဒါ ဟုတ်ပါသလား"

"မဟုတ်ပါဘူး ခင်ဗျ၊ ကျွန်တော်တို့ ထုတ်လုပ်ရေးက သူ့ကို ဘယ်လိုဖိအားပေးမှုမျိုးမှ မလုပ်ခဲ့ပါဘူး၊ ကျွန်တော်တို့ သူ့ကို စာချုပ်တယ် ဆိုတာကလည်း သူ့အနုပညာ အရည်အသွေးကို သဘောကျလို့ မြေတောင်မြှောက်ပေးတဲ့ သဘောပါ၊ အနုပညာနဲ့ ပတ်သက်လို့သာ ကန့်သတ်မှုတွေ ရှိခဲ့ပေမယ့်လို့ တခြား သူ့ရဲ့ ပြင်ပနေထိုင်မှုအတွက် ကျွန်တော်တို့ဘက်က ဘာမှ စွပ်ဖက်ပေးခဲ့ခြင်း မရှိပါဘူး"

သူမက ဦးထက်ပိုင်ကို ဒီလောက်သာမေးအပြီးမှာတော့ ဆက်မေးစရာ မေးခွန်း မရှိတော့ချေ။

"ဟုတ်ကဲ့ ... ရပါပြီ၊ တရားသူကြီးမင်းရှင့် နောက်ထပ် သက်သေ တစ်ဦးကို ထပ်မံစစ်ဆေးခွင့် ပြုပါ"

"သက်သေကို ခေါ်သွင်းစေ"

ဒီတစ်ခါ သူမ ခေါ်သွင်းလာတာက ညိုပြာ နေထိုင်သွားသည့် တွန်ဒိုတိုက်ခန်း၏ ပိုင်ရှင်ပင်ဖြစ်သည်။ ဒေါ်နီနီတင်အား ကျမ်းသစ္စာ ဆိုအပြီးမှာတော့ သူမက စစ်မေးခြင်းကို စတင်လိုက်တော့သည်။

"နာမည်က ဒေါ်နီနီတင်နော်"

"ဟုတ်ပါတယ်ရှင့်"

ဒေါ်နီနီတင်က အနည်းငယ် ကြောက်နေဟန်ဖြင့် အသံတွေပင် တုန်ယင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သေဆုံးသူ မညိုပြာ နေထိုင်တဲ့ ကွန်ဒိုတိုက်ခန်းရဲ့ ပိုင်ရှင်ဆိုတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်ရှင်"

"အဆိုပါ တိုက်ခန်းကို လာငှားတဲ့အခါမှာ ဘယ်လိုချိတ်ဆက်ပြီးတော့ ငှားခဲ့တာပါလဲ၊ ဆိုလိုတာက မညိုပြာကိုယ်တိုင် လာငှားတာလား၊ ဒါမှမဟုတ် ကြားခံလူ တစ်ယောက်ယောက် လာငှားပေးခဲ့တာပါလား"

"မင်းသမီး ညိုပြာကိုယ်တိုင် လာငှားခဲ့တာပါ၊ စာချုပ်မှာလည်း သူ့နာမည်နဲ့ ငှားခဲ့တာပါ"

"အဲဒီတုန်းက သူနဲ့အတူ တခြားဘယ်သူတွေ ပါလာသေးလဲ ... ပြောပြပါ"

"ဘယ်သူမှ ပါမလာပါဘူး၊ သူတစ်ယောက်တည်းပဲ လာငှားခဲ့တာပါ"

"ဒေါ်နီနီက အဲဒီကွန်ဒိုမှာ မနေဘဲ တခြားနေရာမှာ နေတာဆိုပေမယ့်လို့ ညိုပြာ ငှားရမ်းနေထိုင်တဲ့ တိုက်ခန်းရဲ့ လူအဝင်အထွက်ကိုရော သတိထားမိတာမျိုး ရှိလား"

"မရှိပါဘူးရှင့်၊ ကျွန်မရဲ့ တိုက်ခန်းမှာ မင်းသမီး ညိုပြာ ပြောင်းနေပြီးကတည်းက အဲဒီကို ကျွန်မ တစ်ခေါက်မှ မရောက်ဖြစ်ခဲ့ပါဘူး၊ သူက မင်းသမီးတစ်ယောက်ဆိုတော့ မကြိုက်မှာစိုးလို့ပါ"

ဒီနေ့ ရုံးချိန်းတွင်လည်း ကောက်ချက်ချနိုင်လောက်သော ရေရေရာရာ သဲလွန်စမျိုးကို မတွေ့ခဲ့ရချေ။ တရားသူကြီးမင်းက အမှုရုံးချိန်းကို ရှေ့တစ်ပတ် အင်္ဂါနေ့သို့ ထပ်မံရွှေ့ဆိုင်းလိုက်ပြန်သည်။





ငွေနှင်းမှုန်လည်း အတော်ကိုပဲ စဉ်းစားရကြပ်နေပြီဖြစ်သည်။ အမှုက တကယ့်ကိုပဲ ရှင်းရှင်းလေးနှင့် ရှုပ်နေတာဖြစ်သည်။ တစ်ခုခု ပျောက်ဆုံးနေတာကို သိပေမယ့်လို့ အဲဒီအရာဟာ ဘာဆိုတာကို ဘယ်လိုမှ ဖော်ထုတ်လို့မရအောင် ဖြစ်နေခဲ့ရတာ ဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"အခြေအနေ မထူးခြားဘူးဟာ၊ ညိုပြာနဲ့ တွဲခဲ့တဲ့သူဟာ ဘယ်သူလဲဆိုတာကို ဘယ်သူမှ မသိကြဘူး၊ ညိုပြာ တစ်စုံတစ်ယောက်နဲ့ တွဲခဲ့တယ်ဆိုတာ သေချာနေပါလျက်နဲ့ အဲဒီလူကို ဘယ်သူမှမသိကြဘူး၊ ဒီအမှုက အဲဒီလူကို ဖော်ထုတ်နိုင်မှပဲ ပြီးပြတ်တော့မှာ"

ငွေနှင်းမှုန်၏ စကားတို့က ညီမဖြစ်သူနှင့် တွဲခဲ့သည့်သူဟု ယဉ်ကျေးစွာ သုံးနှုန်းနေသော်လည်း အဓိက အမှန်စကားလုံးက ညိုပြာကို စပွန်ဆာပေး ဖျက်ဆီးခဲ့သည့်သူ။ ညီမဖြစ်သူ ညိုပြာက စပွန်ဆာထားခဲ့သူပင် ဖြစ်သည်။ ညီမလေး အဲဒီလို လုပ်လိမ့်မည်ဟု သူ ဘယ်တုန်းကမှ တွေးမကြည့်ခဲ့မိဖူးပါ။ ညီမဖြစ်သူကလည်း လုံးဝကိုပဲ ပိပိရိရိ လုပ်သွားခဲ့တာဖြစ်သည်။ ညီမလေးက ဘာလို့များ ဒီလိုမိုက်မဲသည့်အလုပ်ကို လုပ်ခဲ့တာပါလဲ။ ဘယ်လိုအတွေးကြောင့် လုပ်ခဲ့တာပါလဲ။ မိမိတို့ရဲ့ အိမ်ကို ရှေးဖို့လား၊ ဒါမှမဟုတ် သူကိုယ်တိုင်ကကိုပဲ အဆင့်အတန်းမြင့်သည့် ဘဝတစ်ခုကို နေ့ချင်းညချင်း တက်လှမ်းနေထိုင်ချင်ခဲ့လို့လား။

အတွေးရခက်လိုက်တာ ညီမလေးရယ် ... ။ အစ်ကိုကြီးတို့ကို ရင်ကွဲအောင် ဘာလို့များ လုပ်ခဲ့ရတာလဲ။





ငွေနှင်းမှုန်က စဉ်းစားရကြပ်စွာ မျက်မှောင်တွေကို တွန့်ချိုးထားလိုက်မိသည်။

ညိုမင်းမောင်ကလည်း စားပွဲပေါ်ကိုသာ အကြောင်းမဲ့ ငုံ့စိုက်ကြည့်နေသည်။ ဒါပေမယ့် သူ့မျက်လုံးထဲမှာ စားပွဲအပါအဝင် ဘာကိုမှ မမြင်ရပါ။

ပြီးမှ တစ်ခုခုကို သတိထားမိသွားဟန်ဖြင့် ...

"ရဲဘက်က စုံစမ်းမှုတွေကရော မထူးခြားဘူးလား"

ဟုမေးတော့ ငွေနှင်းမှုန်က ခေါင်းကို ခပ်ဖြည်းဖြည်း ရမ်းခါလိုက်ရင်းက ဆိုသည်။

"မထူးခြားဘူး၊ သူတို့လည်း ညိုပြာနေခဲ့တဲ့ ကွန်ဒိုတစ်ဝိုက်က လူတွေကို လိုက်မေးနေကြတာပဲ၊ ညိုပြာနဲ့ တွဲတွေ့လေ့ရှိတဲ့ လူတွေကို မြင်ဖူးလား ဘာလားပေါ့၊ ဒါပေမယ့် ဘယ်သူမှ ရေရေရာရာ မသိကြဘူး၊ သူတို့နှစ်ယောက် အပြင်မှာအတူတွဲထွက်လေ့ မရှိဘူးထင်တယ်၊ ဘယ်လောက် လျှို့ဝှက်သလဲဆို ညိုပြာနဲ့ အတူနေတဲ့ ကောင်မလေး ထွေးထွေးတောင် မသိဘူးဆိုတော့ တွေးသာကြည့်ပေတော့၊ ငါ့အထင် ညိုပြာက သူနဲ့တွဲတဲ့ လူ အခန်းကိုလာမယ်ဆိုရင် ထွေးထွေးကို အကြောင်းတစ်ခုခုပြပြီး အပြင်လွှတ်လေ့ရှိတယ် ထင်တယ်၊ အခင်းဖြစ်တဲ့နေ့ကပဲ ကြည့်လေ၊ ထွေးထွေးကို မြို့ထဲဘက် လွှတ်ထားတာ မဟုတ်လား"

"ဒါဆို ငါ့အဖေရဲ့ အခြေအနေကရော ..."

"အဲဒါကတော့ စိတ်ပူစရာ မရှိပါဘူး၊ လက်ရှိ သက်သေတွေရဲ့ ထွက်ဆိုချက်အရဆိုရင် ညိုပြာ့ကို နင့်အဖေသတ်တယ် မသတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သက်သေ ခိုင်ခိုင်လုံလုံ မပြနိုင်ပါဘူး၊ အဓိက တရားခံအစစ်ကို မဖော်ထုတ်နိုင်သေးရင်တောင်မှ နှင့်အဖေကတော့ လွတ်မှာပါ"

ဖခင်ဖြစ်သူ လွတ်နိုင်တယ်ဆိုသဖြင့် တစ်ဝက်တော့ စိတ်အေးသွားရသော်လည်း အဓိက တရားခံကို မမိမချင်းတော့ သူ မကျေနိုင်ပါပေ။ အဲဒီ တရားခံကို သူ အသက်ရှင်နေသရွေ့တော့ မြေလှန်ရှာနေဦးမှာပင် ဖြစ်သည်။

"ပြီးတော့ ညိုပြာ့ဗိုက်ထဲက သန္ဓေသားရဲ့ မျိုးရိုးဗီဇကိုလည်း ထိုင်းနိုင်ငံမှာ ပို့ပြီးတော့ စစ်ဆေးခိုင်းထားတယ်၊ ဒါပေမယ့် သံသယဖြစ်ဖွယ်လူမှ မတွေ့တာ၊ ဘယ်သူ့ရဲ့ မျိုးရိုးဗီဇနဲ့ သွားတိုက်စစ်ဆေးရမှာလဲ ..."

ကောက်ရိုးပုံထဲမှာ အပ်ကျသွားတာကမှ မတွေ့တွေ့အောင် ကောက်ရိုးတစ်မျှင်ချင်းကို ဆွဲထုတ်ယူကာ ရှာဖွေပါက သေချာပေါက် တွေ့နိုင်ဦးမည်ဖြစ်သော်လည်း အခုကိစ္စကတော့ လုံးဝကိုပဲ အစပျောက်နေဟာဖြစ်ပါသည်။ ဘယ်နေရာကနေ ဘယ်လိုအစကို ဆွဲထုတ်ရမှန်းပင် မသိတော့ပါချေ။

♥ ♥ ♥



## အခန်း(၁၁)

မနက်စောစော အိပ်ရာက ထကာ အိမ်ရှေ့တံခါးကို ဖွင့်လိုက်စဉ်မှာတော့ အိမ်ရှေ့က ကွပ်ပျစ်ပေါ်မှာ တင်ထားသည့် စာအိတ်တစ်ခုကို တွေ့လိုက်ရလေသည်။ စာအိတ်က အညိုရောင် စာအိတ်အကြီးဆိုဒ် ဖြစ်သည်။

ညိုမင်းမောင်က ဇဝေဇဝါဖြင့် စာအိတ်ကို ကောက်ယူလိုက်ကာ ဖင်ပြန်ခေါင်းပြန် ကြည့်လိုက်မိသည်။ ဒါပေမယ့် လိပ်စာတွေနာမည်တွေ ဘာမှရေးထားတာမတွေ့ရ။ စာတိုက်က ပို့တာမျိုးတော့မဟုတ်။ တစ်စုံတစ်ယောက်က လာထားသွားတာပဲ ဖြစ်ပါလိမ့်မည်။

ညိုမင်းမောင်က ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ဝဲကြည့်လိုက်ပြီးနောက်မှ စာအိတ်ကို ဖောက်ထုတ်ကြည့်လိုက်စဉ်မှာတော့ သူ့မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားကာ ရင်ထဲမှာလည်း ဒိန်းခနဲပင် မြည်ဟည်းတုန်ခါသွားရလေတော့သည်။

အထဲမှ ထွက်ပေါ်လာသည့် အရာတွေကတော့ ညီမဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ညိုပြာ၏ ဓာတ်ပုံတွေဖြစ်သည်။ ဒါပေမယ့် တစ်ယောက်တည်း ရိုက်ထားသည့် ပုံတွေတော့ မဟုတ်။ အသက်ခပ်ကြီးကြီး အမျိုးသားကြီးတစ်ယောက်နှင့် စားသောက်ဆိုင်တစ်ဆိုင်မှာ ထိုင်နေကြသည့် ပုံတွေသာ ဖြစ်သည်။

ဘယ်သူလဲ ... ။ ဒီပုံတွေကို ဘယ်သူ လာထားသွားတာလဲ။ သူက အဲဒီလူကို တွေ့လိုတွေ့ငြား အိမ်ရှေ့ လမ်းဘက်ထွက်ကာ ဘယ်ညာကြည့်မိပါသော်လည်း ဘယ်သူ့ကိုမှ သံသယဖြစ်ဖွယ်ရာ မတွေ့ရချေ။

သူက အိမ်ထဲသို့ ကမျောသောပါးဖြင့် ပြန်ဝင်လာရင်းက မိခင်ဖြစ်သူကို ဓာတ်ပုံတွေအား ပြဖို့ ဆုံးဖြတ်လိုက်မိသော်လည်း သေချာပြန်စဉ်းစားကြည့်တော့ ဘာမှန်း သေချာမသိသေးသည့် အခြေအနေတစ်ခုမှာ အလကားနေရင်း မေမေ့ကို စိတ်ရှုပ်ဝမ်းနည်းတာတွေ မဖြစ်စေလိုပေ။ သို့နှင့် မိခင်ဖြစ်သူကို မပြတော့ဖို့ ဆုံးဖြတ်လိုက်ကာ အခန်းထဲသို့ ပြန်ဝင်လာခဲ့လိုက်ပြီးနောက်မှာတော့ သူက ငွေနှင်းမှုန်ဆီကို ဖုန်းခေါ်လိုက်လေသည်။

"ညိုမင်း ... ပြောလေ ..."

"အကြောင်းထူးတယ် ငွေနှင်း၊ ငါ့ဆီကို စာအိတ်တစ်အိတ်ရောက်လာတယ်"

ငွေနှင်းကလည်း စိတ်လှုပ်ရှားသွားဟန်ဖြင့် သူ့စကားကိုတောင် ဆုံးအောင်နားမထောင်အားဘဲ သူသိချင်တာကို ဖြတ်မေးလာလေသည်။

"ဟုတ်လား ... ဘာတွေပါလဲ၊ နင့်ညီမနဲ့ ပတ်သက်နေတာတွေလား"

"ငါတို့ တစ်နေရာရာမှာ တွေ့ရအောင်၊ တွေ့မှပြမယ်"





"အိုခေ ... ငါ အခုထွက်လာခဲ့မယ်၊ ဘယ်မှာတွေ့မလဲ ပြော ..."

သူက အေးအေးဆေးဆေး တွေ့လို့ရမည့် နေရာတစ်ခုကို ပြောပြလိုက်ကာ ဖုန်းချလိုက်သည်။ ရင်ထဲမှာ လှုပ်ရှားမှုတွေက အခုထိ အရှိန်မပြယ်သေးသည့်အပြင် ပိုမိုအားကောင်းလာသည်။

ဓာတ်ပုံတွေကို လာပေးခဲ့သူက ဘယ်သူလဲ။ ဓာတ်ပုံထဲက လူကရော ညီမလေးနဲ့ ဘယ်လိုပတ်သက်နေတာပါလဲ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

ညိုမင်းမောင် ပြလာသော ဓာတ်ပုံတွေထဲက ညိုပြာနှင့် စားသောက်ဆိုင်မှာ ထိုင်နေသည့် လူကိုအတွေ့မှာတော့ ငွေနှင်းမှုန်မှာ အကြီးအကျယ်ကြီးကိုပဲ ရှော့ခ်ရသွားရလေသည်။

ဖေဖေပါလားဆိုသည့် အသိက သူမကို မိုက်ခနဲ ဖြစ်သွားစေသည်။ ဖေဖေ ... ဖေဖေက ညိုပြာနဲ့ ဘယ်လိုပတ်သက်နေရတာလဲ။ ထိုင်နေတာကလည်း နှစ်ယောက်တည်း။ ဖေဖေ ... ဖေဖေကများ ...။

အို ... မဖြစ်နိုင်တာ။ ဖေဖေက ဒီလိုလူစားမျိုးမှ မဟုတ်တာ။

မဖြစ်နိုင်ပါဘူး။ အကြောင်းတစ်ခုခုတော့ ရှိရမယ်။ ဖေဖေ့ကို ကျွန်မ ယုံတယ်။

ဟုတ်တယ် ... ဖေဖေက သိက္ခာရှိတဲ့ လူကြီးလူကောင်းတစ်ယောက်ပါ။ ဒါမျိုးကိစ္စ လုံးဝ မဖြစ်နိုင်ဘူး။ ဒီဓာတ်ပုံတွေမှာ တစ်ခုခုတော့ လွဲမှားနေတဲ့ ဖြူစင်မှုတွေ ရှိနေမှာ သေချာပါတယ်၊ ဟုတ်တယ် ဖေဖေက သူမအတွက်တော့ အဖြူစင်ဆုံး ပုဂ္ဂိုလ်တစ်ယောက်ပဲဟာ ...။

မဖြစ်နိုင်ဘူး ... လုံးဝ မဖြစ်နိုင်ဘူး။





"ငွေနှင်း ..."

"... ..."

"ငွေနှင်း ..."

အတွေးတွေနှင့်အတူ ရင်ထဲမှာ တစ်ယောက်တည်း ဗြောင်းဆန်နေချိန်မှာပဲ ရုတ်တရက် ထွက်ပေါ်လာသည့် ညိုမင်းမောင် ခေါ်သံကြောင့် ယခုမှ သူမက ပစ္စုပ္ပန်အခြေအနေကို ပြန်ရောက်လာရသည်။

"ဟမ် ... ဘာ ... ဘာပြောလိုက်တာလဲ"

"ဘာဖြစ်နေတာလဲ၊ နင့်ကြည့်ရတာ တစ်ခုခုဖြစ်နေသလားလို့"

"ဩ ... ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး၊ ဒါနဲ့ နင့်ကို ဒီဓာတ်ပုံတွေ ဘယ်သူလာပေးသွားတာလဲ"

"မသိဘူး၊ အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ လာထားသွားတာဟ၊ နင် ဘယ်လိုထင်လဲဟင်၊ ဒီထဲက လူက ငါ့ညီမလေးနဲ့ သေချာပေါက် ပတ်သက်နေမယ် မထင်ဘူးလား၊ ဟုတ်ပါတယ်၊ သေချာပေါက်ကို ပတ်သက်နေမှာပါ"

"ဟာ ... မသေချာသေးပါဘူးဟာ"

ဖခင်ဆိုသည့် အတွေးနှင့် ဖခင်အပေါ် ထားသည့် ယုံကြည်မှု ညိုမင်းမောင်၏ စကားကို အော်တိုမစ်တစ်ပင် ငြင်းပြီးသား ဖြစ်နေစေသည်။

"ဘာလို့ မသေချာရမှာလဲဟ၊ ငါ့ညီမလေးနဲ့ အဲဒီလူ ထိုင်နေတာကိုကြည့်လေ၊ နှစ်ယောက်တည်း ထိုင်နေတာ၊ ပြီးတော့ လာပို့တဲ့လူကလည်း ခိုးကြောင်ခိုးဝှက် ပို့သွားတာလေ၊ ဒါဟာ သူတို့ နှစ်ယောက်ရဲ့ ပတ်သက်မှုက ရိုးရိုးမဟုတ်လို့ပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ညိုမင်းမောင် … နင် စကားကို ဒီလို လွယ်လွယ် ကောက်ချက်ချပြီး မပြောနဲ့၊ အခုလို ပုံတွေကို လာပို့တဲ့လူက ဘာလို့ လူသိမခံဘဲနဲ့ ခိုးကြောင်ခိုးဝှက်နဲ့ ပေးသွားရတာလဲ နင်စဉ်းစားကြည့်စမ်း။ သူသာ မှန်ကန်နေမယ်ဆိုရင် ဘာပုန်းလျှိုးကွယ်လျှိုး လုပ်နေစရာလိုလဲ၊ ပြောင်ပြောင်တင်းတင်း လာပေးမှာပေါ့၊ ဒါကိုကြည့်ရင် ငါတို့မသိသေးတဲ့ အချက်တစ်ခုခု ရှိကိုရှိဦးမယ်"

သူမပုံစံက နည်းနည်းများ ကဲကဲခတ် ဖြစ်သွားသလားမသိ။ ဒါပေမယ့် ဒါဟာ ဖေဖေ့ဂုဏ်သိက္ခာကို ယုံသောကြောင့်ပင် ဖြစ်သည်။

ဒါပေမယ့် ညိုမင်းမောင်ကတော့ သိပ်ကျေနပ်ခြင်း ရှိဟန်မပြ။ ဒါလည်း ဖြစ်သင့်ပါတယ်လေ။ သူ့ညီမအတွက် မဟုတ်ပါလား။ အဲဒီလိုပဲ သူမကလည်း ဖေဖေ့ကို ယုံသည်လေ။

"ဒါပေမယ့်ဟာ … ဒါက အစပျောက်နေတဲ့ ကိစ္စအတွက် သဲလွန်စပဲ မဟုတ်လား၊ ဒီပုံထဲက လူနဲ့ ငါ့ညီမလေးရဲ့ ပတ်သက်မှုမှာ တစ်ခုခုကို ရှိရမယ်ဟာ၊ ငါ့စိတ်ထဲမှာ သိကိုသိနေတယ်"

"ဒီအချိန်မှာ ဘာကိုမှ တိတိကျကျပြောလို့ မရသေးပါဘူး ဒီတော့ ဒီပုံတွေကို ငါ့ကိုပေးလိုက်၊ ငါစုံစမ်းကြည့်ဦးမယ်၊ ညိုပြာသေတဲ့အမှုက ဂျာနယ်တွေ၊ စာစောင်တွေ၊ အင်တာနက်တွေမှာ ပလူပျံပြီး တိုင်းသိပြည်သိ ဖြစ်နေတဲ့ကိစ္စ၊ ဒါကို သိထားတဲ့ လူတစ်ယောက်ယောက်က ဒီပုံထဲက လူကို ချောက်ချချင်လို့ လုပ်လိုက်တာလည်း ဖြစ်နိုင်တာပဲ၊ အဲဒါကြောင့် သေချာအောင် စုံစမ်းရဦးမယ်၊ ဒီပုံတွေ ငါယူသွားလိုက်မယ်"





သူမက ပြောလည်းပြော၊ ပုံတွေကိုလည်း မူလ စာအိတ်ညိုထဲကို ပြန်ကောက်ထည့်လိုက်ကာ စာအိတ်ညိုကို သူမရဲ့ ပိုက်ဆံအိတ်ထဲ ကောက်ထည့်လိုက်သည်။

ပြီးမှ …

"ငါ အလုပ်ကိစ္စရှိသေးလို့ သွားတော့မယ်၊ နင်နေခဲ့ဦးမှာလား"

"အင်း … နေခဲ့ဦးမယ်၊ ငါ့စိတ်တွေ တအားရှုပ်နေတယ်"

"ဒါဆို ငါသွားပြီနော်"

ညိုမင်းမောင်က ခေါင်းသာညိတ်သည်။ နောက်တော့ သူမ ပြန်လာခဲ့လိုက်သည်။ ရင်ထဲမှာတော့ ခံစားချက်တွေ ပေါင်းစုံက တိုးဝှေ့နေတော့၏။

ဘုရား … ဘုရား … ဖေဖေနဲ့ ညိုပြာရဲ့ ပတ်သက်မှုဟာ ရိုးရိုးသားသားပဲ ဖြစ်ပါစေ။

ဟုတ်ပါတယ် … သေချာပါတယ်။ သူမ ဖေဖေဟာ ရိုးသားဖြောင့်မတ်သူပဲ မဟုတ်လား … ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

သူမက ဖေဖေ အိပ်ရာမနိုးခင်ကတည်းက ညိုမင်းမောင်ဆီ ကို သွားတွေ့ခဲ့တာဖြစ်ပြီး သူမပြန်ရောက်စဉ်မှာတော့ ဖေဖေက နံနက်စာ ဝိုင်းမှာ ရောက်နေနှင့်ပြီဖြစ်သည်။ သူမက မသာမယာ ဖြစ်နေသည့် ကိုယ့် မျက်နှာကို ပြန်လည်ပြုပြင်ထားလိုက်ကာ ဖေဖေရှိရာ ထမင်းစားခန်းထဲ သို့ ဝင်လိုက်သည်။

"ဟော ... သမီး စောစောစီးစီး ဘယ်သွားနေတာလဲ"

"ဩော် ... ဟို ... အသိတစ်ယောက်နဲ့ သွားတွေ့တာပါ၊ အလုပ် ကိစ္စ ရှိလို့"

ပြောပြီး သူမက ဖေဖေနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင် လိုက်သည်။

"သမီး ဒီနေ့ ဘယ်သွားဦးမလဲ၊ ရုံးချိန်းရှိသေးလား"

"ဒီနေ့တော့ ဘယ်မှမသွားတော့ဘူး ဖေဖေ၊ ဒီနေ့ အေးအေးဆေး ဆေး နားမလို့၊ ပြီးတော့ စိတ်ပြေလက်ပျောက် ခွေထိုင်ကြည့်မလို့ လေ၊ မိုးနဲ့မြေထုတ်လုပ်ရေးက မနေ့က ညိုပြာဇာတ်ကား အသစ် တစ်ကား ထပ်ဖြန့်ထားတယ်၊ အဲဒါ ကြည့်မလို့ ..."





သူမက အဲဒီစကားကို ပြောပြီးနောက်မှာတော့ ဖေဖေ့ မျက်နှာရိပ် မျက်နှာကဲကို မသိမသာ အကဲခတ်နေလိုက်မိသည်။

"ဩော် ... ဟုတ်လား"

ဖေဖေရဲ့ တုံ့ပြန်မှုက ဒီလောက်သာ။ ပြီးတော့ ဘာမှလည်း ထွေထွေထူးထူး ပြောင်းလဲသွားတာမျိုး မရှိ။ သူမ အစိုးရိမ်လွန်နေတာ များလား။ တကယ်ဆို ဖေဖေက အဲဒီလိုလူစားမျိုးမှ မဟုတ်တာပဲ။ ဒါကို သူမ ကောင်းကောင်း သိနေတာပဲလေ။

"ဒါနဲ့ ဖေဖေနဲ့ ဦးထက်ပိုင်က တော်တော် ရင်းနှီးတယ် မဟုတ် လား"

"အင်းလေ ... ကျောင်းနေဖက် သူငယ်ချင်းတွေပဲဟာ၊ ဒါနဲ့ ဘာလို့ လဲ"

"သမီးဆီမှာ ဖေဖေ့ဓာတ်ပုံတွေ ရောက်နေလို့ ဖေဖေရဲ့ ..."

ဆိုသည့် စကားကိုတော့ စိတ်ထဲကပဲ ပြောဖြစ်လိုက်ကာ အပြင်မှာ တကယ်ပြောဖြစ်သည့် စကားကတော့ ...

"ဩော် ... သူ့စိတ်နေစိတ်ထားက ဘယ်လိုရှိလဲ သိချင်လို့ပါ"

"ထက်ပိုင်က ပျော်ပျော်နေတတ်တဲ့လူပါ သမီးရဲ့၊ စိတ်ထားလည်း ကောင်းပါတယ်၊ သမီး လိုက်နေတဲ့ အမှုမှာလည်း သူ့ကို ခေါ်စစ် ပြီးပြီ မဟုတ်လား"

"ဟုတ် ... စစ်ပြီးပါပြီ၊ ဒါပေမယ့် ဘာမှတော့ မထူးခြားသေးပါ ဘူး"

"ပေါ်မှာပေါ့ သမီးရယ်၊ မကောင်းမှုဆိုတာ စိတ်ကွယ်ရာ မရှိပါ ဘူး"

အစတော့ သူမက ဖေဖေ့ကို ဓာတ်ပုံတွေထုတ်ပြကာ ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ပွင့်လင်းလင်း မေးလိုက်တော့မလို့ပင်။ ဒါပေမယ့် ဖေဖေနှင့် စကားပြောကြည့်တော့ သံသယဖြစ်စရာ မရှိဘူးဟုထင်သည်။ ပြီးတော့ ဖေဖေနဲ့ ညိုပြာက ဓာတ်ပုံထဲမှာ ထိုင်နေတာဟာ စားသောက်ဆိုင်တစ်ခုမှာ ထိုင်နေတာပဲ မဟုတ်လား။ လူမမြင်ကွယ်ရာမှာ ထိုင်နေတာမှမဟုတ်တာ။ ပြီးတော့ ဖေဖေနဲ့ ဦးထက်ပိုင်တို့ကလည်း ဒီလောက် ရင်းနှီးတဲ့ဟာ။ ဒီလိုပဲ သွားရင်းလာရင်းက ဦးထက်ပိုင်တို့ ညိုပြာတို့နဲ့ဆုံကာ ဆိုင်မှာ စားကြသောက်ကြတာလည်း ဖြစ်နိုင်တာပဲလေ။ ဓာတ်ပုံထဲမှာ နှစ်ယောက်တည်း ဖြစ်နေတာကလည်း ရိုက်ယူတဲ့လူက နှစ်ယောက်တည်း ရှိနေနိုင်တဲ့ အချိန်၊ ဦးထက်ပိုင် တစ်နေရာရာကိုထသွားတဲ့ အချိန်မျိုးမှာ တမင်အကွက်ချပြီး ရိုက်ယူထားတာလည်း ဖြစ်နိုင်တာပဲလေ။

ဟုတ်ပါတယ် ... အဲဒီလိုပဲ ဖြစ်မှာပါ။

ထိုအတွေးကြောင့် သူမက ဘာမှ မသေချာသေးသည့်ကိစ္စမှာ ဖေဖေ့ကို မပြောသေးတာပဲ ကောင်းမည်ဟု ဆုံးဖြတ်ကာ ဓာတ်ပုံတွေကို မပြသေးဘဲ ထားထားလိုက်လေသည်။

ဒါပေမယ့် သူမတွေးမရတာက အဆိုပါ ဓာတ်ပုံတွေကို လာပို့သွားသည့်သူကိုပဲ ဖြစ်သည်။

သူက ဘယ်သူလဲ ...။

ဘာလို့ လူသိမခံတာလဲ ...။

ပြီးတော့ ဘယ်လိုရည်ရွယ်ချက်နဲ့ ဒီဓာတ်ပုံတွေကို ပို့သွားရတာလဲ ...။

နောက် ... သူက ဘာတွေကိုရော သိထားပါသေးလဲ ...။





"ဟိုလူကြီးအကြောင်း စုံစမ်းတာ ရပြီလား ..."

ညိုမင်းမောင့် စကားကြောင့် ငွေနှင်းမျက်လုံးထဲမှာ ဖေဖေ့ကို ပြေးမြင်လိုက်မိသည်။

"စုံစမ်းခိုင်းထားတယ်၊ မထူးသေးဘူး"

"သူက ဘယ်ကလဲ၊ ဘာလုပ်တာလဲ၊ ညီမလေးနဲ့ ဘယ်လို ပတ်သက်နေတာလဲ"

ညိုမင်းမောင့် ပုံစံက အရမ်းကိုပဲသိချင်နေသည့် ပုံစံ။ ခက်တာက သူမက ဖေဖေ့ကို ပြောဖို့ရာ အရှိန်ယူနေတာရော၊ လေ့လာနေတာရောကြောင့် ကြာနေခဲ့တာ ဖြစ်သည်။

"စုံစမ်းနေပါတယ်ဟာ၊ ပြီးမှ ငါ အကုန်ပြောပြပေးမယ်"

"သူ့ကို ရုံးချိန်းကျရင် ခေါ်ပြီးစစ်ရင် ရတာပဲမဟုတ်လား၊ အဲဒါဆိုရင် အဖြေတစ်ခုတော့ ထွက်လာမှာပဲလေ"

"ဟိုဟာ ... သူက ခရီးလွန်နေလို့ဟ၊ ဒီလကုန်လောက်မှ ပြန်လာမှာတဲ့၊ အဲဒါ သူပြန်လာအောင် စောင့်ရဦးမယ်"

ညိုမင်းမောင်ပုံစံက သူမအဖြေကို သဘောကျပုံတော့ မရ။ သူမက သက်ပြင်းမောတစ်ခုကိုသာ မှုတ်ထုတ်လိုက်မိသည်။ ဒီကပြန်ရင်တော့ ဖြစ်ချင်ရာဖြစ် ဖေဖေ့ကို ပွင့်ပွင့်လင်းလင်း ထုတ်မေးရှင်းလိုက်တာပဲ ကောင်းပါတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

ဓာတ်ပုံတွေကို ပြလိုက်စဉ်မှာတော့ ဖေဖေက မျက်မှောင်တစ်ချက် ကြုတ်သွားရုံမှလွဲ၍ ဘာမှထူးထူးခြားခြား ပြောင်းလဲမသွားခဲ့ချေ။

"ဒီပုံတွေက ဘာလို့လဲ သမီးရဲ့ ..."

ဖေဖေ့လေသံနှင့်ပုံစံက ခပ်အေးအေးပင် ဖြစ်သည်။ တစ်ခုံတစ်ခု မကောင်းတာလုပ်ထားတာကို အဖော်ခံလိုက်ရသူတစ်ဦးလိုမျိုး အထိတ်တလန့်တို့၊ ဂူးဂူးဝါးဝါး ဖြစ်သွားတာမျိုးတို့ စိုးစဉ်းမျှ မရှိတာကိုတွေ့ရတော့ စိတ်ထဲမှာ နည်းနည်းတော့ အေးသွားသလို ခံစားလိုက်ရသည်။

"ဒီပုံတွေကို တစ်စုံတစ်ယောက်က ညိုပြာ့အစ်ကိုဆီကို ပို့ပေးလိုက်တာ၊ ဖေဖေနဲ့ ညိုပြာနဲ့က ဘယ်လိုပတ်သက်နေတာလဲ။ အဲဒါကို ပြောပြပေးပါလား ဖေဖေ၊ ဖေဖေနဲ့ ညိုပြာက ဘယ်လိုလုပ် အဲဒီဆိုင်ထဲမှာ နှစ်ယောက်တည်း ထိုင်နေရတာလဲ ..."





"ခက်တာပဲ ... ဖေဖေတို့ နှစ်ယောက်တည်းမဟုတ်ရပါဘူး သမီးရယ်၊ အဲဒီတုန်းက ဖေဖေနဲ့ ထက်ပိုင်က အဲဒီဆိုင်မှာ ချိန်းထားတာလေ၊ အဲဒါကို ထက်ပိုင်က ရုတ်တရက်ခုကနေ လှည့်ဝင်လာတာ၊ အဲဒီမှာ ညိုပြာပါ ပါလာတာလေ၊ ဒီပုံတွေက ထက်ပိုင် သန့်စင်ခန်း ခဏသွားနေတုန်းမှာ ရိုက်ယူထားတာပဲ ဖြစ်ရမယ်၊ ဘာလို့လဲ ... သမီးက ဖေဖေ့ကို သံသယဝင်နေတာလား၊ ဘုရားပေးပေး ... ကျမ်းပေးပေးပါ သမီးရယ်၊ ဖေဖေနဲ့ ညိုပြာလည်း အဲဒီတစ်ခါပဲ ဆုံခဲ့ဖူးတာပါ"

ဖေဖေ့ စကားအဆုံး သူမက အားနာသွားရကာ ခေါင်းကို ရမ်းပြလိုက်ရင်းမှ ...

"ဟင့်အင်း ... သမီး သံသယ မဝင်ပါဘူး၊ မဖြစ်နိုင်ဘူးဆိုတာကိုလည်း သမီး သိနေတယ်၊ အဲဒါကြောင့် ဖေဖေ့ကို စိတ်မကောင်းဖြစ်မှာစိုးလို့၊ စော်ကားရာကျမှာစိုးလို့ကို မပြောဘဲနေနေခဲ့တာ၊ တကယ်ဆို အဲဒီဓာတ်ပုံတွေ သမီးလက်ထဲကို ရောက်နေတာလေးရက်ရှိနေပြီ၊ ဒါပေမယ့် ရှင်းမှပြီးမယ့်ကိစ္စမို့လို့ ထုတ်ပြောရတာပါ"

"ဒီဓာတ်ပုံတွေကို ဘယ်သူကပေးတာလဲ၊ ဘာရည်ရွယ်ချက်နဲ့ အခုလို လုပ်ရတာတဲ့လဲ သမီးရယ်၊ ဖေဖေဖြင့် စဉ်းစား[illegible]ကောင်းမရဘူး"

"ဟုတ်တယ် ... သမီးလည်း အဲဒါကို စဉ်းစားနေတာ [illegible]တဲ့လူက လူလုံးထွက်မပြဘူးလေ၊ သမီးထင်တာတော့ [illegible]မှာ ရန်သူရှိနေပြီ၊ ဖေဖေ့ကို မလိုမုန်းထားပြီး အကောက်ကြံ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရှိကိုရှိနေပြီ၊ ဖေဖေ ဘယ်သူဖြစ်မယ်လို့ထင်လဲ”

“အဲဒါတော့ ဖေဖေလည်း ဘယ်ပြောတတ်မလဲ သမီးရယ်၊ ဖေဖေက စီးပွားရေးလုပ်နေတာဆိုတော့ စီးပွားပြိုင်ဘက်တွေကတော့ အများကြီးပဲလေ၊ ဘယ်သူက ဖေဖေ့ကို ဒီလောက်အထိ လုပ်ကြံချင်နေသလဲ မသိပါဘူး”

“ဘာပဲဖြစ်ဖြစ် ဖေဖေလည်း သတိနဲ့နေပါနော်၊ အခုလို လုပ်ကြံတဲ့သူ ရှိနေပြီဆိုတော့ အရင်လိုတော့ ပေါ့ပေါ့ပါးပါး မနေနဲ့ပေါ့၊ ဘယ်သူဖြစ်နိုင်သလဲဆိုတာလည်း လေ့လာကြည့်ပါနော်၊ ဒါမျိုးက ဥပဒေနဲ့ငြိစွန်းနေတယ် ဖေဖေရဲ့၊ သမီးတို့ အဲဒီလူကိုလည်း ဖော်ထုတ်ပြီး အရေးယူရမယ်”

“အင်းပါ သမီးရယ်၊ ဖေဖေ စဉ်းစားကြည့်ပါဦးမယ်၊ ဖေဖေ စဉ်းစားလို့ရရင် သမီးကို ပြောမယ်နော်”

“ဟုတ် ...”

ဖေဖေ့ကို အစကတည်းက ယုံထားပြီးသားပေမယ့်လို့ စိတ်ထဲမှာ လိပ်ခဲတည်းလဲ ဖြစ်နေသည့်ကိစ္စတစ်ခုက ရှင်းလင်းသွားသည်။ ဒီလောက်ဆို ညိုမင်းမောင်ကိုလည်း သူမ ရှင်းပြလို့ ရပြီ မဟုတ်ပါလား။

♥ ♥ ♥



သမီးနဲ့ စကားပြောပြီး ကိုယ့်အခန်းထဲ ကိုယ်ပြန်ရောက်ချိန်မှာတော့ ဦးမြင့်ဆောင်မှာ တစ်ချိန်လုံး တည်တည်ငြိမ်ငြိမ်ဟန် ဖမ်းထားသည့် အပေါ်ယံအရေခွံက ကွာကျသွားရတော့ကာ ဂဏှာမငြိမ် ဖြစ်သွားရလေသည်။

ဘယ်သူလဲ ...။

ဘယ်သူများ ဖြစ်မလဲ ...။

အဲဒီဓာတ်ပုံတွေကိုရော ဘယ်လိုလုပ် ရိုက်ယူထားတာလဲ။ ဘယ်လိုရည်ရွယ်ချက်နဲ့လည်း ဆိုသည့်အတွေးတွေနှင့်အတူ ခေါင်းထဲမှာ ရိုက်ခနဲ ဖြစ်သွားသဖြင့် နံရံကိုပင် မှီထားလိုက်ရလေသည်။

ဘုရား ... ဘုရား ... ဘယ်သူကများ ဒီဓာတ်ပုံတွေကို ရည်ရွယ်ချက်ရှိရှိ ရိုက်ယူထားရတာပါလဲ။ သမီးက မိမိကိုယုံလို့သာ တော်တော့သည်။

ထက်ပိုင် ... ဟုတ်တယ်။ ထက်ပိုင်ကိုလည်း သူပြောထားတာတွေအတွက် စည်းဝါးလှမ်းတိုက်ထားမှဖြစ်မည်။ သမီးက သွယ်တာမဟုတ်။ ထက်ပိုင့်ဆီကိုလည်း မိမိပြောထားတာနှင့် ကိုက်မကိုက်ကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမေးချင် မေးဦးမှာ။ အဲဒီအခါကျရင် ထက်ပိုင်ဆီက ထွက်လာသည့် စကားတို့က တူညီနေမှဖြစ်ပါမည်။ သို့မှသာ သမီးဖြစ်သူရဲ့ သံသယမီး က အပြီးသတ် ငြိမ်းသွားမည်မဟုတ်ပါလား။

အတွေးနှင့်အတူ ဦးမြင့်ဆောင်က ဦးထက်ပိုင်ဆီကို ဖုန်း ခေါ်လိုက်လေသည်။ ပြီးနောက် သူက ကိစ္စအဝဝကို ရှင်းပြထားလိုက် သည်။

"ဒါဆိုရင်တော့ မင်းကို စီးပွားပြိုင်ဘက်တစ်ယောက်ယောက်က မလိုမုန်းထားနေပြီ၊ မင်း သတိနဲ့နေဦး၊ ငါ့ဘက်ကိုတော့ စိတ်ချ၊ ငါတာဝန်ယူတယ်"

"အေးပါကွာ ... ရုတ်တရက်ဆိုတော့ ငါ တော်တော်လန့်သွားတယ်၊ သမီးများ သိသွားပြီလားလို့"

"မသိနိုင်ပါဘူးကွာ၊ မင်းနဲ့ ငါ ဖွင့်မပြောရင် ဒီကိစ္စက ဘယ်သူမှ မသိဘူး၊ စိတ်ချ ... မင်းလည်း ပုံမှန်ပဲနေနော်၊ သိပ်မူပျက်ပြမနေနဲ့ ဦး၊ မင်း သမီးကလည်း မင်းကိုယုံတယ်ဆိုပေမယ့် သံသယတော့ ရှိနေဦးမှာပဲ"

"အေးပါ ... ငါ သတိနဲ့ နေပါ့မယ်ကွာ"

ဖုန်းချသွားစဉ်မှာတော့ ဦးမြင့်ဆောင်က အိပ်ရာခေါင်းရင်း နားမှာ ဆောင်းထားသည့် စိတ်ငြိမ်ဆေး တစ်လုံးကို ပါးစပ်ထဲပစ်ထည့် ကာ ရေသန့်ဘူးအတွင်းမှ ရေတို့ကို အတော်များများ ကုန်သွားသည်အထိ အငမ်းမရ တစ်ရှိန်ထိုး မော့သောက်ပစ်လိုက်မိလေတော့သည်။

❤ ❤ ❤





အိပ်ရာထလို့ အိမ်ရှေ့ဘက်တံခါးကို သွားဖွင့်လိုက်စဉ်မှာ ပင် မျက်လုံးတို့က အိမ်ရှေ့ ကွပ်ပျစ်ဆီသို့ အော်တိုရောက်သွားရလေ သည်။

ဒါဟာ ပထမတစ်ခါ အဲဒီအပေါ်မှာ ခတ်ပုံတွေကို လာ ထားသွားပြီးကတည်းက နောက်ထပ် ဘာများလာထားလေဦးမလဲဆိုသော မျှော်လင့်ချက်ဖြင့် နေ့စဉ်ရက်ဆက် မနက်လင်းလေတိုင်း သူလုပ်မိသော အလုပ်တစ်ခုပင် ဖြစ်ပါသည်။

ကြားရက်တွေမှာ မျှော်နေခဲ့ပေမယ့်လို့ ဘာမှရောက်မလာခဲ့ သော်လည်း ဒီနေ့မှာတော့ နောက်ထပ် စာအိတ်ညိုတစ်လုံးက ရောက်နေ တာကို တွေ့လိုက်ရလေတော့၏။

ရင်ထဲမှာ ဒိန်းခနဲဆောင့်ခုန်သွားရကာ သူက အဲဒီ စာအိတ် ကို ခပ်မြန်မြန်ပဲ သွားကောက်ယူလိုက်ကာ ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ဝဲကြည့်မိပြန်လေသည်။ မသိစေချင်လို့ ခိုးကြောင်ခိုးဝှက် လာပေးတာ ဖြစ်သည့်အတွက် အဲဒီလူကို တွေ့ရဖို့ရာမှာ မဖြစ်နိုင်တာကို သိပေမယ့် လို့ တွေ့ကာ မေးခွန်းတွေ အများကြီးကို မေးချင်နေမိတာတော့ အမှန် ပဲဖြစ်ပါသည်။

သူက စာအိတ်ညိုကို ယူကာ အခန်းထဲသို့ ခပ်မြန်မြန်ပဲ ပြန်ဝင်လာခဲ့လိုက်ကာ တံခါးကို ဂျက်ချလိုက်ပြီးနောက် စာအိတ်ကို ဖောက်ကြည့်မိလေသည်။ အထဲက ထွက်လာသည်ကတော့ နောက်ထပ် ခတ်ပုံတွေသာဖြစ်ပြီး နေရာနှင့် အဝတ်အစားတွေသာ ပြောင်းသွားသော် လည်း လူတွကတော့ ပထမတစ်ခါကအတိုင်း ညီမလေးနှင့် ဘယ်သူမှန်း ဘယ်ကမှန်း နာမည် ဘာမှန်းမသိသည့် လူတစ်ယောက်ပင် ဖြစ်ပါသည်။

www.burmeseclassic.com



သူတို့က အခုပုံထဲမှာလည်း စားသောက်ဆိုင်တစ်ခုမှာ အေးအေးလူလူ ပင် ထိုင်နေကြတာ ဖြစ်ပါသည်။

ဒီတစ်ခါလည်း သူက တစ်ခုခုဆို လုပ်နေကျပုံစံအတိုင်းပင် ငွေနှင်းကို ပြဖို့အတွက် ငွေနှင်းမှုန်ကို ခေါ်လိုက်မိလေသည်။

♥ ♥ ♥



ငွေနှင်း မနက်စောစော ရေချိုးခေါင်းလျှော်ပစ်လိုက်ကာ ဆံပင်အစိုတွေကို တဘက်တစ်ထည်ဖြင့် သုတ်နေတုန်းမှာပဲ ဖုန်းက မြည်လာခဲ့တာဖြစ်သည်။ ကြည့်လိုက်တော့ ညိုမင်းမောင့်ဆီက။

"ညိုမင်း ... ပြော"

"ငါ့ဆီကို ဓာတ်ပုံတွေ ထပ်ရောက်လာပြန်ပြီ ငွေနှင်း၊ ငါတို့ တစ်နေရာမှာ တွေ့ရအောင်"

ညိုမင်း စကားကြောင့် သူမရင်ထဲမှာ ထိတ်ခနဲ ဆောင့်ခုန် သွားရ၏။ အမှုနှင့် ပတ်သက်သည့် သဲလွန်စတစ်ခုခုရလိုက်တိုင်း အခု လို ရင်ခုန်တတ်တာက သူမအကျင့်လိုပင် ဖြစ်နေခဲ့ပါပြီ။ တစ်ဆက် တည်းလိုလိုပင် အရင်တစ်ခါ ဓာတ်ပုံတွေထဲက ဖေဖေ့ကိစ္စကိုလည်း သူမက ရှင်းပြချင်လာလေရာ ညိုမင်းမောင်ကို အိမ်လည်ပါ တစ်ခါတည်း ခေါ်ရင်း ရှင်းပြလိုက်ဖို့ ဆုံးဖြတ်လိုက်မိလေသည်။

"ဟုတ်လား ... ဒါဆို ဒီလိုလုပ်ပါလား၊ ငါ့အိမ်ကို လာခဲ့လိုက် လေ၊ ငါလည်း နင့်ကို ပြောပြစရာကိစ္စအချို့ ရှိနေလို့၊ ငါ နင့်ဆီ ငါ့အိမ်လိပ်စာကို မက်ဆေ့ခ်ျနဲ့ ပို့လိုက်မယ်၊ နင်လာခဲ့လိုက်လေ"

www.burmeseclassic.com



"အင်း ... လာခဲ့မယ်လေ"

"အင်းအင်း ... ဒါဆို ငါ မက်ဆေ့ပို့လိုက်မယ်နော်၊ ရောက်မှတွေ့မယ်"

သူမက ဖုန်းကိုချလိုက်ကာ သူမအိမ်လိပ်စာကို ညိုမင်းမောင့်ဆီသို့ မက်ဆေ့ပို့ပေးလိုက်သည်။ နာရီကြည့်လိုက်မိတော့ မနက် ခုနစ်နာရီထိုးကာနီးပင် ရှိသေး၏။

ဒီဆံပင်တွေကို မြန်မြန်ခြောက်အောင် လုပ်မှဖြစ်ပါမည်။

♥ ♥ ♥



သူမ ပြောသည့် လမ်းထဲသို့ လျှောက်ဝင်လာခဲ့လိုက်ကာ သူမ ပြောထားသည့် အိမ်နံပါတ်နှင့် ခြံတစ်ခြံရှေ့သို့ အရောက်မှာပင် အထဲမှ ကားတစ်စီး ထွက်လာတော့တာဖြစ်ပြီး ထိုကားထဲက လူကို အတွေ့မှာတော့ သူ့တစ်ကိုယ်လုံးမှာရှိသည့် အကြောအချဉ်တွေအားလုံးက ဖျဉ်းခနဲပင် ဖြစ်သွားရလေသည်။

ဓာတ်ပုံထဲက လူ ...

ဟုတ်တယ် ... ဓာတ်ပုံထဲက လူ ...။

သူ ထိုအတွေးနှင့်အတူ ခေါင်းထဲမှာ အတွေးပေါင်းများစွာက ချာချာလည်သွားရသည်။ ထိုလူက ဘာကြောင့် ဒီခြံထဲက ထွက်လာရတာလဲ။ ငွေနှင်းနဲ့ကရော ဘယ်လိုပတ်သက်နေရတာလဲ။

အတွေးတွေနှင့်အတူ သူက မလှမ်းမကမ်းမှာ ရပ်နေသည့် လူတစ်ယောက်ထံသို့ လျှောက်သွားလိုက်ကာ ...

"အစ်ကို ... တစ်ခုလောက် မေးချင်လို့ပါ"

"ဗြော် ... ဟုတ်၊ ဘာများလည်း မသိဘူး"

"ဟို ... စောစောက ထွက်သွားတဲ့ ကားပေါ်က လူကို သိလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်လေ၊ ဦးမြင့်ဆောင်တဲ့၊ ဒီခြံကပဲလေ"

အမည်မသိ ပုဂ္ဂိုလ်က သူမတို့ခြံဘက်ကို မေးငေါ့ပြကာ ပြောသည်။ သူက တအံ့တသြဖြင့် ရေရွတ်လိုက်မိရင်းမှ ...

"ဒီခြံက ... ဒါဆို ဒီက ရှေ့နေ မငွေနှင်းမှုံနဲ့က ဘာတော်တာလည်း မသိဘူး"

"သားအဖတွေဗျာ့"

"သားအဖတွေ ..."

သူ့ခေါင်းထဲမှာ ချာချာလည်သွား၏။ သူမနှင့် ထိုလူက သားအဖတွေ။

ဘယ်လိုဖြစ်ရတာလဲ ...။ ဘယ်လိုဖြစ်ရတာလဲ ...။ သူမက အဲဒါကို ဘာလို့ ဖုံးကွယ်ထားရတာလဲ။ ကိုယ့်ရှေ့မှာကျတော့ သူမက အဲဒီလူကို လုံးဝမသိသလိုမျိုး ဘာ့ကြောင့် ဟန်ဆောင်ခဲ့ရတာလဲ။

*"ဟိုဟာ ... သူက ခရီးလွန်နေလို့ဟ၊ ဒီလကုန်လောက်မှ ပြန်လာမှာတဲ့၊ အဲဒါ သူပြန်လာအောင် စောင့်ရဦးမယ်"*

သူမ စကားက နားထဲမှာ ပြန်လည်ပဲ့တင်ထပ်လာသည်။

သူမက သူ့ကို ပိပိရိရိနှင့် လိမ်နေခဲ့တာလား။

*"ညိုမင်းမောင် ... နင် စကားကို ဒီလို လွယ်လွယ်ကောက်ချက်ချပြီး မပြောနဲ့၊ အခုလိုပုံတွေကို လာပို့တဲ့လူက ဘာလို့ လူသိမခံဘဲနဲ့ ခိုးကြောင်ခိုးဝှက်နဲ့ ပေးသွားရတာလဲ၊ နင် စဉ်းစားကြည့်စမ်း၊ သူသာမှန်ကန်နေမယ်ဆိုရင် ဘာပုန်းလျှိုးကွယ်လျှိုး လုပ်နေစရာလိုလဲ၊ ပြောင်ပြောင်တင်းတင်း လာပေးမှာပေါ့၊ ဒါကိုကြည့်ရင် ငါတို့ မသိသေးတဲ့ အချက်တစ်ခုခု ရှိကိုရှိဦးမယ်"*





ဒါတွေက ...။ ဒီစကားတွေက ဒီလူဟာ သူမ ဖခင်ဖြစ်နေ သည့်အတွက် သူမက ကာကွယ်ပြောဆိုနေခဲ့တာတွေလား။ ဟား ... ဟား လောကကြီး ဘာတွေဖြစ်ကုန်ပါလိမ့်။ အယုံကြည်ရဆုံး လူက ကိုယ့်ကို နောက်ကျော မားနဲ့ထိုးတဲ့ အဖြစ်မျိုးပါလား။ ဟား ... ရယ်ရတယ်ကွာ ရယ်ရတယ် ...။

သူက သဘောတကျဖြင့် နင့်နင့်သီးသီး တစ်ချက် ရယ် သွမ်းသွေးလိုက်ပြီးနောက်မှာတော့ ခြံတံခါး အုတ်တိုင်က လူခေါ်ဘဲလ် ကို နှိပ်လိုက်လေသည်။ သိပ်မကြာ ... အဒေါ်ကြီးတစ်ယောက်က တံခါး လာဖွင့်ပေး၏။

"မောင်ညိုမင်းမောင် ဆိုတာလား"

"ဟုတ် ..."

မကြည်သည့်စိတ်ဖြင့် တုံးတိတိပင် ပြန်ဖြေဖြစ်လိုက်သည်။ အဒေါ်ကြီးက ခေါင်းတစ်ချက် ညိတ်ကာ ...

"ဝင်ပါကွယ် ..."

အဒေါ်ကြီးနောက်မှပင် လိုက်ဝင်လာခဲ့လိုက်သည်။ ပေါ်တီ ကို အရောက်အရောက်မှာတော့ နောက်ကျော မားနဲ့ထိုးတဲ့သူကြီးက အဆင်သင့်ပင် သူ့ကို အပြုံးတစ်ခုနှင့် ထွက်စောင့်ကြိုနေ၏။

သို့ပေမယ့် ထိုအပြုံးက သူ့အတွက် သိပ်ကို ကြောက်စရာ ကောင်းနေလေ၏။

"လာ ... ညိုမင်း၊ အထဲဝင်"

"ငါတို့ ခြံထဲမှာပဲ စကားပြောရအောင်"

သူက ပြောလည်းပြော၊ သူမရှေ့ကနေလည်း ခြေလှမ်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေဖြင့် ခြံထောင့်ဆီက ဒန်းစင်နားသို့ လျှောက်သွားလိုက်တော့ သူမက နောက်ကနေ လိုက်လာသည်။

ခြံထောင့်ကိုရောက်တော့ သူက သူမကို လှည့်မကြည့်သေးဘဲ ကျောပေးလျက် အနေအထားဖြင့်သာ ရပ်နေလိုက်သည်။

ဒီအချိန်မှာပဲ နောက်ဘက်ဆီမှ သူမအသံက ထွက်လာလေသည်။

"ဘာဖြစ်လာတာလဲ ညိုမင်း၊ နင့်ဆီ ဓာတ်ပုံတွေ ထပ်ရောက်နေတယ်ဆိုတာကရော၊ ပြစမ်းပါဦး … ငါ့ကို"

ဒီတော့မှ သူက ကျောပေးရပ်နေရာကနေ သူမရှိရာ နောက်ဘက်ကို ပြန်လှည့်ကြည့်လိုက်ပြီးနောက် …

"အဲဒါကို မကြည့်ခင် ငါ့ကို နင်စုံစမ်းနေတဲ့ ဓာတ်ပုံထဲက လူကိစ္စ ပြောပြပါဦး၊ စုံစမ်းလို့ရပြီလား၊ ဘာထူးသေးလဲ"

"သြော် … အဲဒါလား၊ ပြောပြမယ်လေ၊ ပြီးရင် ပြောပြမယ်၊ အခု နင့်ဆီရောက်နေတယ်ဆိုတဲ့ ဓာတ် …"

သူက သူမစကားကို ဆုံးအောင် နားမထောင်တော့ဘဲ လက်တစ်ဖက်ကာပြလိုက်ပြီးနောက် …

"ပြီးရင် ပြောပြမယ် … ဟုတ်လား၊ ဘာပြီးရင်လဲ၊ ငါ့အဖေ ထောင်ကျပြီးသွားရင်လား … ဟုတ်လား"

ဒီတော့မှ သူမက သူ့မျက်နှာတင်းမာခက်ထန်နေတာကို သတိထားမိသွားသည်။

"ညိုမင်း … နင် ဘာဖြစ်နေတာလဲ"

"ဘာဖြစ်နေတာလဲ … ဟုတ်လား၊ သိချင်တယ်ပေါ့၊ ဟင်း …





သိချင်ရင်တော့ ပြောပြရမှာပေါ့၊ ရော့ … အဲဒီဓာတ်ပုံတွေကို ကြည့်လိုက် …"

သူက ပြောလည်းပြော၊ ခါးကြားမှာ ထိုးထည့်ထားသည့် စာအိတ်ညိုထဲမှ ဓာတ်ပုံတွေကို ဆွဲထုတ်လိုက်ကာ သူမရှိရာကို ပစ်ပေါက်ထည့်လိုက်တော့ ဓာတ်ပုံတွေက သူမ ရင်ဘတ်ကို ထိမှန်ကာ မြက်ခင်းပြင်ပေါ်သို့ ပြန့်ကြဲသွားလေတော့သည်။

သူမကတော့ သူ့ကိုကြည့်ကာ မယုံနိုင်ဟန်။

"အဲဒီမှာ ကြည့်လိုက်၊ သေချာကြည့်လိုက် …"

သူက သွားကြားထဲက ထွက်သည့် လေသံမျိုးဖြင့် အံကြိတ်ကာပြောတော့ သူမအကြည့်က ပြန့်ကြဲနေသည့်ဓာတ်ပုံတွေဆီကို ရောက်သွားကာ အကြီးအကျယ် ရှော့ခ်ရသွားဟန်ဖြင့် ကြက်သေသေသွားလေသည်။ ခေါင်းက ပြန်မော့မလာတော့။

"နင်ဟာ … နင် … ကျွတ် …"

သူက စကားလုံးတွေနင်ကာ ရှေ့ဆက်မပြောနိုင် ဖြစ်နေတုန်းမှာပင် သူမက တွေတွေကြီးနှင့် ထိုင်ချလိုက်ကာ ဓာတ်ပုံတွေကို ကောက်ယူကြည့်လေတော့သည်။

"နင့်အဖေ ဖြစ်နေလို့လား … ဟုတ်လား၊ အဲဒီလူက နင့်အဖေ ဖြစ်နေလို့ နင် ဂဘာဘာတွေ လုပ်နေတာလား၊ ဟုတ်လား … ပြော"

သူမက ငုတ်တုတ်ထိုင်သွားရာမှ မော့ကြည့်လာကာ ခေါင်းကို တစ်ချက်ရမ်းလိုက်ရင်း …

"မဟုတ်သေးဘူး ညိုမင်း … မဟုတ်သေးဘူး၊ ငါရှင်းပြမယ်ဟာ ငါ …"



www.burmeseclassic.com

www.burmeseclassic.com



"တော် ..."

ဒီတစ်ခါတော့ သူက ပွင့်ထွက်သွားအောင်ပင် ခပ်ကျယ်ကျယ် အော်ဟစ်ပစ်လိုက်မိသည်။

"ငါ နင့်ကို အရမ်းယုံထားခဲ့တာ ငွေနှင်းမှုန်၊ ငါ့ကိုယ်ငါထက် ငါက နင့်ကိုယုံကြည်ထားခဲ့တာ၊ ငါ့ညီမလေးအတွက် နင့်ကို ငါ ယုံကြည်မှုတွေ အားကိုးမှုတွေကို ပုံအောပေးထားခဲ့တာ၊ ဒါပေမယ့် မတန်ဘူးဟာ၊ ငါသိပ်မှားသွားတယ်၊ နင်က ငါ့နောက်ကျောကို ဓားနဲ့ထိုးတယ် ငွေနှင်းမှုန်၊ ဒီလူနဲ့ ငါ့ညီမလေးရဲ့ ပတ်သက်မှုဟာ သာမန်မဟုတ်နိုင်ဘူးဆိုတာကို သိနေပါရက်နဲ့ နင်က နင့်အဖေ ဖြစ်နေတဲ့အတွက် အကာအကွယ်ပေးဖို့ လုပ်ခဲ့တယ်၊ ဒါလား ဥပဒေဘက်တော်သားဆိုတာ ... ပြောစမ်းပါဦး"

သူမက ဓာတ်ပုံတွေကို ကိုင်ကာ ထိုင်ရာမှ ထလာသည်။ ပြီးနောက် သူ့ကို စေ့စေ့ကြည့်လာရင်း ...

"ညိုမင်း ... နင် စိတ်တွေ အရမ်းလှုပ်ရှားနေတယ်ဟာ၊ နင့်ခံစားချက်ကို ငါနားလည်ပါတယ်၊ ဒါပေမယ့် ငါရှင်းပြတာကိုတော့ ကျေးဇူးပြုပြီး နားထောင်ပေးပါဟာ ... နော်"

"တော်စမ်းပါဟာ ... နင် ဘယ်လိုစကားလုံးတွေနဲ့ ငါ့ကို လိမ်ဦးမလို့လဲ၊ ဒီအချိန်ကစပြီး နင်ဘာပြောပြော ငါယုံတော့မှာ မဟုတ်ဘူး၊ ငါ့ယုံကြည်မှုတွေက နင် သတ်လိုက်လို့ သေသွားပြီ ငွေနှင်း၊ ဒီအချိန်ကစပြီး ဒီအမှုနဲ့ နင်နဲ့ ဘာမှမဆိုင်တော့သလိုပဲ နေလိုက်တော့၊ ငါ တခြားရှေ့နေပဲ ပြောင်းငှားတော့မယ်"

ပြောပြီး သူက သူမလက်ထဲမှ ဓာတ်ပုံတွေကို ဖြတ်ခနဲ





ဆွဲယူလိုက်ကာ သူမကိုရှောင်ကွင်းထွက်သွားဖို့လုပ်တော့ သူမက သူ့ကို အသွားမခံဘဲ သူ့ရင်ဘတ်ကို ဆောင့်တွန်းထားလိုက်ရင်းက ...

"နေဦး ... ညိုမင်းမောင်၊ နင် ဒီလို ထင်ရာတွေ လျှောက်ပြောပြီး သွားလို့မရဘူး၊ ငါပြောတာကို နင် နားထောင်ပြီးမှ သွားရမယ်"

"ဟင်း ... ကောင်းပြီလေ၊ နင် ဘယ်လို ဆက်လိမ့်ဦးမလဲဆိုတာ နားထောင်ကြည့်ရတာပေါ့၊ ပြောစမ်း ... နင် ဘယ်လို စကားလုံးတွေကို လျှာအရိုးမရှိ လျှောက်ပြောမလဲဆိုတာ နားထောင်ကြည့်ရအောင် ..."

သူ့စကားအဆုံး သူမ မျက်ဝန်းတို့မှာ မျက်ရည်တွေ ဝိုင်းလာကာ ချက်ချင်းဆိုသလိုပဲ ပါးပြင်ပေါ်သို့ မျက်ရည်တွေက စီးကျလာတော့သည်။

"နင်ပြောတာကို ငါဝန်ခံမယ် ညိုမင်းမောင်၊ ဓာတ်ပုံထဲက လူဟာ ငါ့အဖေဖြစ်နေတဲ့အတွက် ငါ တွေဝေခဲ့တယ်ဆိုတာ မှန်တယ်၊ ငါ့အဖေရဲ့ ဂုဏ်သိက္ခာအပေါ်မှာ ယုံကြည်မိခဲ့တာလည်း ပါတယ်၊ ဒါပေမယ့် ဖုံးကွယ်ထားဖို့ ဆန္ဒတော့ မရှိခဲ့ပါဘူး၊ အခုလို နင့်ကို ငါ့အိမ်ကိုခေါ်လိုက်တယ်ဆိုတာကလည်း ဒီအကြောင်းတွေကို ပြောပြဖို့အတွက်ပါပဲ၊ ငါက ဥပဒေရဲ့ ဘက်တော်သား တစ်ယောက်ပါ ညိုမင်းမောင်၊ ငါ့အဖေမှာသာ တကယ် အပြစ်ရှိရင် ငါရအောင် ဖော်ထုတ်ပြမယ်၊ ဥပဒေက ဥပဒေ၊ သွေးသားတော်စပ်မှုက တော်စပ်မှုပါပဲ၊ နင် ငါ့ကို အဲဒီလောက် အထင်သေးဖို့တော့ မလို ဘူး ညိုမင်းမောင်၊ အဲဒါကိုတော့ နင်ယုံပေး၊ ဥပဒေမှာ ဆွေမျိုးသားချင်းသား မခွဲခြားထားပါဘူး၊ အဲဒီအတွက် နင် ငါ့ကိုယုံကြည်ပေး



www.burmeseclassic.com

www.burmeseclassic.com



နင် ငါ့ကို သူငယ်ချင်းအဖြစ် မပတ်သက်ချင်တော့ရင်လည်း ရတယ်၊ ဒါပေမယ့် အမှုသည်နဲ့ ရှေ့နေတစ်ယောက် ပတ်သက်မှု မျိုးကိုတော့ နင် လက်ခံပေးရမယ်၊ ဒီအမှုကိုလည်း နင် ဘယ်သူ့ ကိုမှ ပေးစရာ မလိုဘူး၊ ငါလိုက်နေတဲ့ အမှုကို ငါရအောင် လိုက် မယ် ညိုမင်းမောင်”

ပြောပြီး သူမက သူ့လက်ထဲက ဓာတ်ပုံတွေကို ပြန်လည် ဆွဲယူလိုက်သည်။ နောက်တော့ သူ့ကို ကျောပေးပစ်လိုက်ရင်းက ...

“နင် ပြန်လိုက်တော့ဟာ ...”

ဟုဆိုကာ သူမက အိမ်ဘက်ဆီသို့ လျှောက်သွားလေတော့ သည်။ သူကတော့ နေရာမှာပင် မတ်တတ်ရပ်ကာ အကြာကြီးပဲ ငိုင်နေ မိသည်။ ခံစားချက်တွေ များစွာက ရင်ထဲမှာ ခေါင်းထဲမှာ လုည့်လည် တိုးဝှေ့ကာ ပြေးလွှားနေတော့သည်။ သူမကို သူ ယုံသင့်ပါသေးသည် လား။

♥ ♥ ♥

ငွေနှင်းမှုန်က ညိုမင်းမောင်ကို ခြံထဲမှာပဲ ပစ်ထားခဲ့လိုက် ကာ ဓာတ်ပုံထုပ်ကိုကိုင်ကာ သူမအခန်းထဲရောက်သည်အထိ ခြေလှမ်း ကျဲကြီးများဖြင့် နောက်လှည့်မကြည့်စတမ်း လျှောက်လာခဲ့လိုက်ပြီးနောက် အိပ်ရာပေါ်မှာ ခြေထောက်တွေကို တွဲလဲချလျက်နှင့်ပင် ပက်လက်လှန် ချလိုက်မိသည်။ ဝမ်းနည်း နာကျင်မှုကြောင့် မျက်ရည်တွေက မျက်လုံး ထောင့်စွန်း နှစ်ဖက်မှ အတားအဆီးမရှိ စီးကျနေတော့သည်။

နောက်တော့ သူမက အဲဒီမျက်ရည်တွေကို လက်ဖမိုးနှစ် ဖက်ဖြင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်ပစ်လိုက်ပြီးနောက် ပြန်ထထိုင်လိုက် ကာ ဓာတ်ပုံအိတ်ထဲမှ ဓာတ်ပုံတွေကို ပြန်ထုတ်ကြည့်လိုက်မိသည်။ ဓာတ်ပုံတွေထဲမှာက အရင်တစ်ခါ ရောက်လာသည့် ဓာတ်ပုံတွေထဲမှာ လိုပင် ဖေဖေနှင့် ညိုပြာတို့ နှစ်ယောက်တည်းသာ။

ဒါပေမယ့်လို့ ဝတ်ထားသည့် အဝတ်အစားတွေနှင့် ဆိုင် အပြင်အဆင်က မတူတော့သည့် အတွက် ဒါဟာ နောက်တစ်ကြိမ် တွေ့ ဆုံမှုဆိုတာကို မှန်းလို့ရလေသည်။

ဓာတ်ပုံတွေကို ကိုင်ထားသည့် သူမလက်တွေက တဆတ်





www.burmeseclassic.com

www.burmeseclassic.com



ဆတ် တုန်ယင်လာကာ နားထဲမှာလည်း ဖေဖေ ပြောခဲ့သည့် စကားအချို့ကို ပြန်လည်ကြားယောင်လာမိသည်။

*"ခက်တာပဲ၊ ဖေဖေတို့ နှစ်ယောက်တည်း မဟုတ်ရပါဘူး သမီးရယ်၊ အဲဒီတုန်းက ဖေဖေနဲ့ ထက်ပိုင်က အဲဒီဆိုင်မှာ ချိန်းထားတာလေ၊ အဲဒါကို ထက်ပိုင်က ရှုတင်တစ်ခုကနေ လှည့်ဝင်လာတာ၊ အဲဒီမှာ ညိုပြာပါ ပါလာတာလေ၊ ဒီပုံတွေက ထက်ပိုင် သန့်စင်ခန်းခဏသွားနေတုန်းမှာ ရိုက်ယူထားတာပဲ ဖြစ်ရမယ်၊ ဘာလို့လဲ ... သမီးက ဖေဖေ့ကို သံသယဝင်နေတာလား၊ ဘုရားပေးပေး ကျမ်းပေးပေးပါ သမီးရယ်၊ ဖေဖေနဲ့ ညိုပြာလည်း အဲဒီတစ်ခါပဲ ဆုံခဲ့ဖူးတာပါ"*

ဖေဖေပြောတော့ ညိုပြာနဲ့ တစ်ခါပဲဆုံခဲ့ဖူးတာဆို။ ခုတော့ ခုတော့ ဘယ်လိုဖြစ်ရတာလဲ ဖေဖေရယ်။

*"ဟို ... ဖြစ်နိုင်ရင် အဲဒီအမှုကို မလိုက်ပါနဲ့လား သမီးရယ်"*

*"ရှင် ... ဖေဖေ ... ဘာလို့လဲ"*

*"သြော် ... ဟိုဟာလေ ... ထက်ပိုင် ... ထက်ပိုင်က ပြောပြလို့၊ အဲဒီအမှုက ရှုပ်ထွေးနေတာဆို၊ ပြီးတော့ ကောင်မလေးကို သူ့အဖေက သတ်ပစ်လိုက်တာလို့ သတင်းတွေ ထွက်နေတာမဟုတ်လား၊ အဖြေက ရှင်းနေတာပဲလေ၊ ဒါကို သမီးက အဲဒီအဖေဘက်က ရှေ့နေလိုက်ပေးမယ်ဆိုတော့ သမီးရှုံးဖို့က သေချာနေတာမဟုတ်လား၊ သမီးပဲ သိက္ခာကျမှာပေါ့ ..."*

ဖေဖေက ... ဖေဖေက သမီးသိက္ခာကျမှာကို စိုးရိမ်ပေးခဲ့တာမှ ဟုတ်ရဲ့လား။





ဖေဖေ့ဂုဏ်သိက္ခာကို ကာကွယ်ဖို့ ကြိုးစားခဲ့တာလား [illegible] ရယ်။

အတွေးတွေနှင့်အတူ လှူက ရှုးချင်သလိုလိုတောင် ဖြစ်လာရသည်။ ဖေဖေနှင့် ညိုပြာဟာ ပတ်သက်မှုတစ်ခုခုတော့ ရှိကို ရှိနေခဲ့ပါပြီ။ ဘယ်လို ပတ်သက်နေခဲ့တာလဲ။ ညိုပြာ့ကို စပွန်ဆာ [illegible] ဖေဖေများလား ...။ အို ... မဖြစ်နိုင်ပါဘူး ... မဖြစ်နိုင်ပါဘူး။ [illegible] ဒီလိုလုပ်မယ့် လူစားမျိုးမှ မဟုတ်တာ။

စိတ်က လက်မခံနိုင်သော်လည်း လက်ရှိ ဖြစ်ပေါ်လာသည့် အခြေအနေတွေအရ လက်မခံလို့ မရသည့် အခြေအနေဆိုတာကို [illegible] က သိလာသည်။ ပြီးတော့ ဖေဖေနှင့် ဦးထက်ပိုင်တို့၏ [illegible] ဦးထက်ပိုင်ကရော ဒီကိစ္စတွေကို သိနေခဲ့သလား။ [illegible] ဒါကတော့ နောက်မှ ထပ်စစ်ရမည့် ကိစ္စပင်။ လောလော[illegible] ... လောလောဆယ်က ဖေဖေနဲ့ ညိုပြာရဲ့ ပတ်သက်မှု [illegible] ဖော်ထုတ်ရမယ်။ ဟုတ်တယ်။

အတွေးနှင့်အတူ သူမက ခုတင်ပေါ်မှ ထလိုက်[illegible] အခန်းရှိရာဆီကို လျှောက်သွားလိုက်သည်။ ပြီးနောက် ဖေဖေ့အခန်း[illegible] မွှေ့ရာအောက်တွေ၊ အံဆွဲတွေ၊ ဖိုင်တွဲတွေ စသဖြင့် နေရာလပ်မကျန်[illegible] လှန်လှောရှာဖွေမိသည်။ ဒါပေမယ့် ဘာမှမတွေ့။ ဒီတော့ သူမက [illegible] အဝတ်ဗီရိုကိုဖွင့်ကာ အဝတ်တွေကို တစ်ထပ်ချင်းထုတ်ကာ [illegible] တွေ့လိုတွေ့ငြား စေ့စေ့စပ်စပ် ရှာဖွေမိပြန်သည်။

အဲဒီလို ရှာနေရင်းကနေမှ အဝတ်အစားတွေရဲ့ [illegible] မှာ ရောက်နေသည့် ဖုန်းတစ်လုံးကို တွေ့လိုက်ရတော့[illegible]



www.burmeseclassic.com

www.burmeseclassic.com



သူမ ရင်တွေက ဒုန်းခနဲပင် ဆောင့်ခုန်သွားရသည်။ ဒီလိုဖုန်းမျိုးကို ဖေဖေ့ဆီမှာ တစ်ခါမှ မတွေ့ဘူး။ ပြီးတော့ ဖုန်းမှာတပ်ထားသည့် ကာဘာကလည်း မိန်းကလေးကိုင် ပုံစံမျိုးဖြစ်သည်။ ဒါကိုတွေ့လိုက်တော့ သူမခေါင်းထဲမှာ တစ်စုံတစ်ခုကို ပြေးသတိရလိုက်သည်။

ညိုပြာရဲ့ ပျောက်နေတဲ့ ဖုန်းများလား ...။

အတွေးနှင့်အတူ သူမလက်တွေက တဆတ်ဆတ် တုန်ယင်လာပြန်တော့ကာ ဖုန်းကို ပါဝါဖွင့်ကြည့်လိုက်မိတော့သည်။ အဲဒီလို ဖွင့်နေရင်းကနေလည်း မဟုတ်ပါစေနဲ့၊ ညိုပြာ့ဖုန်း မဟုတ်ပါစေနဲ့ဟု အကြိမ်ကြိမ် ဆုတောင်းမိသေးသည်။ သို့သော်လည်း သူမ ဆုတောင်းက မပြည့်ကြောင်းကို ဖုန်းမှာပေါ်လာသည့် **wallpaper** ကို အတွေ့မှာတင်ခဲ သိလိုက်ရလေတော့သည်။ **wallpaper** မှာ တင်ထားသည်က ညိုပြာတို့ မိသားစု လေးယောက်၏ပုံ။

ခံနိုင်ရည်အားတွေ ကုန်ဆုံးသွားရကာ သူမ၏ ဒူးတွေက ညွတ်ခွေကျသွားရတော့သည်။ နောက်တော့ သူမက ဖုန်းထဲကို ဝင်ကာ ဖုန်းအဝင်အထွက် **list** ကို စစ်ကြည့်မိပြန်သည်။ အဲဒီအထဲမှာ သူမ မသိသော ဖုန်းနံပါတ်တွေနှင့်အတူ ဖေဖေ့ဖုန်းနံပါတ်နှင့် ဝင်ထားသည့် ဖုန်းအဝင်ကောလ်တွေကိုလည်း တွေ့လိုက်ရလေသည်။ ပြီးတော့ မက်ဆေ့ချ်တွေထဲမှာလည်း ဖေဖေနှင့် အပြန်အလှန် ပို့ထားသည့် မက်ဆေ့ချ်တွေ...

ဖုန်းက လက်ထဲကနေ လွတ်ကျသွားရသည်။

ပြီးနောက် တစ်ခုခုကို သဲလွန်စ ရလိုက်လျှင် ဘာကိုဘာ လို ဆက်လုပ်ရှာရမည်ကို အော်တိုသိနေသော ဦးနှောက်က တစ်စုံတစ်ခု ကိုလည်း ချက်ချင်းပဲ အတည်ပြုဖို့ သတိရလာလေသည်။ အဲဒါကတော့





ညိုပြာ့ဗိုက်ထဲက သန္ဓေသားကို စစ်ဆေးထားသည့် ဒီအန်အေ စစ်ချက်ပင် ဖြစ်သည်။

သူမက ကြမ်းပြင်ပေါ်မှာ ကျနေသည့် ဖုန်းကို ကောက်ယူလိုက်ကာ ထိုင်ရာမှ ထလိုက်ပြီးနောက် စာကြည့်ခန်းဆီသို့ ထွက်လာခဲ့လိုက်ပြန်လေသည်။ စာကြည့်ခန်းထဲရောက်သည်နှင့် ဖိုင်လ်အဟောင်းတွေထည့်ထားသည့် ဗီရိုကိုဖွင့်လိုက်ကာ ဟိုးတစ်နှစ် ဖေဖေ့သူငယ်ချင်း တစ်ယောက် ကျောက်ကပ်အလှူရှင်လိုအပ်စဉ်က မျိုးရိုးဗီဇတူညီလျှင် လှူမယ်ဆိုပြီး မျိုးရိုးဗီဇ စစ်ဆေးထားသည့် ဖေဖေ့ ဆေးစာရွက်ကို ပြန်ရှာယူလိုက်သည်။ အဲဒီတုန်းကတော့ မျိုးရိုးဗီဇချင်း မတူသဖြင့် ဖေဖေ့ ဆေးစစ်မှုက အလကားဖြစ်ခဲ့ရသည်။ ဒါပေမယ့် အခုလိုအချိန်မှာ ပြန်လည်အသုံးဝင်လာလိမ့်မည်ဟုတော့ သူမ စိုးစဉ်းမျှ တွေးမကြည့်ခဲ့ဖူးပါ။

နောက်တော့ သူမက ဖေဖေ့ဆေး ဒီအန်အေစစ်ချက်စာရွက်ကို ကိုင်ကာ စားပွဲပေါ်မှာ တင်ထားသည့် ညိုပြာ့အမှုတွဲဖိုင်လ်ထဲမှ မိတ္တူကူးယူလာသည့် ညိုပြာ၏ သန္ဓေသားအား စစ်ဆေးထားသည့် ဒီအန်အေ စစ်ချက်တို့ကို တိုက်ကြည့်စစ်ဆေးကြည့်လိုက်မိသည်။

သူမ၏ မျှော်လင့်ချက်တို့က တစ်စစီ စုတ်ပြတ်သတ်သွားသည်။ စာရွက်တွေက လက်ထဲမှ ကြမ်းပြင်ပေါ်သို့ လွင့်ဝဲပြုတ်ကျသွား၏။

မဖြစ်နိုင်ဘူး ... မဖြစ်နိုင်ဘူး ... လုံးဝ မဖြစ်နိုင်ဘူး။ သူမ ယုံကြည်ထားသည့် ဖေဖေက ဒီလိုလူစားမျိုးမှ မဟုတ်တာ။ သူမ အသက်လုံး လေးစားချစ်ခင် အတုယူခဲ့ရသည့် သူမ၏ ဟီးရိုး ဖေဖေက ဒီလိုလူစားမျိုးမှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရက်လိုက်တာ ဖေဖေရယ်။ လုပ်ရက်လိုက်တာ။ ဘယ်သိခဲ့ကြောင်များ ဒီလိုကိစ္စမျိုးကို လုပ်ခဲ့ရတာတဲ့လဲ။

သူမက နေရာမှာတင် ထိုင်ချလိုက်ကာ ရှိုက်ကြီးတငင် ငေးကြည့်လိုက်မိသည်။ နောက်တော့ ဖေဖေ့ဆီကို ညိုပြာ၏ ဖုန်းနှင့်ပင် [illegible] ခေါ်လိုက်မိတော့၏။

သမီးကို ခွင့်လွှတ်ပါ ဖေဖေရယ် ...။



ဦးမြင့်ဆောင်က ရုံးခန်းထဲမှာ လချုပ်စာရင်းတစ်ခုကို စစ်ဆေးကာ လက်မှတ်ထိုးဖို့လုပ်နေတုန်းမှာပင် ဖုန်းမြည်လာသဖြင့် ဖုန်းကို ကောက်ကြည့်လိုက်လေသည်။

ဒါပေမယ့် ဖုန်းမှာပေါ်နေသည့် နံပါတ်ကိုအတွေ့မှာတော့ ကိုင်ထားသည့် ဖုန်းက စားပွဲပေါ်ကို ဒေါက်ခနဲ ပြန်ပြုတ်ကျသွားရ၏။ ဒီနံပါတ် ... ဒီနံပါတ်က ...။

ဟုတ်တယ် ...။

ဒါ ညိုပြာ့ဖုန်းနံပါတ်။

မိမိဖုန်းထဲက ညိုပြာ့နာမည်နှင့် အချက်အလက်များကို ရှင်းထုတ်ထားပြီးဖြစ်သော်လည်းပဲ ဒီဖုန်းနံပါတ်ကိုတော့ မိမိ ကောင်းကောင်း မှတ်မိနေလေသည်။

ဘယ်လိုဖြစ်ရတာလဲ ...။

ညိုပြာ့ဖုန်းက ... ညိုပြာ့ဖုန်းက မိမိအခန်းထဲက ဗီရိုအောက်ဆုံးထဲမှာလေ။ ဘယ်လိုလုပ် အဲဒီဖုန်းက ဒီကိုဝင်လာရတာလဲ။

မဟုတ်မှလွဲရော တစ်ယောက်ယောက် ...။



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး ... သမီးများလား ... ။ သမီးများ အဲဒီဖုန်းကို တွေ့သွားတာလား။ သမီးက ဘာလို့ မိမိဗီရိုကို ဖွရတာတဲ့လဲ။

သမီး ... သမီးက တစ်ခုခုကို ရှာတွေ့ပြီး မိမိအခန်းကို ဝင်မွှေလိုက်တာလား။ ဘုရား ... ဘုရား ... ။

ရင်တွေ တဒိန်းဒိန်းဆောင့်ခုန်ကာ အတွေးတွေနှင့် ခေါင်းထဲမှာ ချာချာလည်နေတုန်းမှာပဲ ဖုန်းက ကျသွားသည်။ ဒါပေမယ့် သိပ်မကြာ ... နောက်တစ်ခါ ပြန်မြည်လာ၏။

ဦးမြင့်ဆောင်က ဖုန်းကို တစ္ဆေသရဲ တစ်ကောင်လို ကြည့်ကာ မကိုင်ရဲ။ ဖုန်းက ဒုတိယအကြိမ် ကျသွားပြန်သည်။ နောက်တော့ သူက တတိယအကြိမ် ပြန်မြည်လာလေ၏။

ဒီတစ်ခါမှာတော့ ဦးမြင့်ဆောင်က ဖုန်းကို ဆတ်ခနဲ ကောက်ယူလိုက်ကာ ပါဝါပိတ်ပစ်လိုက်သည်။ နောက်တော့ တစ်ဆက်တည်းဆိုသလိုပဲ ထိုင်ရာမှ ထလိုက်ကာ ကားသော့ကို ကောက်ယူပြီး နောက် ဓာတ်လှေကားရှိရာသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားလိုက်လေသည်။ ဒါပေမယ့် ဓာတ်လှေကားက အပေါ်ဆုံးထပ်သို့ ရောက်နေကာ တော်တော်နှင့် ပြန်ကျမလာ။ သို့နှင့် ဦးမြင့်ဆောင်က ရိုးရိုးလှေကားတွေကနေပဲ အောက်ကို တဝုန်းဝုန်း ပြေးဆင်းလာခဲ့လိုက်ကာ ကားဆီရောက်သည်အထိ ပြေးသွားလိုက်လေသည်။

လက်တွေက တုန်နေသဖြင့် ကားသော့ကိုပင် သော့ပေါက်ထဲရောက်အောင် မနည်းထိုးထည့်နေရသည်။ ကားစက်နိုးသွားသည်နှင့် လီဗာကို ခပ်ကြမ်းကြမ်းနင်းကာ မောင်းထွက်လာခဲ့လိုက်သည်။

အိမ်ကို မြန်မြန်ပြန်မှဖြစ်မည်။ အိမ်ကို မြန်မြန်ပြန်ပြီး





သမီးကို ရှင်းပြရမည်။ ဒါပေမယ့် ... ဒါပေမယ့် သမီးကို မိမိက ဘယ်လို စကားလုံးမျိုးတွေနှင့် ရှင်းပြရပါမည်လဲ။ ခုလောက်ဆို သမီးက မိမိ အကြောင်းတွေကို အကုန်သိကာ မိမိကို ဘယ်လောက်တောင် ရွံရှာစက်ဆုပ်နေပါမည်နည်း။

သမီးရယ် ... သမီးရယ် ... ဖေဖေလေ ... ဖေဖေ အမှားကြီး မှားခဲ့ပါတယ် သမီးရယ်။ ဖေဖေ ဘယ်လိုမှပြင်မရတဲ့ အမှားကြီးတစ်ခု ကို မှားခဲ့မိပြီ သမီးရယ်။

လက်တွေက တဆတ်ဆတ်တုန်ယင်လာသလို နှလုံးခုန်နှုန်း တွေကလည်း တအားမြန်လာကာ ခေါင်းထဲမှာ တဆစ်ဆစ် ကိုက်ခဲလာ ရတော့သည်။

သမီးကို ဘယ်လိုမျက်နှာမျိုးနဲ့ ရင်ဆိုင်ရမှာလဲ။ ဘယ်လို စကားလုံးမျိုးနဲ့ ရှင်းပြတောင်းပန်ရမှာလဲ။ ဒီကိစ္စကြီးက တောင်းပန်လိုက် လို့ ပြီးသွားမယ့် ကိစ္စကြီးလည်း မဟုတ်။ တစ်သက်လုံး သမီးရှေ့မှာ မားမားမတ်တတ် ရပ်တည်လာခဲ့သဖြင့် မိမိ၏ သမီးဖြစ်ရတာကို အမြဲ ဂုဏ်ယူနေတတ်သည့် သမီးဖြစ်သူက အခုဆို မိမိကို ဘယ်လောက်တောင် များ အော်ဂလီဆန် မုန်းတီးနေလိုက်ပါမည်လဲ။ မိမိကို ဘယ်လိုမျက်လုံး မျိုးတွေနဲ့ ကြည့်လာမှာပါလဲ။

အတွေးပေါင်းများစွာက ဦးမြင့်ဆောင်ကို ရူးသွပ်သွားသူ တစ်ယောက်လို အသိစိတ်နှင့် လူကို ကင်းလွတ်သွားစေသည်။

မျက်လုံး ထဲမှာလည်း အရာရာဟာ ဝေဝါးလာကာ ဘာကိုမှ မမြင်ရတော့ချေ။

ဒီအချိန်မှာပဲ မီးပွိုင့်တစ်ခုအရောက်မှာတော့ ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



နီသွားသည့် မီးပွိုင့်ကို ဦးမြင့်ဆောင်က မမြင်လိုက်ဘဲ အရှိန်ခပ်ပြင်းပြင်းနှင့်ပင် ဖြတ်မောင်းလိုက်မိလေသည်။

တစ်ဖက်မှ လာနေသည်က ဘတ်(စ်)ကားတစ်စီး။

ဝုန်းခနဲ ကားချင်းတိုက်လိုက်သံကြီးက ပတ်ဝန်းကျင်မှာ ကြောက်မက်ဖွယ် ကောင်းလောက်အောင် ထွက်ပေါ်လာလေသည်။ ဦးမြင့်ဆောင် ဘာကိုမှ သတိမထားလိုက်ခင်မှာပင် ကမ္ဘာကြီး တစ်ခုလုံးက မှောင်အတိကျသွားတော့၏။

♥ ♥ ♥



ဆေးရုံကို ငွေနှင်းမှုန်ရောက်သွားတော့ ဖခင်ဖြစ်သူ ဦးမြင့်ဆောင်က ဘယ်သူ့ကိုမှ နှုတ်ဆက်ခဲ့ခြင်းမရှိဘဲ လောကကြီးထဲကနေ အပြီးတိုင် နှုတ်ဆက်ထွက်ခွာသွားခဲ့ပြီ ဖြစ်သည်။

ခုတင်ပေါ်မှာ ပိတ်ဖြူစဖြင့် အုပ်ထားသည့် ဖခင်ဖြစ်သူကို ကြည့်ကာ သူမ အကြီးအကျယ် ရှော့ခ်ရနေမိသည်။ မြန်ဆန်လွန်းသော အဖြစ်အပျက်များအတွက် သူမ ဘယ်လိုယုံကြည်လိုက်ရမှန် မသိ။

ရင်တစ်ခုလုံးက တင်းကြပ်ကာ အော်ငိုလိုက်ချင်ပါသော်လည်း အသံက မထွက်။ လည်ချောင်းထဲမှာ ဘာမှန်းမသိသော အစိုင်အခဲတစ်ခုက ပိတ်ဆို့ခံနေကာ မျက်ရည်တွေသာ ပါးနှစ်ဖက်ပေါ်သို့ စီးကျလာရသည်။

ဖေဖေ ... ။

ဖေဖေ ဒီလိုပဲ ထွက်သွားတော့မှာလား။ သမီးကို ဘယ်လို အကြောင်းပြချက်မှ မပေးဘဲနဲ့ ဒီလိုပဲ ပြီးစလွယ် ထွက်သွားရအောင် ... ။

ဖေဖေ မကောင်းဘူး ... ။ ဖေဖေ မကောင်းဘူး ... ။

သမီး ယုံကြည်ထားတဲ့၊ သမီး လေးစားဂုဏ်ယူအားထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ဒီလိုလူမျိုးမှ မဟုတ်တာ။ အမြဲတမ်း ဖေဖေက သမီးရှေ့မှာ ရပ်တည်ကာကွယ်ပေးခဲ့တာလေ။ အခုတော့ သမီးကို ပြဿနာပေါင်းများစွာကြားမှာ ပစ်စလက်ခတ် ထားပစ်ခဲ့ပြီလား။

မဟုတ်ဘူး ...။ ဒါက ဖေဖေ မဟုတ်ဘူး။ ကျွန်မ ဖေဖေက ဒီလိုခေါင်းရှောင်တတ်တဲ့ လူစားမျိုးမဟုတ်ပါဘူး။ ထပါဦး ဖေဖေရယ်။ သမီးကို ဖြေရှင်းချက် ထပေးပါဦး။ သမီးကို ဖြေရှင်းချက် ထပေးပါဦး။

တစ်ယောက်တည်း ဆောက်တည်ရာမရဖြစ်နေရင်းကနေ သူမသည်လည်း ကြမ်းပြင်ပေါ်သို့ ခွေခနဲလဲကျကာ သတိလစ်သွားရလေတော့သည်။

♥ ♥ ♥



## အခန်း(၁၃)

ဒီနေ့ ဦးမင်းညီ အချုပ်မှ လွတ်လာခဲ့လေသည်။ လူသတ်မှုအတွက် အဖြေပေါ်သွားခဲ့ပြီမို့ ကွင်းလုံးကျွတ် လွတ်လာခဲ့တာဖြစ်သည်။

ဦးမင်းညီ၊ ဒေါ်သရဖီနှင့် ညိုမင်းမောင်တို့က ဧည့်ခန်းထဲမှာ ထိုင်နေကြတုန်းမှာပင် သူတို့အိမ်တံခါးဝမှာ လူတစ်ယောက် လာရပ်လေသည်။ ရောက်လာသူက ခပ်ငယ်ငယ် လူငယ်တစ်ယောက်ပင် ဖြစ်ကာ ညိုပြာနှင့် မတိမ်းမယိမ်း အရွယ်လောက်ဖြစ်သည်။

"ကျွန်တော် ခဏလောက် ဝင်လာခဲ့လို့ ရမလား ခင်ဗျာ"

"သြော် ... ဘာကိစ္စရှိလို့လဲ မသိဘူး၊ လာပါကွယ်"

ဒေါ်သရဖီ စကားအဆုံးမှာပင် လူငယ်က အိမ်ထဲဝင်လာကာ လွတ်နေသည့် ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်၏။ ပြီးတော့မှ အားလုံးတို့တစ်ချက် ဝေ့ဝဲကြည့်ပြီးနောက် သူ့အကြည့်က ညိုမင်းမောင်ဆီမှာ ဆုံသွားကာ ...

"ဟို ... ကျွန်တော့်နာမည် ချစ်သွေးပါ အစ်ကို၊ အစ်ကို့ဆီကို ညိုပြာ့ဓာတ်ပုံတွေ လာလာပို့ပေးခဲ့တဲ့ တစ်ယောက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်သွေး စကားအဆုံးမှာတော့ ညိုမင်းမောင်၏ မျက်ခုံးတွေက အပေါ်ကို ပင့်တက်သွားရလို ဦးမင်းညီနှင့် ဒေါ်သရဖီတို့လည်း အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"ဪ ... အစ်ကိုဆီကို ဓာတ်ပုံတွေ လာပို့ပေးခဲ့တာ ညီလေးလား"

"ဟုတ်ကဲ့ ... ကျွန်တော် လာပို့ပေးခဲ့တာပါ"

ညိုမင်းမောင်က ကျေးဇူးတင်သော အပြုံးမျိုးဖြင့် တစ်ချက် ပြုံးပြလိုက်ပြီးနောက် ...

"ကျေးဇူးတင်ပါတယ် ညီလေးရာ၊ တကယ် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ညီမလေးနဲ့ ညီလေးက ဘယ်လိုပတ်သက်နေတာလဲ"

ညိုမင်းမောင့် စကားအဆုံး ချစ်သွေးက သက်ပြင်းတစ်ခုကို ချကာ မျက်လွှာခဏချသွားသည်။ ခဏနေမှ ခေါင်းပြန်မော့လာကာ ...

"ကျွန်တော် အဲဒီဒီကိစ္စတွေကို ပြောပြချင်လို့ လာခဲ့တာပါ"

ဟုဆိုကာ စကားစကို ဖြတ်ထားလိုက်ပြန်ကာ အားလုံးကို တစ်ချက် ဝေ့ဝဲကြည့်လိုက်ပြန်၏။

"ကျွန်တော်က ဓာတ်ပုံဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်ပါတယ် အစ်ကို၊ တစ်နေ့ကျတော့ မင်းသမီး ညိုပြာက ကျွန်တော်တို့ ဓာတ်ပုံဆိုင်မှာ မဂ္ဂဇင်းကာဘာတစ်ခုအတွက် ဓာတ်ပုံလာရိုက်ရင်းကနေ ကျွန်တော်နဲ့ ခင်သွားပါတယ်၊ နောက်တော့ သူက ကျွန်တော့်ကို အပြင်ဆိုင် တစ်ဆိုင်မှာ ချိန်းပြီးတော့ အလုပ်တစ်ခု အပ်ပါတယ် အစ်ကို၊ အဲဒါက ဘာလဲဆိုတော့ သူနဲ့ ဦးမြင့်ဆောင် ဆိုတဲ့ လူကြီး အပြင်တစ်နေရာရာကို သွားမယ်ဆိုရင် ကျွန်တော်က အဲဒီနေရာမှာ ကြိုစောင့်နေပြီး ဦးမြင့်ဆောင် မသိအောင် သူနဲ့





ဦးမြင့်ဆောင်တို့ရဲ့ တည်ရှိနေမှုကို ဓာတ်ပုံမှတ်တမ်းတင်ခိုင်းတဲ့ အလုပ်ပါ အစ်ကို၊ ဒါပေမယ့် သူ ဘာ့ကြောင့် အဲဒီလို လုပ်ခိုင်းတယ်ဆိုတာကိုတော့ ပြောမပြပါဘူး၊ ကျွန်တော်က ဆင်းရဲပါတယ် အစ်ကို၊ မိခင်မုဆိုးမကြီး တစ်ယောက်ကို လုပ်ကျွေးနေရတာပါ၊ ကျွန်တော့် မေမေကလည်း ကျန်းမာရေးမကောင်းတော့ ငွေအမြဲ လိုနေတာလေ၊ မညိုပြာကလည်း ကျွန်တော့်ကို မက်လောက်စရာ ငွေကြေးနဲ့ ကမ်းလှမ်းလာတယ်၊ ပြီးတော့ လက်ရှိအလုပ်ကိုလည်း မထိခိုက်ဘဲ ခဏတစ်ဖြုတ် တစ်ခါတစ်ရံ လုပ်ပေးရတဲ့ကိစ္စဖြစ်တဲ့ အတွက် အကြောင်းအရင်း မယ်မယ်ရရ မသိရဘဲ မညိုပြာ ကမ်းလှမ်းတဲ့ အလုပ်ကို လက်ခံပြီး လုပ်ပေးဖြစ်ခဲ့ပါတယ်၊ ပြီးတော့ မညိုပြာက အဲဒီ ရိုက်လို့ရတဲ့ ဓာတ်ပုံတွေကိုလည်း ကျွန်တော်ကပဲ ထိန်းသိမ်းပေးထားပါဆိုလို့ ကျွန်တော် သိမ်းထားခဲ့တာပါ"

ဒေါ်သရဖီမှ ရှိုက်သံတစ်ချက် ထွက်လာသဖြင့် ချစ်သွေးက စကားစကို ခဏဖြတ်ထားလိုက်သည်။ ဒေါ်သရဖီက ပါးပေါ်က မျက်ရည်ကို တစ်ချက်သုတ်လိုက်ပြီးနောက် သူမကိုယ်သူမ ပြန်ထိန်းချုပ်လိုက်ကာ ...

"ဆက်ပြောပါ သားရယ်၊ ဆက်ပြောပါ ..."

ဟု ဆို၏။ ဒီတော့မှ ချစ်သွေးက စကားကို ဆက်ပြောလာသည်။

"ဒါပေမယ့် ရုတ်တရက် မညိုပြာ ဆုံးသွားတယ်ဆိုတဲ့ သတင်းကို ကြားလိုက်ရတော့ ကျွန်တော် အရမ်းအံ့သြသွားခဲ့ရတယ် အစ်ကို၊ ပြီးတော့ မညိုပြာဟာ သာမန်သေဆုံးတာ မဟုတ်ဘဲ စပွန်ဆာအား



www.burmeseclassic.com

www.burmeseclassic.com



လို့ ဖခင်က ဒေါသထွက်ပြီး သတ်ပစ်လိုက်တာဆိုတဲ့ သတင်းကို ကြားလိုက်တော့ ကျွန်တော် အရမ်းတုန်လှုပ်သွားတယ်၊ ဒီတော့မှ ကျွန်တော် စဉ်းစားလို့မရတဲ့ အခြေအနေတစ်ခုကို စဉ်းစားလို့ ရသွားခဲ့တယ် အစ်ကို၊ အဲဒါက ဘာလဲဆိုတော့ ဦးမြင့်ဆောင်ဟာ မညိုပြာရဲ့ စပွန်ဆာပဲ ဆိုတာကိုပေါ့၊ ပြီးတော့ ကျွန်တော်တစ်ဆက်တည်း ဆက်ပြီးတော့ တွေးလိုက်မိတာက ဦးမင်းညီဟာ ဖခင်တစ်ယောက် ဖြစ်ပါရက်နဲ့ ဘယ်လောက်ပဲ ဒေါသထွက်ပါစေ၊ ကိုယ့်သားသမီး တစ်ယောက်လုံးကိုတော့ ရက်ရက်စက်စက် မသတ်နိုင်ကောင်းဘူးလို့ပေါ့၊ ဒါပေမယ့် ဦးမြင့်ဆောင် သတ်လိမ့်မယ်လို့လည်း ကျွန်တော် မတွေးတတ်ခဲ့ပါဘူး အစ်ကို၊ ကျွန်တော့်အထင်တော့ မညိုပြာက ဒီဓာတ်ပုံတွေနဲ့ ဦးမြင့်ဆောင်ကို ချုပ်ကိုင်ဖို့ ရည်ရွယ်ခဲ့ဟန်တူပါတယ်"

ညီမလေးရယ် ... ဘယ်လိုစိတ်ကူးအတွေးတွေနဲ့များ ဒီလို လုပ်ရပ်တွေကို လုပ်ခဲ့တာလဲ။ ပြီးတော့ ဘယ်ဝဋ်ကြွေးတွေကြောင့်များ ကိုယ့်ညီမလေးကျမှ ဒီလိုတွေ့ကြုံခဲ့ရတာလဲ ညီမလေးရယ်။

"ဒါပေမယ့် ကျွန်တော် စဉ်းစားကြည့်တော့ ကျွန်တော့်မှာ ရှိတဲ့ ပုံတွေဟာ မညိုပြာရဲ့ အမှုကို တစ်ခုခုတော့ အထောက်အပံ့ပေးနိုင်တယ်ဆိုတဲ့ အတွေးနဲ့ အစ်ကို့ဆီကို ကျွန်တော် ဓာတ်ပုံတွေ လာလာပေးခဲ့တာပါ၊ အဲဒီလိုပေးပေမယ့်လည်း ကျွန်တော် လူလုံးတော့ ထွက်မပြရဲခဲ့ဘူး အစ်ကို၊ အမှုက ရှုပ်ထွေးနေတော့ ကျွန်တော့်ကို အမှုလာပတ်လာမှာ ကျွန်တော် အရမ်းကြောက်ခဲ့တယ်၊ ပြီးတော့ ကျွန်တော့်မှာက ရောဂါသည် အမေကြီးနဲ့လေ၊ ကျွန်တော်သာ





တစ်ခုခုဖြစ်ခဲ့မယ်ဆိုရင် ကျွန်တော့်အမေကို ဘယ်သူက ကြည့်ရှုစောင့်ရှောက်မှာတဲ့လဲ၊ အဲဒါကြောင့် ကျွန်တော် နောက်ကွယ်ကနေပဲ ပုံတွေပို့ပေးခဲ့တာပါ အစ်ကို၊ ကျွန်တော့်ကို နားလည်ပေးပါနော်"

"နားလည်ပါတယ် ညီလေးရယ်၊ အစ်ကို နားလည်ပါတယ်၊ ပြီးတော့ ကျေးဇူးလည်း အများကြီးတင်ပါတယ်၊ ညီလေးသာ အဲဒီ ဓာတ်ပုံတွေကို လာမပေးခဲ့ဘူးဆိုရင် ကိုယ့်ညီမလေးရဲ့ အမှုက အခုထိ တရားခံအစစ်အမှန်ကို ဖော်ထုတ်နိုင်ခဲ့မှာ မဟုတ်ဘူး၊ ကျေးဇူးတင်ပါတယ် ညီလေးရယ် ... နော်"

"ဟုတ်ကဲ့ ... ရပါတယ်၊ ပြီးတော့ ..."

ပြောရင်း ချစ်သွေးက သူလွယ်ထားသည့် ဘေးလွယ်အိတ်ထဲမှ စာအိတ်ညိုတစ်ခုကို ထုတ်ယူကာ ပေးလာရင်း ...

"ဒါတွေက ကျွန်တော့်ဆီမှာ မညိုပြာနဲ့ ပတ်သက်ပြီးတော့ ကျန်နေသေးတဲ့ ဓာတ်ပုံတွေပါ၊ အမှုအတွက် မလိုတော့ဘူး ဆိုပေမယ့်လို့ ကျွန်တော် သိမ်းထားစရာ မလိုတော့ဘူးထင်လို့ပါ ..."

ဟု ပေးလာသော ညီမင်းမောင်က ချစ်သွေး လက်ထဲမှ ဓာတ်ပုံထုပ်ကို လက်ပြောင်းယူလိုက်သည်။ နောက်တော့ ဓာတ်ပုံအထုပ်ကို ဒီအတိုင်းကြည့်လိုက်ရင်းမှ သက်ပြင်းမောတစ်ခုကို မှုတ်ထုတ်လိုက်မိသည်။ ဒီအချိန်မှာပဲ ချစ်သွေးဆီက စကားသံ ထပ်ထွက်လာလေသည်။

"ဒါဆို ကျွန်တော့်ကို သွားခွင့်ပြုပါဦးနော်၊ ကျွန်တော် အလုပ်ရှိသေးလို့ပါ"

"ဪ ... အေးအေး ... ညီလေး၊ ကျေးဇူးတင်ပါတယ်ကွာ နော်"

ချစ်သွေး ပြန်သွားတော့မှ ညီမင်းမောင်က ဓာတ်ပုံထုပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှ ဓာတ်ပုံတွေကို ထုတ်ယူကြည့်လိုက်မိသည်။ ဓာတ်ပုံတွေက ဦးမြင့်ဆောင်နှင့် ညိုပြာတို့ စားသောက်ဆိုင်အချို့မှာ ထိုင်နေကြသော ပုံတွေသာဖြစ်သဖြင့် ညိုမင်းမောင်က မေမေတို့ပါ ထပ်ကြည့်နေလျှင် အဟောင်းတွေအသစ်ထပ်ဖြစ်လာမည်စိုးသဖြင့် ခပ်မြန်မြန်ပဲ ကြည့်လိုက်ကာ စာအိတ်ထဲသို့ ပြန်ထည့်ဖို့လုပ်လိုက်သည်။

ဒါပေမယ့် အောက်ဆုံးနားမှာ ရောက်နေသည့် ဓာတ်ပုံတစ်ပုံကို အတွေ့မှာတော့ ညိုမင်းမောင်၏ မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားရတော့၏။

"ဟင် ..."

ဒီတစ်ခါ ဓာတ်ပုံထဲမှာကတော့ ညီမလေးနှင့် ဦးမြင့်ဆောင်တို့ နှစ်ယောက်သာမဟုတ်၊ သူတို့နှစ်ယောက်နှင့်အတူ နောက်ထပ် လူတစ်ယောက်ပါ ထပ်ပါနေ၏။

ဓာတ်ပုံထဲမှာ ပါနေသည်က မိုးနှင့်မြေ ရုပ်ရှင်ထုတ်လုပ်ရေး ပိုင်ရှင် ဦးထက်ပိုင် ...။

"ဟင် ... အဲဒါက မိုးနဲ့မြေ ထုတ်လုပ်ရေးက ဦးထက်ပိုင် မဟုတ်လား သားကြီး"

ဖေဖေက မျက်စိလျင်သည်မို့ ဓာတ်ပုံထဲက လူကို တန်းမြင်သွားလေသည်။

"ဗျာ ... ဟုတ် ... ဟုတ် ဖေဖေ ..."

သူ့စကားအဆုံး မေမေ့ဆီကပါ ငိုသံပါကြီးနှင့် စကားသံထွက်လာသည်။

"ဒါဆို ... ဒါဆို ဒီကိစ္စကြီးကို သူကပါ သိနေခဲ့တာပေါ့၊ ယုတ်





မာလိုက်ကြတာ၊ ယုတ်မာလိုက်ကြတာ၊ ငါ့သမီးလေး ... ငါ့သမီးလေး အဖြစ်ဆိုးလိုက်တာကွယ်၊ အဖြစ်ဆိုးလိုက်တဲ့ သမီးလေးရယ်"

မေမေက ဝမ်းနည်းပက်လက်ဖြစ်ကာ ထပ်မံငိုကြွေးဖို့တာဆူလိုက်သလို ဖေဖေကလည်း ထိုင်ရာကနေ ဝုန်းခနဲ ထလိုက်သည်။

"လူယုတ်မာ ... လူယုတ်မာကွာ၊ သတ်မယ် ... အဲဒီကောင်ကို အခုသွားသတ်ပြီးတော့ ထောင်ထဲဝင်မယ်ကွာ ..."

သူက ဖေဖေ့ကို သွားခွင့်မပေးဘဲ မတ်တတ်ရပ်ကာ ဖေဖေ့လက်တစ်ဖက်ကို ဖမ်းဆွဲထားလိုက်သည်။

"ဖေဖေ ... မလုပ်ပါနဲ့တော့ ဖေဖေရယ်၊ မလုပ်ပါနဲ့တော့ ..."

"လွှတ်စမ်းပါ သားရယ်၊ ဖေဖေ ဖေဖေ့သမီးအတွက် လက်တုံ့ပြန်ရမှာကို ကျေနပ်မယ် ..."

သူက လွှတ်မပေးပါ။ ဖေဖေ့ကိုသာ စိတ်မကောင်းသော အကြည့်မျိုးဖြင့် ကြည့်လိုက်ရင်းမှ ...

"မလုပ်ပါနဲ့ အဖေရယ်၊ စိတ်လျှော့လိုက်ပါ၊ သူ့မကောင်းမှုအတွက် တရားဥပဒေကပဲ အပြစ်ပေးပါလိမ့်မယ်၊ ဒီလိုအလုပ်မျိုးကို ဖေဖေထက် သားက ပိုပြီးတော့ လုပ်ချင်တာပေါ့၊ ဒါပေမယ့် သားတို့မှာ မိသားစုဆိုတာ ရှိသေးတယ်လေ၊ သားတို့ မိသားစုဘဝလေးကိုတော့ ပြန်တည်ဆောက်ရဦးမယ်လေ၊ ညီမလေး မရှိတော့တဲ့ နောက်ပိုင်းမှာ တခြား နောက်ထပ် ဘယ်မိသားစုဝင်ကိုမှ ဒီမိသားစုလေးထဲကနေ ထပ်ပဲ့ထွက်သွားမှာကို သားမလိုလားလို့ပါ ဖေဖေရယ်၊ စိတ်လျှော့လိုက်ပါနော်၊ သူ့ကို တရားဥပဒေကပဲ အရေးယူပါလိမ့်မယ်၊ သားတို့မိသားစုဘဝလေးကို ပြန်ပြုပြင်ကြကွက်လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရယ် … နော်”

သူ့စကားအဆုံး ဖေဖေက သူ့ကိုတစ်လှည့် မေမေ့ကို တစ်လှည့် ကြည့်လာသည်။ နောက်တော့ စိတ်ကို ချုပ်တည်းလိုက်ဟန် ဖြင့် သက်ပြင်းမောတစ်ခုကို ခပ်ကြမ်းကြမ်းပဲ မှုတ်ထုတ်ပစ်လိုက်ကာ …

“ဟား …”

ဟု အကျယ်ကြီးပဲ ခေါင်းမော့ကာ မရိုတင်ကဲ အော်ဟစ် လိုက်လေသည်။ ညိုမင်းမောင်ကတော့ ဓာတ်ပုံထုပ်ကိုသာ လက်တစ်ဖက် ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိ၏။

♥ ♥ ♥



ဦးလှကြိုင်က ညိုမင်းမောင်ပေးသည့် ဓာတ်ပုံများကို ကြည့်ရှု အပြီးမှာတော့ ခေါင်းတစ်ချက်ညိတ်လိုက်ကာ ဆိုသည်။

“ဒီဓာတ်ပုံတွေကို ကြည့်ခြင်းအားဖြင့် ညိုပြာ့အမှုမှာ ဦးထက်ပိုင်ဟာ ကြံရာပါ တစ်ယောက်ဖြစ်ဖို့ အများကြီး အလားအလာရှိတယ်ဗျာ့၊ စိတ်ချပါဗျာ … ကျွန်တော် ဒီအမှုကို တာဝန်ယူပေးပါ့မယ်”

“ကျေးဇူးတင်ပါတယ် ရှေ့နေကြီးရယ်၊ ကျွန်တော် အားကိုးပါတယ်။ ဒါနဲ့ ငွေနှင်းမှုန်နဲ့ရော ဆုံဖြစ်သေးလား ခင်ဗျာ”

“မဆုံဖြစ်သေးဘူးဗျ၊ ခုတလော သူလည်း ဖခင်ဆုံးထားတော့ စိတ်လေနေတယ်နဲ့ တူပါတယ်၊ တစ်လောကတော့ ချောင်းသာဘက် ခရီးထွက်သွားတယ်ပြောတယ်၊ ခုလောက်ဆိုရင်တော့ ပြန်ရောက်လောက်ရောပေါ့၊ သူလည်း သနားစရာ ကောင်းပါတယ်ဗျား၊ သူလိုက်တဲ့ အမှုမှာ ဖခင်ဖြစ်သူက မထင်မှတ်ဘဲ တရားခံဖြစ်နေတော့ တော်တော်အထိနာသွားတာပေါ့”

“ဩော် … ဟုတ်၊ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်ကို ခွင့်ပြုပါဦးနော်”



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေကြီး ဦးလှကြိုင်ဆီက ပြန်လာရာ လမ်းတစ်လျှောက်မှာတော့ သူ့ခေါင်းထဲမှာ စိုးမိုးလာသည်က ငွေနှင်းမှုန်သာ ဖြစ်သည်။ ကိုယ့်အမှုနဲ့ကိုယ် လောင်မြိုက်နေခဲ့ကြရင်းက သူမနှင့် မတွေ့ဖြစ်ခဲ့သည်မှာ သူမ အဖေ ဆုံးသည့်နေ့ကတည်းကပင် ဖြစ်သည်။

သူမ အဖေ ဆုံးတော့လည်း သူက ခဏလောက်သာ သွားကြည့်ပြီး ပြန်လာခဲ့သည်မဟုတ်ပါလား။ ပြီးတော့ ကိုယ်နှင့် မျက်နှာချင်းမဆိုင်မိတာက သူမအတွက် ပိုမို နေသာထိုင်သာရှိမည်ထင်သဖြင့် သူက လွှတ်ထားပေးလိုက်တာလည်း ဖြစ်ပါသည်။

ဘာပဲပြောပြော အခုအချိန်မှာတော့ သူမနှင့်တွေ့ဖို့ သင့်ပြီမဟုတ်ပါလား။

♥ ♥ ♥



ဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com

နှစ်ဦးသား ယှဉ်ထိုင်နေရင်းက ဘာစကားမှ မဆိုဖြစ်ကြသေးဘဲ ကန်ရေပြင်ကိုသာ အတွေးကိုယ်စီဖြင့် တိတ်တဆိတ် ငေးမောနေမိကြလေသည်။ တကယ်တော့ သူတို့နှစ်ဦး၏ ဘဝတို့သည်လည်း ငြိမ်သက်နေသည့် ကန်ရေပြင်ပေါ်ကို ခဲတစ်လုံး ကျလာသလို လှိုင်းဂယက်တွေ ထခဲ့ကြရသည် မဟုတ်ပါလား။ ကန်ရေပြင်မှာ ထသွားသည့် လှိုင်းဂယက်လေးကမှ အချိန်တိုတိုအတွင်းမှာ ပြန်လည် ပျောက်ကွယ်ကာ ငြိမ်သက်သွားနိုင်သေးသည်။ သူတို့တွေ၏ဘဝတွေမှာ ထခဲ့သည့် ဂယက်တွေကတော့ ဘယ်သောအခါမှ ငြိမ်သက်လေမည် မသိချေ။

"ငါ ... နင့်ကို တောင်းပန်ပါတယ်"

တိတ်ဆိတ်ခြင်းကို ဖြိုခွင်းကာ စတင်ထွက်လာသည့် သူ့စကားအဆုံး သူမက သူ့ဘက်ကို ငဲ့စောင်းကြည့်လာသည်။

"ဘာအတွက်လဲ ..."

"ငါ နင့်ကို ပြောခဲ့မိတဲ့ စကားတွေအတွက်ပေါ့"

ဆိုတော့ သူမက ခေါင်းကို ငြင်သာစွာ ရမ်းလိုက်ရင်း အကြည့်ကို ဟိုးအဝေးသို့ ပို့သည်။

---



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူးဟာ၊ ငါ နှင့်ကို နားလည်ပါတယ်၊ နှင့်နေရာမှာ ငါ ဆိုရင်လည်း အဲဒီလိုပဲ ပြောမိမှာပါပဲ၊ တကယ်ဆို ငါကသာ ငါ့ အဖေရဲ့ လုပ်ရပ်အတွက် နင်အပါအဝင် နင်တို့ မိသားစုအားလုံး ကို တောင်းပန်ရမှာပါ"

စကားသံက တိတ်သွားပြန်သည်။ တကယ်ဆို ဖြစ်ပျက်ခဲ့တဲ့ ကိစ္စတွေအတွက် သူမမှာ အပြစ်မရှိသလို သူ့မှာလည်း အမှားမရှိခဲ့ပါဘူး လေ။ ဒါပေမယ့်လည်း မိသားစုဝင်တွေ ဖြစ်နေတော့လည်း ...။

"ဒါထက် ဦးထက်ပိုင်ကို ဖမ်းသွားကြပြီဆို"

သူမဆီက စကားသံ ထွက်လာပြန်၏။ သူက ခေါင်းညိတ် လိုက်ရင်းက ...

"အင်း ... သူက ကြံရာပါ ဖြစ်နေတယ်လေ"

"ငါ ဘာမှ မကူညီပေးနိုင်တော့တာကို တောင်းပန်ပါတယ်နော်၊ အဲဒီအမှုတွဲကြီးထဲကို ငါထပ်မဝင်ချင်တော့လို့ပါ"

"ငါနားလည်ပါတယ်၊ နင်က လုပ်ချင်ပါတယ်ဆိုရင်တောင် ငါက ပေးမလုပ်ပါဘူး"

စကားသံက တိတ်သွားပြန်သည်။

တကယ်တော့ ဒီလို တိတ်ဆိတ်နေကြတာဟာ သူတို့ နှစ်ယောက်စလုံး၏ ရင်ထဲမှာ ပြောစရာ စကားတွေ မရှိလို့တော့မဟုတ်။ ပြောစရာစကားတွေကတော့ ရင်နဲ့မဆံ့ အောင် ရှိနေတာပါ။ သို့သော်လည်း ဘာကို ဘယ်လိုပြောရမှန်းကို မသိ တော့လောက်အောင် ဆို့နင့်နေခဲ့ကြသည် မဟုတ်ပါလား။

"နင် အဆင်ပြေရဲ့လား ..."





သူက တိတ်ဆိတ်မှုကို မှုန်းတီးစွာပင် ထပ်မံဖြိုခွင်းပစ်လိုက် ပြန်သည်။

"အဟင်း ... အဆင်ပြေတယ်လို့ ပြောရင် လိမ်ရာကျမှာပေါ့၊ ငါ အဆင်မပြေဘူး၊ ဘယ်သူနဲ့မှ မျက်နှာချင်းမဆိုင်ချင်ဘူး၊ အားလုံးနဲ့ အဝေးကြီးကို၊ ငါ့ကို ဘယ်သူမှမသိတဲ့ မျက်လုံးတွေရှိတဲ့ နေရာ တစ်ခုခုကို ထွက်သွားချင်နေတယ်၊ ဒါပေမယ့် ငါ မသွားပါဘူး၊ အဆင်ပြေသွားမှာပါ၊ အချိန်တစ်ခုတော့ လိုတာပေါ့၊ နင်ရော ..."

"ငါလည်း အဆင်ပြသွားမှာပါ၊ တစ်ချိန်ချိန်ပေါ့ ..."

တိတ်ဆိတ်သွားပြန်သည်။

မုန်းလိုက်တာ ...။

ဒီတိတ်ဆိတ်မှုကြီးကို မုန်းလိုက်တာ ...။

နှစ်ယောက်သား ဘာစကားမှ မဆိုဖြစ်ကြတော့ဘဲ အတော် ကြာသည်အထိ အတွေးကိုယ်စီဖြင့် အဝေးကို ငေးကာ ထိုင်နေမိကြပြန် သည်။

နောက်တော့ သူမက သက်ပြင်းတစ်ခုကို ခပ်သဲ့သဲ့ ကျိတ် ချလိုက်ရင်း ...

"နင့်မှာ ပြောစရာစကား ဘာရှိသေးလဲဟင်"

သူမ စကားက သူ့ရင်ကို နင့်ခနဲ ခံစားသွားရစေသည်။ ရှိတာပေါ့ ငွေနှင်းရယ် ... ငါ့ရင်ထဲမှာ နင့်ကိုပြောစရာစကားတွေ အများ ကြီး ရှိတာပေါ့။ ရှိတာမှ စတိတ် ကျောင်းသားဘဝထဲကကို ရင်ထဲမှာ ကိန်းအောင်းနေခဲ့တာပါ။ ဒါပေမယ့် ... ဒါပေမယ့်ဟာ ဒီစကားတွေကို ငါ ဘယ်တော့မှ ပြောဖြစ်တော့မယ် မထင်ပါဘူး။

www.burmeseclassic.com



နင်လည်း ကြားချင်မှာ မဟုတ်တော့ဘူးမဟုတ်လား ငွေနှင်းရယ်။

"မရှိတော့ပါဘူးဟာ ..."

လေးတွဲသော နှုတ်ခမ်းတို့ဆီမှ နာကျင်သံစွက်သော စကားလုံးတို့က ခုန်ပေါက်ထွက်သွားကြတော့သည်။

"အဲဒါဆို ငါသွားတော့မယ်နော်"

သူ့ခေါင်းညိတ်ပြမှု အဆုံး သူမက ထိုင်ရာမှ လေးတွဲစွာ ထရင်း ထွက်ခွာသွားသည်။ တစ်လှမ်း ... နှစ်လှမ်း ... သုံးလှမ်း ...။ သူမ မတ်တတ်ထရပ်လိုက်မိသည်။

"ငွေနှင်း ..."

သူ့ခေါ်သံအဆုံး သူမ၏ ခြေလှမ်းတို့က ရပ်တန့်သွားကာ သူရှိရာကို လှည့်ကြည့်လာသည်။ ဒါပေမယ့် နှုတ်ကတော့ ဘာစကားမှ ထွက်မလာ။ သူမ မျက်လုံးတို့ကသာ ဘာလဲဆိုသည့် မေးခွန်းကို မေးလာကြ၏။

သူက သူမမျက်နှာကို ငေးရီစွာ ကြည့်လိုက်မိရင်းမှ ...

"ငါ ... ငါတို့ ... သူငယ်ချင်းတွေအဖြစ်တော့ ဆက်ရှိနေကြမှာပါနော်"

သူမက ပြုံး၏။ သို့သော် သူမ အပြုံးတွေက အရင်လို အသက်မပါချေ။ သူမအပြုံးတို့၌ နာကျင်မှုတို့က နေရာယူနေခဲ့ကြပြီး သူမအပြုံးတွေကို သူ နှမြောသွားရသည်။

"အင်းပါ ... ဘာတွေပဲဖြစ်ဖြစ် ငါတို့က ထာဝရ သူငယ်ချင်းတွေပဲလေ ..."





နောက်တော့သူမက သူ့ကိုထားခဲ့ကာ သူနှင့်ဝေးရာဆီသို့ တရွေ့ရွေ့ ထွက်ခွာသွားတော့သည်။ သူသာ ခေါင်းငိုက်စိုက်ဖြင့် ခုံတန်းလျားပေါ်မှာ ထိုင်ကျန်နေခဲ့ရ၏။

ဟုတ်ပါတယ်လေ ...

ထောင့်ငါးရာ အချစ်ပန်းတွေက မဖူးပွင့်ခင်မှာ မီးလောင်သွားခဲ့မှတော့ ငါတို့ဟာ ထာဝရ သူငယ်ချင်းတွေပဲပေါ့ ...။

လူညိုချော



www.burmeseclassic.com

www.burmeseclassic.com

# ဂျူပီတာ

၁။ အောင်မေ့မြစ်လိုက်တဲ့ ပန်းသီး
(အောင်သိဂ်ီရုပ်ရှင် ဗီဒီယိုထုတ်လုပ်ရေးမှ သရုပ်ဆောင် မြတ်ကြီးဦး ရိုက်ကူးသွား
ဘွဲ့ဆက်တို့နှင့် ဗီဒီယိုရိုက်ကူးပြီး)

၂။ ငါ့အသည်းတော့ မတောတာနဲ့ (အောင်သိဂ်ီရုပ်ရှင် ဗီဒီယိုထုတ်လုပ်ရေးမှ ဝယ်ယူပြီး)

၃။ ကျူးပစ်(စ်)ရဲ့ ပြားနှစ်စင်း (အောင်သိဂ်ီရုပ်ရှင် ဗီဒီယိုထုတ်လုပ်ရေးမှ ဝယ်ယူပြီး)

၄။ အထွာထွက်ပွဲ (အောင်သိဂ်ီရုပ်ရှင် ဗီဒီယိုထုတ်လုပ်ရေးမှ ဝယ်ယူပြီး)

၅။ ဒုတိယမပြောတ်နိုး (အောင်သိဂ်ီရုပ်ရှင် ဗီဒီယိုထုတ်လုပ်ရေးမှ ဝယ်ယူပြီး)

၆။ ထဆစ်ဆစ်နာ (အောင်သိဂ်ီရုပ်ရှင် ဗီဒီယိုထုတ်လုပ်ရေးမှ ဝယ်ယူပြီး)

၇။ မီးတောက်ထဲကအချစ် (အောင်သိဂ်ီရုပ်ရှင် ဗီဒီယိုထုတ်လုပ်ရေးမှ ဝယ်ယူပြီး)

[illegible]

၈။ အလွမ်းကွန့်...အနမ်း

www.burmeseclassic.com